မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၀)

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်ရုံး

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်

(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)တီခွန်မြတ်

နာယက

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)တီခွန်မြတ်

ဥက္ကဋ္ဌ

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ)မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တာချီလိတ်မြို့နယ် နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့ကျရောက်ဖုံးလွှမ်းမှု စစ်ဆေး

နေပြည်တော် ဧပြီ ၇

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်မြို့အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့ကျရောက်ဖုံးလွှမ်းမှုနှင့် ပတ်သက်၍ တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်ဌာန ဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးက မြန်မာ-ထိုင်းနယ်နိမိတ်ဖြစ်သည့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့များတွင် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း တောင်ယာ မီးရှို့မှုများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်မှုအခြေအနေ၊ မတ်လလယ်တွင် မီးခိုးမြူငွေ့ကျရောက်မှုကြောင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ၍ လေထုညစ်ညမ်းမှု လျှော့ကျစေရေး ဆောင်ရွက်ခဲ့သည့် အစီအမံများ၊ တာချီလိတ်မြို့ ရှမ်းရိုးမကွင်းအတွင်း မီးခိုးမြူမှုန်လျှော့ပါးရေး နားနေစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများအား အသိပညာပေးဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ဆောင်မှု အခြေအနေတို့ကို တင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၆* ❐

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တာချီလိတ်မြို့နယ် နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့ကျရောက်ဖုံးလွှမ်းမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာအဖြစ် အမျိုးသားလွှတ်တော်၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ထူးခြားသည့် နေ့အပူချိန်

၇-၄-၂၀၁၉

ချောက်မြို့

၄၂ ဒီဂရီစင်တီဂရိတ်

ဘော်လခဲမြို့

၄၂ ဒီဂရီစင်တီဂရိတ်

အောင်လံမြို့

၄၁ ဒီဂရီစင်တီဂရိတ်

ကြို့ပင်ကောက်မြို့

၄၁ ဒီဂရီစင်တီဂရိတ်

C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

တန်ဖိုးရှိသည့် နိုင်ငံ့အရင်းအမြစ်

သစ်ကောင်းဝါးကောင်းမရှိသောတောကို တောနိမ့်တောပျက်ဟု ဆိုကြသည်။ တောနိမ့်တောပျက်သည် သစ်ကောင်း ဝါးကောင်း၊ သစ်ကြီးဝါးကြီးမရှိသည့်အတွက် တန်ဖိုးလည်းမရှိ။ သစ်ကောင်း ဝါးကောင်းတို့ ထူထူထပ်ထပ်၊ ပေါပေါများများ ပေါက်ရောက်သည့်တောသည်သာ တန်ဖိုးမြင့်မားသည့် တောဖြစ်သည်။

ထိုနည်းတူစွာ နိုင်ငံတစ်နိုင်ငံရှိ ပြည်သူလူထုသည်လည်း အရည်အသွေးမြင့်မားမှသာ ထိုနိုင်ငံသည် အဖိုးတန်လူသားသယံဇာတကို ပိုင်ဆိုင်ထားသည့်နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းတစ်ခု ရှိနေသည့်နိုင်ငံဖြစ်သည်ဟု ဆိုရမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အရည်အသွေးပြည့်ဝသော ပြည်သူလူထုကသာလျှင် စွမ်းဆောင်နိုင်ကြသူများဖြစ်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတိုင်းက မဖြစ်မနေ ဆောင်ရွက်ကြရသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းလည်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တစ်ဦးဖြစ်သူ တိုနီဘလဲက မိမိတို့အစိုးရအဖွဲ့အတွက် အဓိကအကျဆုံး ဦးစားပေးလုပ်ငန်းသုံးခုသည် အဘယ်နည်းဟု မိမိအား မေးလာပါက ပညာရေး၊ ပညာရေးနှင့် ပညာရေးဟူ၍သာ ဖြေလိုပါသည်ဟု ဆိုခဲ့ဖူးသည်။ အရည်အသွေး ပြည့်ဝသော လူသားအရင်းအမြစ် ပိုင်ဆိုင်နိုင်ရေးအတွက် ကျောင်းသင်ပညာရေး၊ ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးသည့် သက်မွေးဝမ်းကျောင်းပညာရေး၊ ပြည်သူများ အသိအမြင်တိုးပွားရေးစသည်ဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားအောင်ဆောင်ရွက်နိုင်မည့် အခြေခံကောင်းများကို ဖန်တီးတည်ထောင်ပေးရန်မှာ အစိုးရများကသာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ပြီး ပြည်သူတစ်ဦးချင်းစီကလည်း မိမိတို့၏အရည်အသွေးကို သင်ယူမှုဆိုင်ရာ နည်းလမ်းများဖြင့် မပြတ်ဆိုသလို မြှင့်တင်ပေးနေကြရန် လိုအပ်သည်။

သင်ယူမှုဟူ၍ဆိုရာတွင် ကျောင်းသင်အတန်းပညာရေးမျှကိုသာမက၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာဆိုင်ရာ ပညာရေးကိုလည်း အလေးအနက်ထားသင်ယူသင့်သလို ကျောင်းပြင်ပတွင်လည်း အသိပညာ၊ အတတ်ပညာများ၊ အတွေ့အကြုံဗဟုသုတများ၊ ပေါင်းသင်းဆက်ဆံမှု၊ စီမံခန့်ခွဲမှုဆိုင်ရာများ စသည်တို့ကို စာအုပ်စာပေများမှတစ်ဆင့် ရှာဖွေရယူနိုင်ကြသည်။

ယင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မိဘဆရာများသည် ကလေးများကို တိုးတက်အောင်၊ ပညာရှာတတ်အောင်၊ ပညာရှာချင်အောင် အားပေးစေလိုပါကြောင်း၊ မိဘများကိုယ်တိုင်ကလည်း အသက်ထက်ဆုံး ပညာရှာတတ်သည့် အမူအကျင့်များကိုပြကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ ပညာရှာခြင်းသည် ကျောင်းတွင် သင်ယူခြင်းကို ဆိုလိုခြင်းမဟုတ်ပါကြောင်း၊ လောကတွင် ရင်ဆိုင်ရမည့်ပြဿနာ၊ စိန်ခေါ်မှုများကို ကျော်လွှားသည့်နေရာတွင် မှန်မှန်ကန်ကန် သိက္ခာရှိရှိဖြင့် ကျော်လွှားနိုင်ရန် နည်းလမ်းများရှာခြင်းကို ဆိုလိုခြင်းဖြစ်ပါကြောင်း" စသည်ဖြင့် ပြောကြားခဲ့သည်ကို မှတ်သားမိသည်။ ပညာသင်ယူခြင်း၏ အနက်အဓိပ္ပာယ်သည် ကျောင်းတက်ခြင်းမျှသာ မကဘဲ ပိုမို၍ ကျယ်ဝန်းကြောင်းကို ညွှန်ပြခြင်းလည်း ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုပါမူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ကျန်းမာရေးနှင့် ပညာရေးတို့တွင် မူဝါဒများချမှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်ခြင်းတို့ကို အစိုးရများက မဖြစ်မနေဆောင်ရွက်ကြရသကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း မိမိတို့၏စွမ်းရည်များ မြင့်မားသည်ထက် မြင့်မားလာအောင် ဖြည့်ဆည်းလေ့ကျင့်ခြင်း၊ မိမိတို့၏ နောက်မျိုးဆက်သစ်များ၏ သင်ယူမှုကိုအားပေးခြင်း နည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ကြရမည့်ပြင်ဖြစ်သည်။ တန်ဖိုးမြင့်မားသော အရည်အချင်းပြည့်ဝလာသော လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်ပါကြောင်း။ ။

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

နေပြည်တော်ရှိ လက်လုပ်တောင်ဗောဓိဟိတကာရီအဖွဲ့က စက္ခုပါလအလှူငွေများ လှူဒါန်း

နေပြည်တော် မေ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးတွင် ရှိသည့် လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီတော်တွင် အခြေပြုထားသည့် ဗောဓိဟိတကာရီ သာသနာပြုအဖွဲ့၏ ဒုတိယခရီးစဉ်အဖြစ် လက်လုပ်တောင်မှ ဇေယျာ ဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဂမ္ဘီတိုက်နယ် မအူကုန်းကျေးရွာရှိ မဟာနေဘုရင်ဘုရားသို့ မေ ၅ ရက်က ယောဂီ အင်အား ၃၅၀ ကျော် ဘုရားဖူးခရီးနှင့် စက္ခုပါလအလှူအတွက် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားဖူးအဖွဲ့သည် ဇလွန်ပြည်တော်ပြန်ဘုရားကြီးနှင့် ဟင်္သာတမြို့ရှိ နဝဓုတင်္ဂါစာရမဟာထေရ် ဆရာတော်ဘုရားကြီးနှင့် ဗုဒ္ဓ၏စွယ်တော်၊ အံတော်များထားရှိရာ သေိကပြတိုက်သို့ ဝင်ရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။ မဟာနေဘုရင်ဘုရားကြီးသည် ဗောဓိရိပ်ငြိမ်ဆရာတော်၊ မဟာကမ္မဋ္ဌာနာစရိယ၊ အရှင်ကုန္ဒာစရိယက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလက ပင့်ဆောင်ပူဇော်ထားသည့် သစ္စာမှန်ကုန်းမြေတွင် ဉာဏ်တော် ၁၈ ပေရှိ စကျင်ကျောက် ဗုဒ္ဓဆင်းတုတစ်ဆူ ဖြစ်ကြောင်း သိရသည်။

ဗောဓိဟိတကာရီအဖွဲ့အား ဦးအောင်ဘိုဘိုဦးစီး၍ ယောဂီ ၃၅၀ ကျော်ဖြင့် အဆိုပါမဟာနေဘုရင် ဘုရားဖူးခရီးစဉ်အား စီစဉ်ခဲ့ခြင်းဖြစ်ပြီး မဟာနေဘုရင်ဘုရားကြီးတွင် ဗောဓိရိပ်ငြိမ်ဆရာတော်မှ ဆောင်ရွက်ပေးနေသည့် စက္ခုပါလအလှူတော်အတွက် အလှူငွေကျပ် ၃၁ သိန်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

လောကချမ်းသာ မဟာစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

မိုးကောင်း၌ လောကချမ်းသာ မဟာစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်မင်္ဂလာကျင်းပ

မိုးကောင်း မေ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့ကျွန်းတောရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသည့် ဉာဏ်တော် ၁၀၈ ပေရှိ လောကချမ်းသာ မဟာစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီခွဲက အဆိုပါစေတီတော်ပရဝဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရိပ်သာကျောင်းတိုက် ဆရာတော်ကြီး တိလောကာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ရိပ်သာဆရာတော် ကချင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအာစိဏ္ဏဆရာတော်ထံမှ ကိုးပါးသီလကို ခံယူဆောက်တည်ကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ထီးတော်တင်လှူမည့် စိန်ဖူးတော်နှင့် ဆက်စပ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူရာတွင် ပါဝင်သည့်ပစ္စည်းတို့ကို အလှူရှင်များနှင့် တာဝန်ရှိသူများက ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးကြိမ် လှည့်လည်အပူဇော်ခံကာ စေတီတော်ကြီးအား ရွှေထီးတော်တင်လှူခဲ့ကြသည်။

ဝင်းနိုင်(ကချင်မြေ)

ဓမ္မာစရိယ စာမေးပွဲ ပါဠိပထမပြန် စာမေးပွဲ ဆင့်မနေ့ ကျင်းပ

နေပြည်တော် မေ ၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (ဆင့်မနေ့)အဖြစ် ဖြေဆိုကြပြီး ပါဠိပထမပြန် စာမေးပွဲ (ပထမကြီး၊ ပထမလတ်) စာရင်းသွင်း သံဃာနှင့် သီလရှင်စုစုပေါင်း အပါး ၂၂၉၄၀ အနက် ၁၈၄၇ ပါး ဖြေဆိုကြ၍ ၈၂ ဒသမ ၁၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရ သည်။

သတင်းစဉ်

အငှားယာဉ်များအား အသေးစိတ်စာရင်းအချက်အလက်များ ပြုစုထားပြီး ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်နေ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အငှားယာဉ်များအား အသေးစိတ်စာရင်းအချက်အလက်များပြုစုထားပြီး ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

"ရန်ကုန်မှာပြေးမယ့် အငှားယာဉ်တွေအနေနဲ့ စီးတီးတက္ကစီမှတ်ပုံမတင်လို့ကို မရဘူး။ မတင်ရင် လိုင်စင်မပေးပါဘူး။ အငှားယာဉ်မှာ တစ်ခုခုဖြစ်ပြီဆိုရင် အမြန်ဆုံးတာဝန်ယူဖြေရှင်းနိုင်လေ ကောင်းလေပဲ။ လုယက်မှုဖြစ်တာပဲဖြစ်ဖြစ်၊ တစ်ခုခုဖြစ်ပြီဆိုရင် ဘယ်သူပိုင်လဲ၊ ဘယ်သူမောင်းနေတာလဲ။ တစ်ခါတလေ ကားတစ်စီးထဲက နေ့မောင်းတာ၊ ညမောင်းတာမတူဘူး။ ဒါမျိုးက အသေးစိတ် YRTA က စာရင်းလုပ်ထားတယ်။ သိပြီဆိုရင် ချက်ချင်းပြော ချက်ချင်းနောက်ကြောင်းလိုက်လို့ရတဲ့အတွက် ထိန်းကျောင်းရတာ လွယ်ပါတယ်" ဟု Grab Myanmar ၏ မေ ၄ ရက်က ကျင်းပသော ဒုတိယမြောက် နှစ်ပတ်လည်အခမ်းအနားတွင် ဒေါက်တာမောင်အောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်ပြေးဆွဲနေသော ဝိုင်ဘီအက်စ်ယာဉ်အစီးရေ ၄၅၀၀ ခန့်ရှိပြီး ၎င်းတို့အား ဂျီပီအက်စ်စနစ် တပ်ဆင်ထားသည့်အတွက် ရန်ကုန်ဘတ်စ်အော်ပရေတာမှတစ်ဆင့် စောင့်ကြည့်ထိန်းချုပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လမ်းအသုံးပြုသူများဖြစ်သည့် လမ်းဖြတ်ကူးသူများ၊ လမ်းဘေးဈေးဆိုင်များ၊ အနေးယာဉ်များ၊ လက်တွန်းလှည်းများသည် မော်တော်ယာဉ်မောင်းများသာမက အခြားသူများအတွက်ပါ ထိန်းသိမ်းရခက်ခဲပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အချိန်မရွေးဖြစ်ပွားနိုင်သော အရာများဖြစ်သည်။

မကြာမီကျင်းပတော့မည့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အချိန်မီသွားလာနိုင်ရေးအတွက် ယာဉ်လိုင်းပေါင်း ၇၃ လိုင်းမှ ဝိုင်ဘီအက်စ်ယာဉ် အစီးရေ ၉၇၃ စီး ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ ခရီးသည်တင်ယာဉ်မောင်းများအား အရက်သောက်ထားမှုရှိ၊ မရှိ စစ်ဆေးတိုင်းတာပြီးမှသာလျှင် မော်တော်ယာဉ်အား မောင်းနှင်ခွင့်ရှိမည်ဖြစ်သည်။ သင်္ကြန်ကာလတစ်လျှောက် YRTA စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှုအာမခံမယ့် ဖြူစင်တဲ့ဝါဒကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဧပြီ ၇

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၁ (I-11) သို့ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၇ ရက် (စနေနေ့) ထက်မစော၊ ဧပြီ ၂၈ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်းသတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဧပြီ ၇

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်-၁၉)သို့ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၇ ရက်ထက်မစော (၂၈) ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မွန်ပြည်နယ်အတွင်း လူမှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်ပြုစုရေးဌာနသို့ ရောက်ရှိ၍ ဌာနကစောင့်ရှောက်ထားသော ကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကလေးငယ်များအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးဝေခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးစောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသောခေတ္တနားခိုရာ နေရာသို့သွားရောက်၍ အစောင့်အရှောက်ခံအမျိုးသမီးများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပသော မော်လမြိုင်မြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများမှ မိဘများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်ပြုစုရေးဌာန၌ ကလေးငယ်များအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များ ပေးစဉ်။ သတင်းစဉ်

ထို့နောက် တက်ရောက်လာကြသော မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများမှ မိဘများက မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသားဦးရေ တိုးချဲ့လက်ခံပေးရေး၊ မူကြိုဆရာမဦးရေ တိုးမြှင့်ခန့်ထားရေး၊ မိခင်ဝိုင်းနှင့် မူလတန်းကြိုကျောင်းများ ဆက်စပ်နေမှု၊ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် အလုပ်ကျေးရွာသို့ ရောက်ရှိပြီး မိဘပြည်သူများအား ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention) နှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတွင် ပြည်သူများနှင့် တွေ့ဆုံကာ Early Childhood Intervention ၏ အရေးကြီးမှုအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ညှိနှိုင်းပြောကြားသည်။

ထို့နောက် ကျေးရွာတွင်ဖွင့်လှစ်ထားသော ရှေးဦးအရွယ် ကလေးသူငယ်များ ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (ECI) စင်တာမှ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးနေသူများ၏ (၅) နှစ်အောက် ကလေးများ ဖွံ့ဖြိုးမှုဆန်းစစ်ခြင်းလက်တွေ့ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ECI စင်တာတွင် ရှေးဦးအရွယ် ကလေးသူငယ်များ၏ ကိုယ်ကာယနှင့် ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအလိုက် စိစစ်လေ့ကျင့်ပေးလျက်ရှိရာ၌ အခက်အခဲဖြေရှင်းနိုင်ခြင်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု၊ အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ဘာသာစကားဖွံ့ဖြိုးမှု၊ လက်နှင့်လက်ချောင်းများ ဖွံ့ဖြိုးမှုများအတွက် အထောက်အကူပြု ပစ္စည်းများ အသုံးပြု၍ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ဤဝန်ဆောင်မှုကိုရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရှေ့ပြေးဆောင်ရွက်လျက်ရှိပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သထုံခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ရောက်ရှိပြီးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာချီလိတ်မြို့တွင် လေထုအရည်အသွေး အညွှန်းကိန်း တိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်မှု တွေ့ရှိချက်နှင့် ဆောင်ရွက်ရန်အစီအစဉ်နှင့် အခြားဆက်စပ်ဌာနများက မိမိတို့ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၌ လေထုအညွှန်းကိန်း တိုင်းတာရေးစက်အသစ်တစ်လုံး ထပ်မံဝယ်ယူပြီးပါက တာချီလိတ်မြို့နယ်၌ စက်တစ်လုံးအမြဲထားရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လေထုထဲသို့ ရေမှုန်ဖျန်းသည့် စက်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မီးခိုးမြူအများစုမှာ တောမီးလောင်ခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ မီးရှို့မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည့်အတွက် အသိပညာပေးလုပ်ငန်းများကို ပိုမိုအားထည့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မဖြစ်မနေဆောင်ရွက်ရလျှင်လည်း အလှည့်ကျဆောင်ရွက်သည့် အလေ့အထကို စည်းရုံးပညာပေးဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

တာချီလိတ်မြို့တွင် မတ် ၁၅ ရက်မှစ၍ မီးခိုးမြူငွေ့ကျရောက်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လေထုအညွှန်းကိန်း တိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် လေထုအရည်အသွေးညွှန်းကိန်း PM_{10} ၃၀၂ နှင့် ၂၇၆ အသီးသီးရောက်ရှိခဲ့ပြီး နောက်ရက်များတွင် ပြန်လည်ကျဆင်းခဲ့သော်လည်း မတ် ၃၁ ရက်တွင် ၅၀၂ ထိအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ညွှန်းကိန်း ၃၀၀ နှင့်အထက်ကို ဘေးအန္တရာယ်အရှိဆုံးအဆင့်အဖြစ် သတ်မှတ်ထားရှိသည်။ ဧပြီလပထမပတ်တွင် လေထုအရည်အသွေးညွှန်းကိန်း တဖြည်းဖြည်းလျော့ကျလာပြီး တိုင်းတာချက်များအရ လေထုအတွင်း အမှုန်ပါဝင်မှု များပြားသော်လည်း လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဆာလဖာဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်များပါဝင်မှု နည်းပါးကြောင်း သိရသည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လေထုအညွှန်းကိန်း တိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်လျက်ရှိသည့် နေရာနှင့် ရှမ်းရိုးမကွင်းအတွင်း မီးခိုးမြူမှုန် လျော့ပါးရေး နားနေစခန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား (၂၀၁၉) ကျင်းပ

နေပြည်တော် ဧပြီ ၇

ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား စတင်တည်ထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့ကို ဂုဏ်ပြု၍ နှစ်စဉ် ဧပြီလ ၇ ရက်နေ့တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ နိုင်ငံတကာကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် သီးသန့်အထူးပြု၍ အခြေခံမူ (၉)ချက်နှင့် အဓိကလုပ်ငန်းစဉ် (၂၂)ရပ် ချမှတ်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အဓိကလုပ်ငန်းစဉ်များနှင့် ကိုက်ညီအကျုံးဝင်သောဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက် လုပ်ငန်းများအတွက် ကူညီထောက်ပံ့မှုများပေးလျက်ရှိရာ မိမိတို့နိုင်ငံမှလည်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခု ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "အရည်အသွေးပြည့်ကျန်းမာရေး၊ လူတိုင်းရအောင်ဆောင်ရွက်ပေး"နှင့်အညီ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရေးကို အောင်မြင်စေရေးကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့အပြင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကိုသွားလာရခက်ခဲသော ဝေးလံခေါင်သီဒေသများအထိ နေရာဒေသတိုင်း ရရှိစေရေးအတွက် တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ INGO/NGO များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အဓိကသော့ချက်မှာ ဝန်ထမ်းအားလုံးသည် ပြည်သူ့အသံကို နားထောင်၍ ပြည်သူများဘက်မှစဉ်းစားပြီး လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအနေဖြင့်လည်း မိမိတို့တာဝန်ကျရာရပ်ရွာအတွင်း ကျန်းမာရေးစကားဝိုင်းငယ်များ ပြုလုပ်ခြင်းတို့ဖြင့် ပြည်သူ့အသံကို အလေးအနက်ထားနားထောင်၍ ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် လုပ်ငန်းများပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် အားသာချက်၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်ခြင်းများကို ဆောင်ရွက်ရန်နှင့် မိမိတို့နေရာဒေသ၊ လက်တွေ့မြေပြင်အခြေအနေများနှင့် ကိုက်ညီမည့် လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်၍ လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဗဟိုအဆင့်ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား(၂၀၁၉) တွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစဉ်။

သတင်းစဉ်

ပြည်သူ့ကျန်းမာရေးကဏ္ဍဘက်မှသာမက ကုသရေးကဏ္ဍမှလည်း တိုက်နယ်ဆရာဝန်များ၊ မြို့နယ်ဆရာဝန်များနှင့် အထူးကုဆရာဝန်ကြီးများမှသည် နီးနွယ် ကျန်းမာရေးပညာရှင်များအထိ အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် အရည်အသွေးပြည့်ဝသောကျန်းမာရေးစောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရေး တူညီသောပန်းတိုင်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုးပမ်းလုပ်ကိုင်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost မှ ဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူအသီးသီးက "တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုချင်းစီမှ ကျန်းမာရေးလုပ်ငန်းများ စွမ်းဆောင်ရည်ထူးချွန် စံပြမြို့နယ်ဆေးရုံဆု၊ စံပြတိုက်နယ်ဆေးရုံဆုနှင့် စံပြမြို့နယ်ဆု" များကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဆတ်နှင့် တာချီလိတ်မြို့နယ်များအတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကတ်ထိုက် - လွယ်ပန်တောင်း - အင်ဂိုလုံလမ်း ၃၃ မိုင် ၅ ဖာလုံ မြေသားလမ်း အကျယ်ချဲ့ခြင်းလုပ်ငန်းများနှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း (၅/၀)မိုင် ကျောက်လမ်းခင်းခြင်းလုပ်ငန်း၊ မိုင်းဆတ်မြို့နယ်အတွင်းရှိ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မိုင်းခုတ်မြို့ ပူကျဲ -မိုင်းနင်း (၂/၀)မိုင် ကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် နမ့်ပေါ်ခိုင် ၅၅ ပေတံတား တည်ဆောက်ခြင်းလုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လမ်းနှင့် တံတားများ စံချိန်စံညွှန်းနှင့်အညီ ရေရှည်တည်တံ့ကောင်းမွန်ရေး မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မိုင်းဆတ်မြို့နယ် ဝမ်ဟုန် - ဆိတ်ခြံ- ဟိုပန် - ဟိုရှက် - နားပါကော် (၄၀/၁)မိုင်အတွင်း ပေ ၃၀ အကျယ် မြေသားလမ်းချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယဝန်ကြီးသည် ဧပြီ ၅ ရက်တွင် ဒေသတင်ပြချက်အရ လိုအပ်လျက်ရှိသည့် မိုင်းဆတ်မြို့နယ် ဝမ်ဟုန် - ဆိတ်ခြံ- ဟိုပန် - ဟိုရှက် - နားပါကော် (၄၀/၁)မိုင်အတွင်းပေ ၃၀ အကျယ် မြေသားလမ်းအား မြေဖို့ခြင်း၊ လမ်းအကျယ်ချဲ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်မှာကြားပြီး မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေး၍ မိုင်းဆတ်မြို့ ဘုန်းတော်ကြီးသင် ပညာရေးသဗ္ဗညုသာသနာကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧပြီ ၆ ရက်တွင် မိုင်းဆတ်မြို့နယ်အတွင်းရှိ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လွယ်ပါရင် (၂) - မယ်ကြုတ် (၁၁/၄)မိုင်အနက် လက်ရှိဘဏ္ဍာရေးနှစ် (၃/၀)မိုင် ကျောက်ခင်းခြင်း၊ တံတားများနှင့် မြေအောက်ရေထုတ်မြောင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (ဝက်ထီးကန်) အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၃၂၁/၁၈) စည်သူတပ်ခွဲသင်တန်းဆင်းပွဲကို ဧပြီ ၅ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး နေမျိုးက ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

ခရိုင်(ပြန်/ဆက်)

တောင်ပြုန်းကျေးရွာတွင် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

မတ္တရာ ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာ ဓမ္မာရုံ၌ ဧပြီ ၆ ရက်နံနက် ၉နာရီမှ ညနေ ၃ နာရီအထိ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးသည်။

တိုင်းရင်းဆေးကုသပေးရာသို့ မန္တလေးခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်မေကြည်ဦး ဦးဆောင်၍ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်များမှ တိုင်းရင်းဆေးမှူးများသည် သွေးတိုး၊ ဆီးချို၊ လေငန်း၊ အဆစ်ရောင်၊ ထုံကျဉ်၊ အစာအိမ်၊ နှလုံး၊ အနာပေါက်၊ ရောဂါရှိသူ လူနာ ၁၀၀ ကျော်အား အခမဲ့စမ်းသပ်ကုသပေးကြသည်။

ထိုသို့ ကွင်းဆင်းကုသပေးရာ အလှူရှင် ဦးမျိုးလွင်နှင့် မိတ်ဆွေများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ အဆိုပါ တိုင်းရင်းဆေးအဖွဲ့သည် လစဉ်ကွင်းဆင်း၍ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးအား ညစာဖြင့်တည်ခင်း

ရန်ကုန် ဧပြီ ၇

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Dato' Saifuddin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နေပြည်တော်ရှိ Hilton ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တံတားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်လုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် တောင်ပိုင်းခရိုင်အတွင်းရှိ သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်ထားသော လေးလမ်းသွားသန်လျင်- သီလဝါလမ်းမကြီးအား JICA ချေးငွေဖြင့် ဆောင်ရွက်သည့် လမ်းအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့နံနက် ၈ နာရီခွဲက ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် JICA ချေးငွေဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများက သန်လျင်- သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လေးလမ်းသွား တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ လမ်းဘေးဝဲ၊ ယာ သံကူကွန်ကရစ် ရေမြောင်းအရှည် ၁၆ မီတာ မြေအောက်ခါတ်အားပေးစနစ် ပြောင်းလဲခြင်း၊ မီးပွိုင့်နှင့် လမ်းမီးခါတ်အားပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများအားလုံး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်းတို့ကို လိုက်လံရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်လျင်- သီလဝါစက်မှုဇုန်လမ်းအပိုင်းသည် ရန်ကုန်မြို့နှင့် ဆက်သွယ်ရာတွင် အဓိကအရေးပါသည့် လမ်းတစ်လမ်းဖြစ်ပြီးနိုင်ငံတကာအဆင့်မီ လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီအောင် အထူးအလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းလုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုကြပ်မတ်ရန် လိုကြောင်း၊ လုပ်ငန်းများအားလုံးပြီးစီးပါက သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့မှာဖြစ်သလို၊ ယာဉ်ကြောပိတ်ဆို့မှုများလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ဦးစားပေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လမ်းဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ လမ်းဦးစီးဌာနနှင့် JICA ချေးငွေဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများက သန်လျင်- သီလဝါစက်မှုဇုန်လမ်းအား လေးလမ်းသွားအဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် နည်းပညာဒီဇိုင်းသစ်ဖြင့် လမ်းဘေးဝဲ၊ ယာ ရေမြောင်းများ၊ လမ်းမီးပွိုင့်နှင့် လျှပ်စစ်ဆက်သွယ်ရေးနှင့် စံချိန်စံညွှန်း ပြည့်မီစွာ ပြင်ဆောင်ရွက်ထားရှိမှု၊ တံတားတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်- သီလဝါစက်မှုဇုန်လမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ယခင်တံတားဟောင်းနေရာတွင် နည်းပညာဒီဇိုင်းသစ်ဖြင့် တံတားသစ်တည်ဆောက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

(၂၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဧပြီ ၇

ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်လျက်ရှိရာ (၂၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး(The 23rd ASEAN Finance Minister's Meeting- 23rd AF MM)၊ (၅) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများအစည်းအဝေး (The 5th ASEAN Finance Minister's and Central Bank Governors' Meeting -5th AFMFM) တို့ကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်မြို့တွင် ကျင်းပသည်။ ယင်းအစည်းအဝေးများမတိုင်မီ ဧပြီ ၂ ရက်မှ ၃ ရက်အထိ အာဆီယံဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေး (ASEAN Finance Deputy Meeting - AFDM)၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN Finance and Central Bank Deputy Meeting - AFCDM)၊ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN+3 Finance and Central Bank Deputy Meeting -AFCDM+3) ပုံမှန် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလည်း ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းအဖွဲ့ တက်ရောက်သည်။

အစည်းအဝေးများတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေအပေါ် သုံးသပ်ချက်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ပုံစံအားကဏ္ဍအလိုက် ဆောင်ရွက်မှုများအပေါ် စိစစ်သုံးသပ်ပြီး စိန်ခေါ်မှုများအပေါ် ဖြေရှင်းနိုင်မည့် နည်းလမ်းများ အီလက်ထရွန်နစ်စနစ်အခြေပြုဒီဂျစ်တယ် နည်းပညာသုံးဆက်သွယ်ဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ အဆီးအတားများအား ဖြေလျှော့ပေးခြင်း၊ ဒေသတွင်းနိုင်ငံများ တစ်ပြေးညီပေါင်းစည်းပါဝင်ခြင်းဖြင့် ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းပြီး ရေရှည်တည်တံ့ခိုင်မာသည့် အားလုံးပူးပေါင်းပါဝင်သော အာဆီယံဒေသကြီးဖြစ်စေရေးဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးရက်များအတွင်း ASEAN Business Council, ASEAN EU Business Council, ASEAN US Business Council အစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များဖြစ်သော အာဆီယံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ အာမခံလုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု၊ အကောက်ခွန်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု၊ အခွန်အကောက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင် ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှစ် ၃၀ ပြည့် အထိမ်းအမှတ်ပွဲကျင်းပ

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်သို့ လာရောက်သူများကို တွေ့ရစဉ်။

မန္တလေး ဧပြီ ၇

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေး အစီအစဉ်များနှင့် ဈေးရောင်းပွဲတော်ကို အဆိုပါ တိရစ္ဆာန်ဥယျာဉ်အတွင်း ဧပြီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) အုပ်ချုပ်ရေးမှူးအဖွဲ့မှ သိရသည်။

"အများပြည်သူ ပျော်ရွှင်ဖို့အတွက် ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်။ မနှစ်ကလည်း ဒီလိုကျင်းပခဲ့ပါတယ်။ Unplugged Show ပွဲတွေ၊ မျက်လှည့်ပြပွဲတွေ၊ တိရစ္ဆာန် ကပြဖျော်ဖြေပွဲတွေ၊ ပျော်ရွှင်စရာဂိမ်းကစားနည်းများ၊ မျက်နှာဆေးရေးပန်းချီ၊ ပုဂံခေတ်ဆေးရေး ပန်းချီနဲ့ ရုပ်သေးအပြင်အဆင်အဖွဲ့တွေ ပါပါတယ်။ ဒ့ါအပြင် ဆင်တွေ၊ မြင်းတွေလည်း စီးနိုင်ပါတယ်။ ဆင်စီးခကတော့ ငွေကျပ် ၅၀၀၀ ပါ။ မြင်းပုလေးကတော့ တစ်ယောက်ကို ငွေကျပ် ၅၀၀ ပါ။ နောက်ပြီးတော့ ဈေးရောင်းပွဲတော်မှာ စားသောက်ကုန်နဲ့ အဝတ်အစားတွေလည်း ပါပါတယ်။ ဆိုင်ခန်းပေါင်း ၃၅ ခန်း စီစဉ်ပေးထားပါတယ်"ဟု Assistance Operation Manager ဦးစောအောင်ကြီးက ပြောသည်။

ပွဲတော်တွင် ဆင်၊ မျောက်၊ ဝက်ဝံတို့က ကပြဖျော်ဖြေပွဲများ၊ ပညာပေးပြခန်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ မျက်လှည့်ပြပွဲများ၊ ဆေးရေးပန်းချီများ၊ ဂီတဖျော်ဖြေပွဲများနှင့် လာရောက်လည်ပတ်သူများအတွက် တိရစ္ဆာန်အရုပ်များနှင့် ဓာတ်ပုံရိုက်လို့ရအောင် စီစဉ်ပေးထားသည်။

တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)ကို ၁၉၈၉ ခုနှစ် ဧပြီ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ် ဧပြီ ၈ ရက်တွင် နှစ် ၃၀ ပြည့်မြောက်ပြီဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)၌ တိရစ္ဆာန်အမျိုးအစား ၉၉ မျိုး ပြသထားပြီး လာရောက်အပန်းဖြေမည့် ပြည်သူများအနေဖြင့် ပိတ်ရက်မရှိ ဖွင့်လှစ်ထားကာ ဝင်ကြေးလူကြီးငွေကျပ် ၁၀၀၀နှင့် ကလေးငွေကျပ် ၅၀၀သတ်မှတ်ထားကြောင်း သိရသည်။

အောင်ဖြိုးကျော်

ရွှေစိမ်းစိုက်လို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

တက္ကသိုလ်ပွင့်သူအောင်

မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများနှင့်ပတ်သက်၍ လူတို့သည် ရေနံကို 'ရွှေမည်း'ဟူ၍လည်းကောင်း၊ ရော်ဘာ(ကြက်ပေါင်စေး)ပင်ကို 'ရွှေဖြူ' ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ယခုအခါ သဘာဝပတ်ဝန်းကျင်နှင့် လူတို့အား အကျိုးပြုနေသော ဝါးပင်ကို 'ရွှေစိမ်း'(Green Gold)ဟူ၍ ခေါ်ဝေါ်လာကြသည်။ ဝါးပင်သည် ကြီးထွားနှုန်းမြန်ဆန်သော အပင်မျိုးဖြစ်ပြီး ပညာရှင်တို့၏ လေ့လာမှုအရ တစ်ရက်လျှင် တစ်မီတာနှုန်း ကြီးထွား၍ ၁၀ နှစ်အတွင်း အကျိုးအမြတ်ပေးနိုင်စွမ်းသည့် အပင်လည်းဖြစ်သည်။

ဝါးပင်များ သဘာဝအလျောက် ပေါက်ရောက်ခြင်း

ဝါးပင်များသည် အာဖရိက၊ အမေရိက၊ အာရှနှင့် ပစိဖိတ်ဒေသများ၌ တည်ရှိသော အပူပိုင်းဇုန်၊ သမပိုင်းဇုန်နှင့် အအေးသမပိုင်းဇုန်များတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည်။ ဝါးပင်အများစုမှာ သမပိုင်းဇုန်ဒေသနှင့် အပူပိုင်းဇုန်ဒေသများ၌ ပေါက်ရောက်နေသည်သာမက ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံရှိ သမပိုင်းဇုန်များ၊ ဟိမဝန္တာတောင်တန်းနှင့် အင်ဒီး(စ်)တောင်တန်း(Andes)တို့တွင်လည်း အနည်းငယ်စီ ပေါက်ရောက်လျက်ရှိသည်။

သုတေသနပညာရှင်တို့၏ လေ့လာမှုများအရ ကမ္ဘာပေါ်၌ ဝါးတောဧရိယာ အများဆုံးတည်ရှိသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဧရိယာ ဟက်တာ လေးသန်းရှိကြောင်း သိရသည်။ ဒုတိယ ဝါးတောဧရိယာအများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ဧရိယာ ဟက်တာ ၂၉၈၀၀၀၀ နှင့် တတိယ ဝါးတောဧရိယာအများဆုံးမှာ မြန်မာနိုင်ငံဖြစ်၍ ဧရိယာ ဟက်တာ ၂၁၇၀၀၀၀ ရှိကြောင်း သိရသည်။ ဝါးပင်များသည် မြောက်လတ္တီတွဒ် ၄၆ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၄၇ ဒီဂရီအတွင်း ပေါက်ရောက်လေ့ရှိပြီး အမြင့်အားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀ နှင့် ၂၆၀၀ အတွင်း ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံ၌ မြစ်ဝကျွန်းပေါ်ဒေသ၊ အညာဒေသနှင့် တောင်ပေါ်ဒေသများပါမကျန် ဝါးပင်များ ပေါက်ကြောင်း တွေ့ရှိရသည်။

ဝါးအမျိုးအစားများနှင့် အသုံးဝင်ပုံများ

ဝါးသည် မြက်အကြီးစားတစ်မျိုးဖြစ်သည်။ ဝါးအမျိုးပေါင်းများစွာရှိသည့်အနက် ထင်ရှားသော ဝါးအမျိုးအစားအချို့မှာ ဝါးပိုးမျက်ဆန်ကျယ်၊ မျှင်ဝါး၊ ဝါးပိုး၊ ဝါးယား၊ တလကူ သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ မျှင်ဝါးဖြူ၊ ဝါးနု သို့မဟုတ် ဝါးပျဉ်း၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးဝါးနှင့် ထီးရိုးဝါး စသည်တို့ဖြစ်သည်။

ထိုဝါးများအနက် ဝါးပိုးမျက်ဆန်ကျယ်မှာ ဝါးကြီးမျိုးဖြစ်ပြီး တောတောင်ထူထပ်သောဒေသများ၌ တွေ့ရသည်။ မျှစ်ကို စားသုံးနိုင်ပြီး ဝါးဖတ်ကိုမူ ဆေးပေါ့လိပ်ဖက်နှင့် ခမောက် ပြုလုပ်ကြသည်။ ဝါးပိုးမျက်ဆန်ကျယ်မှာ အသားပါး၍ ခိုင်ခံ့မှုမရှိသော်လည်း တောင်း၊ ဖျာရက်ရာတွင်လည်းကောင်း၊ အိမ်ဆောက်ရာတွင်လည်းကောင်း လူသုံးများသည်။

မျှင်ဝါးသည် အသားထူ၍ အခေါင်းသေးပြီး အရင်း၌ ပင်လုံးသည် လုံးပတ် ခုနစ်လက်မမှ ရှစ်လက်မအထိ ကြီးသည်။ မြန်မာနိုင်ငံ၌ မျှင်ဝါးကို နေရာအနှံ့အပြား ပေါက်ရောက်နေသည်ကို တွေ့ရသည်။ အိမ်ဆောက်ခြင်း၊ ကုလားထိုင်၊ စားပွဲ၊ ဖျာ၊ တောင်း၊ ပလုံး၊ လက်ကိုင်တုတ်၊ နှီး စသည်တို့အတွက် သုံးသည်။ အထူးသဖြင့် မျှင်ဝါးသည် မာသဖြင့် ပုဆိန်ရိုး၊ ဓားရိုး၊ လှံရိုး၊ ဆောက်ရိုး၊ ဝါးချွန်နှင့် လေ့ရွက်တိုင်တို့အတွက် သုံးလေ့ရှိသည်။ မျှစ်ကို စားသုံးနိုင်ပြီး အစားအစာ ပြတ်လပ်ခေါင်းပါးသောအခါ၌ မျှင်ဝါး၏အသီးကို ဆန်အစား ချက်စားနိုင်သည်။

ဝါးပိုးဝါးသည် တောထဲတွင် ပေါက်ရောက်သော်လည်း ရှားပါးသည်။ အိမ်ခြံဝင်းနှင့် ဥယျာဉ်ထဲတွင် စိုက်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ သွားလာနေကြသော လှေကြီးများ၌ ဝါးပိုးဝါးကို ရွက်တိုင်အဖြစ် သုံးလေ့ရှိကြသည်။

ဝါးယားနှင့် တလကူ သို့မဟုတ် ဝါးနက်တို့မှာ မပေါများလှပေ။ များသောအားဖြင့် အောက်မြန်မာနိုင်ငံရှိ တောများ၏ ချောင်းကမ်းဘေးတို့တွင် အတွေ့ရများသည်။ ဝါးယားကို ပိုးမွှားများကြိုက်သည့်အပြင် ဆွေးလည်းဆွေးလွယ်၍ အသုံးပြုမှုနည်းပါးလေသည်။

အေးသော တောတောင်များတွင် ဝါးဖြူ၊ မျှင်ဖြူဝါးနှင့် ဝါးနု သို့မဟုတ် ဝါးပျဉ်းတို့ ပေါက်ရောက်ကြသည်။ ထုံးကျောက်ပေါများသော သံလွင်နှင့် စစ်တောင်းမြစ်ဖျားရှိ ချောင်းရိုးတစ်လျှောက် လျှိုများထဲတွင် ကြလို့၊ သိုက်ဝါး၊ ဝါးပျဉ်းတို့ကို တွေ့ရသည်။ ကြလို့ဝါးသည် အိမ်ဆောက်ရာတွင် အသုံးများသည်။

တင်းဝါးကိုမူ မြန်မာနိုင်ငံ၏ တောများထဲတွင် အနှံ့အပြား ပေါများစွာတွေ့ရ၏။ အဆစ်ရှည်၍ အသားပါးပြီး ပျော့ပျောင်းသည်။ တင်းဝါးသည် ဝါးမျိုးထဲတွင် အလွန်အသုံးအဝင်ဆုံးဖြစ်၍ ဝါးသုံးနိုင်သော နေရာတိုင်းတွင် တင်းဝါးကို အားထား၍ သုံးကြသည့်အပြင် မီးပုံး၊ လေတံခွန်နှင့် ဝါးအရုပ်များ ပြုလုပ်ရာ၌လည်း သုံးကြသည်။ ကောက်ညှင်းကျည်တောက်ဖုတ်သောအခါ တင်းဝါးကိုသာ အသုံးပြုရသဖြင့် ကောက်ညှင်းကျည်တောက်ဝါးဟုလည်း ခေါ်ကြသည်။ တင်းဝါးကို အိမ်ဝင်း၊ ခြံဝင်း ထဲတွင်လည်း စိုက်ပျိုးနိုင်သည်။

ရခိုင်ရိုးမတောင်တန်း တောများထဲတွင် ခရင်ဝါးကို အတွေ့ရများသည်။ သိုက်ဝါးကိုမူ နေရာအမြောက်အမြား၌ တွေ့ရသည်။ မြန်မာနိုင်ငံ၌ ကျွန်းသစ်ပေါက်သော တောတိုင်းတွင် ကြသောင်းဝါးကိုလည်းကောင်း၊ ခြောက်သွေ့သော တောင်ကုန်းများ၌ သိုက်ဝါးကြီးများကိုလည်းကောင်း တွေ့ရသည်။ ထီးရိုးဝါးကို နေရာတကာတွင် အလှအပအတွက် စိုက်ကြသည်။ ထီးရိုးဝါးသည် ထီးလုပ်ရန်နှင့် ငါးမျှားတံလုပ်ရန် အသုံးများပြီး နိုင်ငံခြားဈေးကွက်သို့လည်း တင်ပို့ကြသည်။

ဝါးပင်စိုက်ပျိုးနည်း

စိုက်ပျိုးရေးပညာရှင်တို့၏ အဆိုအရ ဝါးပင်စိုက်ပျိုးရာ၌ ပျိုးထောင်၍ စိုက်ပျိုးနိုင်သကဲ့သို့ ရှိပြီးသားဝါးရုံမှ အစို့ပေါက်ကို စနစ်တကျတူးယူပြီး စိုက်ပျိုးနိုင်ကြောင်း သိရသည်။ ဝါးအစို့ပေါက်ကိုတူးယူပြီး စိုက်ပျိုးလိုပါက မိုးမကျမီ တစ်လနှစ်လအလို (ဧပြီလ၊ မေလ)၌ တူးယူစိုက်ပျိုးရန် လိုအပ်သည်။ ယင်းအချိန်ကာလတွင် မြစ်ဖုပေါ်မှ အဖူးသည် စတင်ကြီးထွားစပြုသည်။ ယင်းကဲ့သို့ မျိုးအဖြစ်အသုံးပြုမည့် အစို့ပေါက် (Offset) သည် အသက်အားဖြင့် တစ်နှစ်သားခန့်၊ အပင်အမြင့် သုံးပေခန့်၊ အဆစ်နှစ်ဆစ်သုံးဆစ် ရှိပြီး မြစ်ဖုပါ ပါရှိရမည်ဖြစ်သည်။ အနာအဆာကင်းရမည်ဖြစ်ပြီး အမြစ်ဖျားရော အပင်ပါ မထိခိုက်မနာအောင် တူးရန်လိုအပ်သည်။

ပျိုးထောင်၍ စိုက်ပျိုးလိုပါက မျိုးပင်အဖြစ်အသုံးပြုမည့် ဝါးပင်အသက်သည် တစ်နှစ်မှ သုံးနှစ်သားအတွင်း ဖြစ်ရမည်။ ဝါးပင်သက်တမ်းကိုတွက်ရန် နောက်ဆုံးထွက်သောကိုင်းပေါ်မှ အရွက်နေရာများကို ရေတွက်၍ တစ်-ပေါင်းထည့်ရမည်။ မျိုးဝါးပင်များကိုခုတ်ယူပြီး ခြောက်မသွားစေရန် အဝတ်စကို ရေဆွတ်၍ ပတ်ထားပေးရမည်။ တစ်ရက်အတွင်း ပျိုးထောင်နိုင်အောင် စီစဉ်ရမည်။ မျိုးဝါးလုံးကို နှစ်ဆစ်ပါအပိုင်းများအဖြစ် ဓားပြတ်ပြတ်ဖြင့် ခုတ်ဖြတ်ပေးပြီး အဆစ်အပြင်ဘက်ရှိ အစွန်းသည် နှစ်လက်မ၊ နှစ်လက်မခွဲခန့်စီရှည်ရန် ပြုလုပ်ပေးရမည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသော ဝါး

အလွယ်တကူ ပြုစုပျိုးထောင်နိုင်သော ဝါးပင်များသည် လူသားတို့၏ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် ထိန်းသိမ်းပေးလျက်ရှိသည်။ ဝါးပင်သည် လေထုအတွင်းသို့ အောက်ဆီဂျင်များစွာ ထုတ်လွှတ်နိုင်စွမ်းရှိသကဲ့သို့ ကာဗွန်ကို စုပ်ယူနိုင်စွမ်းတွင်လည်း အချို့သောအပင်များထက် လေးဆအထိ ပိုများသည်။ ဝါးပင်သည် သစ်တောများထက် အောက်ဆီဂျင် ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်ပေးနိုင်သည့်အတွက် ဝါးပင်များကို စိုက်ပျိုးခြင်းအားဖြင့် လေထုသန့်ရှင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလွန် အထောက်အကူပြုလျက်ရှိသည်။

တရုတ်နိုင်ငံအပါအဝင် နိုင်ငံများစွာ၌ ဝါးပင်စိုက်ပျိုးခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းတို့၏ ကာဗွန်ထုတ်လွှတ်မှုကို ဟန်ချက်ညီနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြသည်။ ဝါးပင်၏အမြစ်များသည် ရေတိုက်စားမှုကြောင့် မြေဆီလွှာများ ရေနှင့်အတူ ပါမသွားစေရန် ထိန်းပေးနိုင်သည်။ အထူးသဖြင့် ဝါးပင်အောက်ခြေရှိမြေသားမည်းနေမှုသည် ဝါးပင်နှင့် သစ်ပင်များ မိတ်ဖက်နေမှုကို သက်သေပြနေသည်။ သစ်တော သစ်ပင်များ ရှင်သန်စေရန် လိုအပ်သော သဘာဝမြေသြဇာများကို ဝါးပင်များက အထောက်အကူပြုနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သစ်တောများ၌ ဝါးပင်နှင့် သစ်ပင်များ တွဲလျက်ပေါက်ရောက်နေခြင်းပင်ဖြစ်သည်။

တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေအတွက် သစ်တောများကို ကမ္ဘာမြေ၏ အဆုတ်ဟု တင်စားခေါ်ဝေါ်ကြသည်။ အကြောင်းမှာ ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လုပ်မှု၏ ရာခိုင်နှုန်း ၂၀ ခန့်ကို စနစ်တကျထိန်းသိမ်းထားသည့် သစ်တောများက စုပ်ယူနိုင်ခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ဝါးပင်များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် သစ်ပင်များထက် ပိုမိုဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။ ဝါးပင်သည် ဂေဟစနစ်ထိန်းသိမ်းမှုလုပ်ငန်းများဖြစ်သည့် ရေအရင်းအမြစ် ထိန်းသိမ်းပေးခြင်း၊ မြေတိုက်စားမှုကို ကာကွယ်ပေးခြင်း၊ လေပြင်းတိုက်ခတ်မှုမှ ကာကွယ်ပေးခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လွှတ်မှုကောင်းခြင်း စသည်တို့ကို အထူးပံ့ပိုးပေးသည်။ ဝါးစိုက်ခင်းနှင့် တူညီသော ဧရိယာအကျယ်အဝန်းရှိသည့် သစ်တောစိုက်ခင်းကို နှိုင်းယှဉ်ပါက ဝါးစိုက်ခင်းသည် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၀ မှ ၃၅ ရာခိုင်နှုန်း ပိုမို ထုတ်လွှတ်ပေးသည်။

ဇီဝဒြပ်ထု အများဆုံးပံ့ပိုး

မြန်မာနိုင်ငံတွင် ပဲခူးရိုးမဒေသ၊ ရခိုင်ရိုးမဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ ဝါးပင်ပေါက်ရောက်လျက်ရှိသော ဧရိယာ အကျယ်အဝန်းမှာ ၁၇၈၃၈ စတုရန်းကီလိုမီတာ ရှိသောကြောင့် ယင်းဧရိယာကြီးထဲမှ ဝါးပင်များသည် ရွက်ကြွေကိုင်းကြွေအဖြစ် ဇီဝဒြပ်ထု(Bio Mass)များကို အများဆုံး ပံ့ပိုးလျက်ရှိသည်။ တစ်နည်းအားဖြင့် ဝါးပင်သည် ၎င်း၏အလေးချိန် ၂၅ ရာခိုင်နှုန်းကို ရွက်ကြွေအဖြစ် နှစ်စဉ်ပြန်ခြွေချပေးနိုင်မှုကြောင့် ဇီဝဒြပ်ထု အများဆုံး ပံ့ပိုးပေးနိုင်ခြင်းဖြစ်ကာ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသည့် တောင်သူလယ်သမားများကို အဘက်ဘက်မှ အကျိုးပြုလျက်ရှိသည်။

ဝါးပင်သည် စိုက်ပျိုးရာတွင် အရင်းအနှီး ကုန်ကျစရိတ် သက်သာပြီး ဂရုတစိုက်ဆောင်ရွက်ပေးရန် မလိုအပ်ဘဲ ရေရှည်အကျိုးဖြစ်ထွန်း၍ ဝင်ငွေကောင်းသောကြောင့် ဝါးစိုက်ပျိုးသူ များပြားလျက်ရှိသည်။ ဝါးပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး အချိန်ကာလကြာရှည်စွာ မစောင့်ရဘဲ စိုက်ပြီးငါးနှစ်ရှိပါက အသုံးပြုနိုင်သလို ကြာမြင့်စွာ အသုံးပြုနိုင်သည်။ ၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝါးစိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၅၀၀၀၀ ခန့်အထိရှိလာကြောင်း သိရသည်။ ဝါးပင်ကို အိမ်ခြံဝင်းဘေး စိုက်ထားပါက ဝါးပင်တစ်ရုံလျှင် ကျပ်တစ်သိန်းခန့် ဝင်ငွေရှိသဖြင့် တစ်အိမ်လျှင် ဝါးပင် ၁၀ ရုံရှိလျှင် ဝင်ငွေ ကျပ် ၁၀ သိန်း ရရှိနိုင်သည်။

ဝါးပင်မှ ဝင်ငွေရရှိစေသည့် နည်းလမ်းများနှင့် ဝါး၏အသုံးဝင်ပုံများ

မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ကြီးမှူး၍ တောင်သူများဝင်ငွေတိုးစေရန် ရည်ရွယ်ပြီး အချောထည်ပြုလုပ်နည်းသင်တန်းကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ၌ ၂၀၁၇ စက်တင်ဘာလအတွင်းက ဖွင့်လှစ်ခဲ့သည်။ ထိုသင်တန်းတွင် ဝါးနှင့်ပတ်သက်သော အချောထည်ပြုလုပ်ခြင်း၊ ဝါးမှ ဝါးပေါင်းခံရည် ထုတ်ယူခြင်း၊ အဆောက်အအုံ ပြုလုပ်နည်း၊ ပရိဘောဂပြုလုပ်နည်း စသည်တို့ကို သင်ကြားပေးသည်။ ဝါးမှထုတ်လုပ်နိုင်သော ပစ္စည်းများစွာရှိရာ ဝါးမီးသွေးဖြင့်ပြုလုပ်သော ဆပ်ပြာ၊ စိုက်ပျိုးသီးနှံများကို ဖျန်း၍ရသော သီးနှံအားတိုးဆေးများနှင့် မြေသြဇာများမှာ အထူးအသုံးဝင်လှသည်။ ဝါးရွက်သည် မြေသြဇာပြုလုပ်ရန် အကောင်းဆုံးဖြစ်သကဲ့သို့ ဝါးမီးသွေးကို ခန္ဓာကိုယ်မှာကပ်ထားပါက သွေးလည်ပတ်မှုမှန်ခြင်း၊ အနံ့ဆိုးများကို စုပ်ပေးခြင်း စသည်ဖြင့် အသုံးဝင်သည်။

တရုတ်နိုင်ငံအပါအဝင် နိုင်ငံများစွာ၌ ဝါးပင်စိုက်ပျိုးခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းတို့၏ ကာဗွန်ထုတ်လွှတ်မှုကို ဟန်ချက်ညီနိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဝါးပင်အခြေခံ နောက်ဆုံးပေါ်ထုတ်ကုန်တစ်မျိုးမှာ ဝါးမှုန့်ကို ပလတ်စတစ်ကုန်ကြမ်းတို့ဖြင့်ရော၍ ဒီဇိုင်းဆန်းလှပသော ဝါးကြမ်းခင်းများ ဖန်တီးထုတ်လုပ်ခြင်းဖြစ်သည်။ ဝါးပင်သည် သဘာဝအရ ဆွေးမြည့်လွယ်သော်လည်း တရုတ်နိုင်ငံရှိ ကုမ္ပဏီတစ်ခုက ခေတ်မီနည်းပညာအသုံးပြု၍ ဝါးပင်၏ ဆွေးမြည့်ပျက်စီးခြင်းကို ဟန့်တားနိုင်စွမ်းရှိအောင် ပြုလုပ်နိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ဝါးပင်များ အလေ့ကျ ပေါက်ရောက်လျက်ရှိရာ စုစုပေါင်း ဧက ၁ ဒသမ ၇ သန်းကျော်ဖြစ်၍ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က ပထမနှင့် ဒုတိယ ဝါးစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံက တတိယ ဝါးစိုက်ပျိုးမှုအများဆုံးနိုင်ငံပင် ဖြစ်သည်။

ဝါးစိုက်ပျိုးရေးပွဲတော်

မြန်မာနိုင်ငံတွင် နေပြည်တော်၌ ဧက ၁၀၀၀ ခန့်ကျယ်ဝန်းသော ဝါးစိုက်ပျိုးရေးဇုန်တစ်ခု ထူထောင်ရန် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးသူများအသင်းက စီစဉ်ကြိုးပမ်းလျက်ရှိသည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့၏ ခွင့်ပြုချက်ရရှိရန် အသင်းက စီစဉ်လျက်ရှိသည်။ ခွင့်ပြုချက်ရရှိပါက အဆင်သင့်ဖြစ်စေရန် ဝါးတောင်သူတို့အား ဝါးပင်ဆိုင်ရာ ပညာပေးသင်တန်းများ ပို့ချလျက်ရှိသည်။ ပြည်သူ့လွှတ်တော်ကလည်း စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဦးဆောင်စီမံပေးရန် နိုင်ငံတော်အစိုးရထံ တိုက်တွန်းချက်တစ်ရပ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက အကြံပြုထားသည်။

မြန်မာနိုင်ငံ၌ ဝါးမျိုးစု ၂၂ ခုနှင့် ဝါးမျိုးစိတ် ၁၀၂ ခု ရှိသဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးသူများအသင်းအနေဖြင့် ဝါးစိုက်တောင်သူများနှင့် ပိုမိုထိတွေ့ပြီး စနစ်တကျ စီမံကိန်းချ ဆောင်ရွက်နိုင်ပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပြီး ဝါးမှနိုင်ငံခြားသုံးငွေများ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝါးစိုက်ပျိုးရေးပွဲတော်ကို ၂၀၁၈ ဇွန်လ ၁၉ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၄)၌ ကျင်းပပြုလုပ်ခဲ့သည်။ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကာ ဝါးမျိုး ၁၅ မျိုး၊ အပင်ပေါင်း ၅၆၀ ကို ရန်အောင်မြင်ကြိုးဝိုင်း သစ်တော ဦးစီးဌာနပိုင် မြေကွက်အမှတ်(၁၄)ရှိမြေ ၂ ဒသမ ၅၀ ဧက၌ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝါးစိုက်ပျိုးရေးအသင်းသားများ စုစုပေါင်း အင်အား ၁၀၀ ကျော်တို့က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဝါးတောများ မပြုန်းတီးစေရန်

ဝါးသယံဇာတသည် ရွှေစိမ်းဟု တင်စားခေါ်ဝေါ်ထားသည်နှင့်အညီ ဘက်စုံ အသုံးဝင်သော သဘာဝသယံဇာတဖြစ်ပြီး စားသောက်ကုန်မှအစ လယ်ယာသုံး၊ အိမ်သုံးပစ္စည်းများ၊ လူနေအိမ် အဆောက်အအုံများနှင့် စက်မှုကုန်ကြမ်းများအဖြစ် အသုံးဝင်သည်သာမက ဝါးစိုက်ပျိုးခြင်းက သဘာဝပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းနိုင်သဖြင့် ဝါးတောများ မပြုန်းတီးစေရန် ဝါးများကို စနစ်တကျခုတ်ယူခြင်းဖြင့်လည်း ဒေသခံများက ထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

“အလွယ်တကူ ပြုစုပျိုးထောင်နိုင်သော ဝါးပင်များသည် လူသားတို့၏ သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် ထိန်းသိမ်းပေးလျက်ရှိသည်။ ဝါးပင်သည် လေထုအတွင်းသို့ အောက်ဆီဂျင်များစွာ ထုတ်လွှတ်နိုင်စွမ်းရှိသကဲ့သို့ ကာဗွန် ကို စုပ်ယူနိုင်စွမ်းတွင်လည်း အချို့သောအပင်များထက် လေးဆအထိပိုများသည်။ ဝါးပင်သည် သစ်တောများထက် အောက်ဆီဂျင် ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်ပေးနိုင်သည့်အတွက် ဝါးပင်များကို စိုက်ပျိုးခြင်းအားဖြင့် လေထုသန့်ရှင်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလွန်အထောက်အကူပြုလျက်ရှိ”

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ထိုင်တော်မူဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၇

မွန်ပြည်နယ် ကျိုက်ထိုမြို့ဘုရားသုံးဆူတောင်ပေါ်ရှိ ရှေးဟောင်း သမိုင်းဝင် ထိုင်တော်မူ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် အောင်ပွဲမင်္ဂလာ ကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမစိုးရိမ် တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရာ ဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကိုကျင်းပရာ ဆရာတော် သံဃာတော်များက ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ပဋ္ဌာန်း ပစ္စယုဒ္ဒေသကို ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် ဆရာတော် အရှင်သူမြတ်များအား နဝကမ္မ အလှူတော်ငွေများနှင့် အရုဏ်ဆွမ်း များ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မန္တလေးမစိုးရိမ် တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူကြကာ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်ဆရာတော် ဘဒ္ဒန္တတေဇဝန္တက ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူရုပ်ပွားတော်ကြီး အောင်မြင်စွာ တည်ထားကိုးကွယ်နိုင် ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း

ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ထိုင်တော်မူဂေါတမဗုဒ္ဓမြတ်စွာဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် အောင်ပွဲမင်္ဂလာ ကုသိုလ်တော် အခမ်းအနား ကျင်းပစဉ်။

လျှောက်ထားသည်။ ထို့နောက် အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဦးအောင်စိုးက ကျေးဇူးတင်စကားလျှောက်ထားပြီး ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကယားပြည်နယ်အတွင်း ဆောက်လုပ်လျက်ရှိသော ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံများအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းငွေများကို ပေးအပ်စဉ်။

ကယားပြည်နယ်အတွင်းရှိ တည်ထားဆောက်လုပ်သည့် စေတီ၊ ဘာသာရေးအဆောက်အအုံ၊ သာသနာပြုကျောင်းနှင့် စာသင်တိုက်များအတွက် ထောက်ပံ့ငွေများပေးအပ်

လွိုင်ကော် ဧပြီ ၇

ကယားပြည်နယ်အတွင်း ဆောက်လုပ်လျက်ရှိသော ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံ ၁၅ ခုအတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၂၀ ထောက်ပံ့လှူဒါန်းခြင်းကို ဧပြီ ၅ ရက်က ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘာသာ၊ သာသနာနှင့်ပတ်သက်ပြီး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂေါပကအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာများမှ တင်ပြလာသည့် ကျောင်းပေါင်း မြောက်မြားစွာရှိသည့်အနက် စိစစ်ရွေးချယ်ပြီး ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဘာသာ၊ သာသနာနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ပေးမှုများကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြန်လည်ချပြရှင်းလင်းပေးစေလိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ရေ၊ မီး၊ လမ်း ကဏ္ဍများကိုသာ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခြင်း၊ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆောင်ရွက်ခြင်း၊ အလှူငွေလက်ခံမည့် တာဝန်ခံများက တင်ပြလိုသည်များကို တင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့က တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် ပေးအပ်လှူဒါန်းရာ အလှူငွေလက်ခံမည့် ကျောင်း ၁၅ ကျောင်းမှ တာဝန်ခံ ၃၀ တို့က လက်ခံယူကြသည်။

ထို့နောက် အလှူတော်ငွေထောက်ပံ့ပေးအပ်လှူဒါန်းခဲ့မှုအပေါ် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်နှစ်ဦးက မိမိဘာသာအလိုက် ကျေးဇူးတင်ဆုတောင်းပေးခဲ့ကြောင်း သိရသည်။

လွိုင်ကော်သား

ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) လူပုဂ္ဂိုလ်ဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း ပန္နက်တင်

နေပြည်တော် ဧပြီ ၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် ဇေယျာအောင်လမ်းနှင့် ရွှေကြာပင်လမ်းထောင့်တွင် ဆောက်လုပ်မည့် ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းအနောက်ဘက် တစ်ထပ်ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါမြေကွက်လပ်တွင် ပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ သြဝါဒါစရိယဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက သံဃာတော်များ၏ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက သတ်မှတ်ထားသော နေရာအသီးသီးတွင် သင်တန်းကျောင်းအဆောက်အဦး တည်ဆောက်မည့်နေရာတွင် ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

မောင်လူမော်

ရေနစ်မြုပ်မှုမှ လျော့ပါးသက်သာရေး ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်း ရေနုတ်မြောင်းတူးဖော်

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးအတွက် ပဲခူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ခေါင်းဆေးကျွန်းချောင်း အောက်ပိုင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်းသည် ရေနက်ကွင်းဖြစ်သည့်အတွက် နှစ်စဉ် ပဲခူးမြစ်ရေအတက်အကျ ရေဝင်ရောက်မှုနှင့်အတူ နုန်းထိုင်တိမ်ကောခြင်း၊ ကိုင်းပင်၊ မြက်ပင်၊ ရေဆူးပုပ်ပင်များ ထူထပ်စွာ ပေါက်ရောက်ခြင်းကြောင့် မိုးရာသီအတွင်း ပဲခူးမြို့ရပ်ကွက်ကြီး (၇) ရန်ကုန်-မန္တလေးကားလမ်းအထက်ပိုင်းမှ စီးဆင်းလာသောရေများ၊ ခေါင်းဆေးကျွန်းကန်မှ စီးဆင်းလာသောရေများနှင့် ကျွန်းသာယာရပ်ကွက်အတွင်းမှ စီးဆင်းလာသောရေများ ပေါင်းဆုံဝင်ရောက်လာသည့်အခါ ချောင်းအတွင်း ရေထုတ်နုတ်မှုအားနည်း၍ အဆိုပါရပ်ကွက်များ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ခံစားခဲ့ကြရသဖြင့် ခေါင်းဆေးကျွန်းချောင်း အောက်ပိုင်း ရေနုတ်မြောင်းကို ပဲခူးမြစ်နှင့် အဆုံမှ အထက်ဘက်သို့ အလျား ၀ ဒသမ ၄၇ မိုင်၊ အောက်ခြေအကျယ် ၄၅ ပေ၊ ပျမ်းမျှအနက် ၆ ပေဖြင့် မြေကြီးကျင်းပေါင်း ၄၀၀၀ ကျော် တူးဖော်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကြီးကြပ်မှုနှင့်အတူ တင်ဒါအောင်မြင်သော ပြင်ပလုပ်ငန်းရှင်ကုမ္ပဏီမှ မြေတူးစက် နှစ်စီးဖြင့် ၂၀၁၉ ခုနှစ် ဧပြီလဆန်းတွင် စတင်ဆောင်ရွက်ခဲ့ကာ ဧပြီလ တတိယပတ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်၍ ဆောင်ရွက်ပြီးပါက ပဲခူးမြို့ရပ်ကွက်ကြီး (၇) နှင့် ကျွန်းသာယာရပ်ကွက်များအတွင်း မိုးရာသီရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည် ဖြစ်သည်။

ဟိန်းထက် (ပဲခူး)

ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်း ရေနုတ်မြောင်းတူးဖော်ရေးလုပ်ငန်းခွင် တစ်နေရာ။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

ကျေပွန်စွာထမ်းဆောင်

အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် က အဖွင့်အမှာစကား ပြောကြားရာတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေနေသည့် သတင်းစာသုံးစောင်သည် တိုင်းပြည်အတွက် တန်ဖိုးရှိသော၊ အများပြည်သူကို သတင်းအချက်အလက်ပေးသော တာဝန်များကို ထမ်းဆောင်နေပါကြောင်း၊ ထိုသို့ သတင်းအချက် အလက်ပေးရာတွင် အစိုးရမှ ဆောင်ရွက်နေသည့် အကြောင်းအရာများကို ပြည်သူထံ အစီရင်ခံတင်ပြခြင်းနှင့် အရပ်ရပ်မှ ဖြစ်ပေါ်နေသည့် သတင်းများကို အများပြည်သူထံ အသိပေးခြင်းဟူသော တာဝန်နှစ်ခုကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း။

နိုင်ငံပိုင်သတင်းစာများအနေဖြင့် သတင်းစာဖတ် ပရိသတ်များ အသိပညာ၊ ဗဟုသုတများရရှိစေပြီး အများပြည်သူ၏ ဆန္ဒနှင့် တစ်သားတည်းရှိသည့် သတင်းစာများဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် ပုံနှိပ်သတင်းစာများ ဖတ်ရှုမှု လျော့နည်းကျဆင်းလာပါကြောင်း၊ ပုံနှိပ်သတင်းစာများအစား အီလက်ထရွန်နစ် စာအုပ်စာစောင်များ၊ သတင်းများကိုသာ ဖတ်ရှုမှု များလာပါကြောင်း၊ နည်းပညာပြောင်းလဲလာသည့်အတွက် သတင်းများကို အွန်လိုင်းမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ နေရာပေါင်း မြောက်မြားစွာကို ပေးပို့နိုင်ပြီး သတင်းဖြန့်ချိမှုပုံစံ ပြောင်းလဲနေပြီ ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် အနေအထားတွင် မိမိတို့သည်လည်း လိုက်ပါပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြောင်းလဲနိုင်ရန်အတွက် လိုအပ်သည်များကို ပြုပြင်ပြောင်းလဲ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာနှင့် ကျော်လွှားရမည်

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် သတင်းများ မှန်ကန်ရန်၊ မြန်ဆန်ရန်နှင့် မျှတရန်တို့အတွက် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ကြသည့်အခါ ခေတ်၏ တောင်းဆိုချက်အရ ဒစ်ဂျစ်တယ်သတင်းကဏ္ဍသည် မဖြစ်မနေ လိုအပ်လာပါကြောင်း၊ ပုံနှိပ်သတင်းစာများသည် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ပျံ့နှံ့ရန် အကန့်အသတ်ရှိသည့်အတွက် ယင်းကို ဒစ်ဂျစ်တယ် နည်းပညာနှင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆောင်ရွက်မှုသာ ထိရောက်မည်ဖြစ်သည့်အတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက သတင်းပိုင်းဆိုင်ရာ ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် Myanmar Digital News (MDN) ဒစ်ဂျစ်တယ်သတင်းစာကို စတင်မိတ်ဆက်ပေးထားပြီး ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်သတင်းစာကို အသစ်အသစ်သော နည်းပညာများအပေါ်တွင် အခြေခံပြီး လိုက်ပါပြောင်းလဲ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ နည်းပညာအသစ် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းစဉ်များကိုလည်း ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြောင်းလဲဖော်ပြရန် လိုအပ်

ထို့ပြင် လက်ရှိအချိန်တွင် ပုံနှိပ်ထုတ်ဝေနေသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ နှစ်စောင်နှင့် The Global New Light of Myanmar သတင်းစာများကိုလည်း အသွင်သဏ္ဌာန်၊ အနှစ်သာရ ပိုမိုပြည့်ဝစေရေး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ သတင်းများကိုလည်း မတူညီသော ရှုထောင့်အမြင်များဖြင့် ချဉ်းကပ်ရေးသားသည့်ပုံစံဖြင့် ပြုပြင်ပြောင်းလဲဖော်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ အသွင်သဏ္ဌာန်ကွဲပြားသည့် သတင်းစာများ ဖြစ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အလင်းသတင်းစာတိုက်မှ ပေးအပ်သည့် သတင်းထူးချွန်ဆုရရှိသူ ပိန်းဇလုပ်-သိန်းညွန့်၊ ရဲခေါင်ညွန့်နှင့် ဇင်ဦး (မြန်မာ့အလင်း)တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကြေးမုံသတင်းစာတိုက်မှ ပေးအပ်သည့် သတင်းထူးချွန်ဆု ရရှိသူ ဇော်ကြီး(ပဏ္ဍိတ)၊ ဝင်းနိုင် (ကချင်မြေ) နှင့် ဝင်းဦး (ဇေယျာတိုင်း) တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကြေးမုံသတင်းစာတိုက်မှ ပေးအပ်သည့် ဓာတ်ပုံထူးချွန်ဆုရရှိသူ စိုးညွန့်၊ မောင်ယဉ်ကျေးနှင့် အောင်မင်း (မြောင်းမြ)တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အလင်း သတင်းစာတိုက်မှ ပေးအပ်သည့် သတင်းဆောင်းပါး ထူးချွန်ဆုရရှိသူ မင်းထက်အောင် (မန်းကိုယ်ပွား) နှင့် ရှင်မင်းတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အလင်း သတင်းစာတိုက်မှ ပေးအပ်သည့် သတင်းဆောင်းပါး ထူးချွန်ဆုရရှိသူ သန်းထိုက် (လှိုင်သာယာ) နှင့် ကြေးမုံသတင်းစာတိုက်မှ ပေးအပ်သည့် ဆောင်းပါးထူးချွန်ဆုရရှိသူ ကိုရင်ဩတို့ကို လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အလင်းသတင်းစာတိုက်မှ ပေးအပ်သည့် သတင်းဓာတ်ပုံ ထူးချွန်ဆုရရှိသူ ချမ်းသာ(မိတ္ထီလာ)နှင့် သန်းဇော်မင်း (ပြန်/ဆက်)တို့ကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူများ၊ သင်တန်းထူးချွန်ဆုနှင့် ကြော်ငြာအများဆုံး ထည့်သွင်းသည့် ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးသန်းမောင်၊ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဦးကျော်ကျော်လှိုင် (Smart)နှင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) ဦးမြင့်ဆွေတို့က မုဒိတာစကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့အကျိုးပြု နိုင်ငံ့သတင်းစာ ဗီဒီယိုမှတ်တမ်းကို ပြသပြီး နှစ်ပတ်လည် အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပရာ ကံစမ်းမဲဆုကြီးများ ကံထူးသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆုများပေးအပ်ကြသည်။

နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ၁၉၇၂ ခုနှစ်တွင် သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်းအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဧပြီ ၁ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်း ဖြစ်တည်လာခဲ့ရာ ယခုဆိုလျှင် ၂၀ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် သတင်းထူးချွန်ဆုရရှိသူ ရဲခေါင်ညွန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက် ကြိုးတံတားတည်ဆောက်ပြီးစီး

မိုင်းဖြတ် ဧပြီ ၇

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် အိုက်လုံ၊ အိုက်ငို့အုပ်စုမှ ကျေးရွာများနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ထိုမှတစ်ဆင့် တောညုအုပ်စု ဆွပ်ပန်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်မည့် ကြိုးတံတားကို နမ့်လုံချောင်းပေါ်တွင် ၂၀၁၉ ခုနှစ် မတ်လဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၆ ရက်၌ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယခုအခါတွင် ကျေးရွာနေပြည်သူများ အချိန်မရွေး သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ ကြိုးတံတားကို အလှူရှင်များနှင့် လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ကျေးရွာအုပ်စုအတွက် ခွဲဝေရရှိရန်ပုံငွေ ကျပ် ၄၅သိန်းဖြင့် ကျေးရွာနေပြည်သူတို့က လုပ်အားဒါနများဖြင့် မတ်လဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ အဆိုပါ ကြိုးတံတား တည်ဆောက်ပြီးစီးသည်ဖြစ်၍ အိုက်လုံအုပ်စုမှ ဟာကြားဒီပ၊ ဟာကြားဟုန်ကျေးရွာ၊ အိုက်ငို့အုပ်စုမှ ဝမ်ပိန်းကျေးရွာများနှင့် တောညုအုပ်စုမှ ဆွပ်ပန်းကျေးရွာများရှိ လူဦးရေ ၁၄၂၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စများကို အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

"ကြိုးတံတား တည်ဆောက်တဲ့အတွက် ယခင်ကဆိုရင် ကျေးရွာတစ်ရွာနဲ့တစ်ရွာကို သွားမယ်ဆိုရင် ချောင်းထဲကတစ်ဆင့် ဝါးဖောင်၊ ဗောက္ကျတ်များ စီးပြီးသွားလာရတဲ့အတွက် အသက်အန္တရာယ်များ ဆုံးရှုံးသည်အထိ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ယခုအခါမှာ ဒီကြိုးတံတား ဆောင်ရွက်ပြီးစီးသွားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ကျေးရွာနေ ပြည်သူတွေ လူမှုဘဝများ ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်" ဟု တောညုအုပ်စု အုပ်ချုပ်ရေးမှူး ဦးယောဟန် က ပြောသည်။

သန်းထွန်းအေး(ပြန်/ဆက်)

ကျေးရွာချင်းဆက် ကြိုးတံတားကို တွေ့ရစဉ်။

ပညာရေးဟာ ပြည်သူတွေအချင်းချင်း နားလည်မှုရှိဖို့နဲ့ အတူတကွ ပူးပေါင်းနေထိုင်နိုင်ဖို့အတွက် အကောင်းမွန်ဆုံးအရာ တစ်ခုဖြစ်ပါတယ်

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidth

ဘာသာပြန်- ဒေါက်တာသာစိန်၊ ကျော်ထိုက်စိုး

မတ်လ ၃၁ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidth အား သီးသန့်တွေ့ဆုံ မေးမြန်းထားသည်များကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။

မေး။ ။သံအမတ်ကြီးတို့အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရဲ့ ပညာရေးဘတ်ဂျက် အထောက်အကူပြု အစီအစဉ်ကို ချမှတ်ထားတယ်လို့ သိရပါတယ်။ အဲဒီအစီအစဉ်က ကျွန်တော်တို့ မြန်မာပြည်သူတွေအတွက် အလွန်ပဲ ဝမ်းမြောက်စရာ ကောင်းလှပါတယ်။ အဲဒီအထောက်အကူပြု အစီအစဉ်ရဲ့အဓိကရည်မှန်းချက်တွေကို သိရှိလိုပါတယ်။

ဖြေ ။ ။ဒီအစီအစဉ်ကတော့ မြန်မာနိုင်ငံနဲ့ မိတ်ဖက်ဖြစ်ရေး လုပ်ဆောင်ရာမှာ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်လိုက်တာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမြဲ ထောက်ပံ့ပေးလျက် ရှိပါတယ်။ ယခုပညာရေးအတွက် နောက်ထပ်အထောက်အပံ့ တစ်ခုနဲ့အတူ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေရဲ့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံလိုက်တာပဲ ဖြစ်ပါတယ်။ ဒါဟာ သိသာထင်ရှားလှတဲ့ စီမံကိန်းတစ်ခုတော့ မဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနကို တိုက်ရိုက်ပံ့ပိုးလိုက်ခြင်းအားဖြင့် ဥရောပသမဂ္ဂကနေ မြန်မာနိုင်ငံကို ပံ့ပိုးကူညီသွားမှာပဲဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ ဥရောပသမဂ္ဂရဲ့ စည်းလုံးညီညွတ်မှုကို ပြသလိုက်ရုံသာမကဘဲ မြန်မာအစိုးရရဲ့ မူဝါဒရေးရာတွေမှာ အပြည့်အဝ ယုံကြည်ပံ့ပိုးပေးတာကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ဒါဟာ ဥရောပသမဂ္ဂအတွက် မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါပဲ။

မေး။ ။မြန်မာနိုင်ငံ ပညာရေးကဏ္ဍမှာ ပံ့ပိုးလိုက်တဲ့ ဒီအစီအစဉ်ဟာ ယူရို ၂၂၀ သန်းရှိပြီး ဥရောပသမဂ္ဂရဲ့ ပထမဆုံးအကြိမ်ဖြစ်တယ်လို့ သိရပါတယ်။ အင်မတန်မှ ကြီးမားထင်ရှားတဲ့ အထောက်အပံ့ဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့ ဘတ်ဂျက်ခွဲဝေမှု အစီအစဉ်ကို သိလိုပါတယ်။

ဖြေ ။ ။မြန်မာနိုင်ငံရဲ့ ပညာရေးက လိုအပ်ချက်ဟာ ရေရှည်ဖြစ်ပြီး အစိုးရကလည်း ၅ နှစ်စီမံကိန်း၊ ၁၀ နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက် ရှိပါတယ်။ ဒါကြောင့် မိတ်ဖက်ကောင်းတစ်ဦးအနေနဲ့ ဖြစ်ချင်တယ်ဆိုရင် ရေရှည် ကတိကဝတ်နဲ့အညီ ရှိရမှာပဲဖြစ်ပါတယ်။ လာမယ့် ၂ နှစ်၊ ၃ နှစ်အတွင်း မှာ နိုင်ငံရေးအခြေအနေ ဘယ်လိုပြောင်းလဲလာမလဲဆိုတာ ကျွန်တော်တို့ မသိနိုင်ပါဘူး။ သို့သော်လည်း ဥရောပသမဂ္ဂအနေနဲ့ လာမယ့် ၅ နှစ် တာကာလအထိ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကို ပံ့ပိုးသွားမှာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ လိုအပ်ချက်များစွာရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိရှိထားပါတယ်။ အရင်က ပညာရေးကို ဦးစားပေးမှု နည်းပါးခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးတောင့်တင်းတဲ့ နိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံဟာ အတတ်ပညာပိုင်း ကျွမ်းကျင်မှုအသစ်တွေ လိုအပ်ပါတယ်။ ဒီအခြေအနေကို ကျွန်တော် သိရှိထားပါတယ်။

ကျွန်တော်တို့ဟာ အပြင်လူအနေနဲ့ ဝင်ရောက်အမြတ်ထုတ်တာ မဟုတ်ပါဘူး။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုဟာ မြန်မာအစိုးရအပေါ်မှာပဲ မူတည်ပါတယ်။ ဥရောပသမဂ္ဂဟာ အခြားကဏ္ဍတွေနဲ့အပြိုင် ကူညီထောက်ပံ့မည့်အစား ပညာရေးကဏ္ဍကိုပဲ တိုက်ရိုက်ပံ့ပိုးချင်ပါတယ်။ ဒီလိုအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အဆင့်အထိ ပညာရေးစနစ်ကို မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီအစီအစဉ်ရဲ့အဓိကရည်ရွယ်ချက် ဖြစ်ပါတယ်

မေး။ ။ဥရောပသမဂ္ဂအနေနဲ့ မြန်မာ့ပညာရေးကဏ္ဍအတွက် ငွေကြေးပံ့ပိုးမှုအပြင် နည်းပညာအကူအညီပါ ပေးအပ်မယ်လို့ သိရပါတယ်။ အဲဒီပေးအပ်မယ့် နည်းပညာအကူအညီကိုလည်း သိချင်ပါတယ်။

ဖြေ ။ ။၅ နှစ်တာကာလအတွင်း ဥရောပသမဂ္ဂက ပေးအပ်မယ့် အကူအညီက စုစုပေါင်း ယူရို ၂၂၀ သန်းဖြစ်ပြီး မြန်မာ ငွေတန်ဖိုးအားဖြင့် ကျပ်ဘီလီယံ ၃၈၀ ရှိပါတယ်။ အဲဒီငွေကြေးထဲက အများစုကတော့ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းကို အကောင်အထည်ဖော်မယ့် ပညာရေးဝန်ကြီးဌာနကိုပဲ ပေးအပ်သွားမှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍက ဆရာ၊ ဆရာမတွေကို သင်တန်းပေးဖို့၊ သက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ သင်တန်းပေးဖို့နဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့အတွက် အာရှ ဖွံ့ဖြိုးရေးဘဏ်ကနေတစ်ဆင့် နည်းပညာအကူအညီ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီငွေတွေကို ထိထိရောက်ရောက် အသုံးပြုနိုင်ဖို့နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့အတွက် ကမ္ဘာ့ဘဏ်ကနေ ငွေကြေးစီမံခန့်ခွဲမှုအပေါ် ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ထို့အပြင် International IDEA ကနေတစ်ဆင့် လွှတ်တော်အမတ်တွေကိုလည်း နည်းပညာအထောက်အပံ့ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါဟာသာမန်ထောက်ပံ့မှုမဟုတ်ဘဲ ထူးခြားတဲ့ ကူညီပံ့ပိုးမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

မေး။ ။ဥရောပသမဂ္ဂအနေနဲ့ တိုင်းရင်းသားဒေသတွေက ပညာရေးအဆင့်အတန်း မြှင့်တင်ရေးအတွက် အစီအစဉ်လည်းရှိတယ်ဆိုတာ သိရပါတယ်။ အဲဒီအစီအစဉ်ကို သိလိုပါတယ်။

ဖြေ ။ ။မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေးအစီအစဉ်နဲ့ နိုင်ငံတည်ဆောက်ရေးကို တစ်ပြိုင်နက် လုပ်ဆောင်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ အနာဂတ်မျိုးဆက်တွေရဲ့ စိတ်နေစိတ်ထားတွေကို ပြောင်းလဲပစ်ဖို့ရာ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့ပေးတဲ့ အကူအညီတွေဟာ မြန်မာနိုင်ငံက ဒေသအသီးသီးမှာရှိတဲ့ ပြည်သူတွေဆီ ညီတူမျှတူ မရောက်ဘူး။ သူတို့ရဲ့ ပညာရေးအတွက် အထောက်အကူမပြုဘူးဆိုရင် မမျှတဘူးလို့ ကျွန်တော်ထင်ပါတယ်။

ဥရောပသမဂ္ဂအနေနဲ့ မြန်မာအစိုးရရဲ့မူဝါဒနဲ့အညီ အစိုးရရော၊ တိုင်းရင်းသားတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ရတာဟာ လွန်စွာပဲ အဆင်ပြေပါတယ်။ အစိုးရရဲ့မဟာဗျူဟာမှာလည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ တိုင်းရင်းသား ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ရှမ်း၊ ကချင်နဲ့ အခြားသောလူမျိုးစုများကို ပံ့ပိုးကူညီပေးဖို့ လိုအပ်ကြောင်း ဖော်ပြထားပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတစ်ခု သက်ဝင်လှုပ်ရှားလာဖို့အတွက် ကျောင်းသား၊ ကျောင်းသူတွေက နေရာဒေသမရွေး သွားရောက်ပညာသင်ကြား နိုင်ခွင့်ရှိရပါမယ်။ အဲဒါမှ တိုင်းရင်းသားအချင်းချင်း တွေ့ဆုံရင်းနှီးကျွမ်းဝင်ခွင့်ရပြီး အဲဒီကနေတစ်ဆင့် ဖက်ဒရယ်စနစ်ဆီ လျှောက်လှမ်းနိုင်မှာပဲ ဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ ဗဟိုအစိုးရကို ကူညီပံ့ပိုးတဲ့အခါမှာ သာတူညီမျှရှိဖို့ တိုင်းရင်းသားဒေသက ပညာရေးကိုလည်း တစ်ချိန်တည်း မြှင့်တင်ဖို့လိုအပ်ကြောင်း သိရှိထားပါတယ်။

မေး။ ။ဒီအစီအစဉ်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုတဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါသလား။

ဖြေ ။ ။ဟုတ်ပါတယ်။ မြန်မာမိတ်ဆွေတွေ၊ အခြားတွေ့ဆုံခဲ့ဖူးသူတွေ၊ ဝန်ကြီးတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ငြိမ်းချမ်းရေးရရှိဖို့က စိတ်နေစိတ်ထားနဲ့ပဲဆိုင်တယ်လို့ သူတို့တွေက ပြောပါတယ်။ နှစ် ၇၀ ကြာ ပြည်တွင်းစစ်အကြောင်းနဲ့ပတ်သက်ပြီး ကျောင်းသင်ခန်းစာထဲမှာ ကိုယ်ရဲ့သမိုင်းကြောင်းကိုသာ အလေးထား ဖော်ပြထားပြီး တိုင်းရင်းသားတွေရဲ့သမိုင်းကြောင်းကို မေးမှိန်အောင်ဖော်ပြထားတဲ့အတွက် ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေမှာပဲ ဖြစ်ပါတယ်။

မြန်မာလူငယ်တွေနဲ့ တွေ့တဲ့အခါမှာ သူတို့တွေဟာ သူတို့ပြည်နယ်တွေသာမက နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးနဲ့ အခွင့်အလမ်းတွေ လိုချင်ကြတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ အခုအချိန်ခါမှာ မြန်မာနိုင်ငံအနေနဲ့ တံခါးဖွင့်လှစ်ထားပြီဖြစ်တဲ့အတွက် မြန်မာလူငယ်တွေဟာ ကမ္ဘာအနှံ့ခြေဆန့်ချင်ကြပါတယ်။ ဒါကြောင့် မြန်မာလူငယ်တွေ ဒေသတွင်းသာမက ဥရောပတိုက်အထိ ပညာသင်ကြားနိုင်တဲ့ အခွင့်အရေးရရှိဖို့အတွက် မြန်မာကျောင်းသားတွေအတွက် ပညာတော်သင်ဆုတွေ တိုးချဲ့ဖော်ဆောင်လျက် ရှိပါတယ်။ ပညာရေးဟာ ပြည်သူတွေအချင်းချင်း နားလည်မှုရှိဖို့နဲ့ အတူတကွ ပူးပေါင်းနေထိုင်နိုင်ဖို့အတွက် အကောင်းမွန်ဆုံးအရာတစ်ခု ဖြစ်ပါတယ်။

မေး။ ။ပညာရေးဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ဥရောပသမဂ္ဂက စီစဉ်တဲ့ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်းပညာရေးသင်တန်း တစ်ခုရှိတယ်လို့ သိရပါတယ်။ အဲဒီသင်တန်းက ဒီအစီအစဉ်ထဲမှာ အကျုံးဝင်ပါသလား။

ဖြေ ။ ။မြန်မာနိုင်ငံအနေနဲ့ တံခါးဖွင့်ဝါဒ စတင်ကျင့်သုံးပြီး ပြင်ပကမ္ဘာက အထောက်အပံ့တွေ စတင်ရရှိချိန်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အများအပြားဟာ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်တဲ့ မူလတန်းပညာရေးအပေါ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ မူလတန်းပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ သို့သော်လည်း မိတ်ဖက်အနည်းစုကတော့ အလယ်တန်းပညာရေးနဲ့ သက်မွေးပညာတွေမှာ အာရုံစိုက်ခဲ့ပါတယ်။ ကျွန်တော်တို့တွေ့ရှိတဲ့

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidth

အချက်အလက်တွေအရတော့ ကျောင်းထွက်နှုန်းတွေ မြင့်တက်လာတာ တွေ့ရပါတယ်။

ပညာရေးအရည်အသွေးပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ပြောဆိုတာတွေရှိလာပါတယ်။ ပညာရေးဝန်ကြီးဌာနကနေ သိရတဲ့ အချက်အလက်များအရ မြန်မာနိုင်ငံရဲ့ပညာရေးဟာ လုပ်သားဈေးကွက်နဲ့ သဟဇာတမဖြစ်တဲ့ ကျွမ်းကျင်မှုကိုပဲ အလေးထားတာသိရပါတယ်။ ခေတ်အဆက်ဆက်က နိမ့်ကျခဲ့တဲ့ ပညာရေးအဆင့်အတန်းကြောင့် ယနေ့ လူငယ်အများစုဟာ အလုပ်အကိုင်ရရှိဖို့ လိုအပ်တဲ့ကျွမ်းကျင်မှုတွေ မရှိကြတော့ပါဘူး။ ဒီလူငယ်တွေကို နောက်ထပ်တစ်ခါ ပညာပြန်သင်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့်မို့ လုပ်သားဈေးကွက်မှာ ဝင်ရောက်လုပ်ကိုင်နိုင်ဖို့အတွက် ဒီလူငယ်တွေကို သက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲက ကျွန်တော်မြန်မာနိုင်ငံကို ရောက်ရှိလာပြီးတဲ့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပထမဦးဆုံး တွေ့ဆုံချိန်မှာ ဥရောပသမဂ္ဂအနေနဲ့ ဘာအကူအညီတွေပေးရမလဲလို့ ကျွန်တော်က မေးတဲ့အခါမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးကဏ္ဍကို အကူအညီပေးဖို့ ပြောကြားခဲ့ပါတယ်။ ဘယ်လိုပညာရေးမျိုးလဲလို့ ကျွန်တော်က ထပ်မေးတဲ့အခါမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သက်မွေးဝမ်းကျောင်းပညာလို့ ပြောပါတယ်။ အခုလို ကူညီရမယ့်ကဏ္ဍကို တိတိကျကျသိရလို့ ကျွန်တော်တို့ ဝမ်းမြောက်ရပါတယ်။ အသက်မွေးဝမ်းကျောင်းသင်တန်းဟာ ယနေ့မြန်မာလူငယ်တွေအတွက် ပို၍အရေးပါလာပြီဖြစ်ပါတယ်။

မေး။ ။ဒီလိုကြီးမားတဲ့ ကူညီပံ့ပိုးမှုအစီအစဉ်ဖြစ်လာဖို့ ဆိုတာ တွေ့ဆုံဆွေးနွေးမှုတွေများစွာ လိုအပ်မယ်လို့ ထင်ရပါတယ်။ ဒီအစီအစဉ်ကြီး အထမြောက်ဖို့အတွက် သံအမတ်ကြီးအနေနဲ့ ဘယ်လိုကြိုးပမ်းခဲ့ပါသလဲ။

ဖြေ ။ ။ဒီလို ကြီးမားတဲ့အစီအစဉ်တစ်ခု စနစ်တကျ အထမြောက်သွားပြီဆိုရင်တော့ မြန်မာနိုင်ငံအနေနဲ့ ၁၀ နှစ်တာ ကာလအတွင်း အထိုက်အလျောက် တိုးတက်ပြီလို့ထင်ပါတယ်။ ၁၀ နှစ်တာကာလအထိ မြန်မာနိုင်ငံရဲ့ပညာရေးကဏ္ဍဟာ ဥရောပသမဂ္ဂရဲ့အကူအညီကို လိုအပ်တော့မှာမဟုတ်ပါဘူး။ သို့သော် အခုအရပ်သားအစိုးရအနေနဲ့ အခွန်ဝင် ငွေကနေ လုံလောက်တဲ့ နိုင်ငံတော်ဘဏ္ဍာငွေ မရရှိနိုင်သေးပါဘူး။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အခွန်ငွေကနေ နိုင်ငံတော်ဘဏ္ဍာငွေ အနည်းဆုံးရရှိတဲ့ နိုင်ငံထဲက တစ်နိုင်ငံဖြစ်ပါတယ်။ အခွန်ငွေကနေ နိုင်ငံတော်ဘဏ္ဍာငွေ ၁၁ ရာခိုင်နှုန်းလောက်သာ ရရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သဘာဝအရင်းအမြစ်က ရနေတဲ့ အခွန်ငွေများစွာက တရားမဝင်ကုန်သွယ်ရေးဆီ ရောက်ရှိသွားလို့ပဲဖြစ်ပါတယ်။ ပညာရေး၊ လူမှုရေးလုပ်ငန်းများ၊ ဆေးရုံဆေးခန်းများကို ထောက်ပံ့ဖို့ ကောက်ခံရမယ့် ကျောက်မျက်နဲ့ သစ်လုပ်ငန်းက အခွန်ဝင်ငွေတွေကို ကောက်ခံနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီကိစ္စတွေဟာ သက်ဆိုင်ရာ အာဏာပိုင်များက အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာ ၁၀ နှစ် တာကာလအတွင်း မြန်မာနိုင်ငံဟာ ပြင်ပက ထောက်ပံ့မှုတွေမလိုတော့ဘဲ မိမိတို့ရဲ့ပညာရေးစနစ်ကို မြှင့်တင်နိုင်သွားမှာ ဖြစ်ပါတယ်။

ယခုအခါ မြန်မာပြည်သူတွေရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ဖို့ လိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်။ လာမယ့် ၅ နှစ်တာကာလအတွင်း ဥရောပသမဂ္ဂအနေနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှာ ပါဝင်ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်လာပြီး အမှီအခိုကင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

မေး။ ။ဒီကတိကဝတ်တွေကို အကောင်အထည် ဖော်ဆောင်နိုင်ဖို့အတွက် စည်းကမ်းချက်တွေ ဘယ်လိုသတ်မှတ်ထားပါသလဲ။

ဖြေ ။ ။မြန်မာအစိုးရကိုယ်တိုင် ချမှတ်ထားတဲ့ ပညာရေးမူဝါဒရည်မှန်းချက်တွေ ပြည့်မီအောင် ဖော်ပြပါ ငွေပမာဏကို ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ဥပမာ ပညာရေးဝန်ကြီးဌာနက ကျောင်းသုံးပုံနှိပ်စာအုပ်အသစ်တွေ ဖြန့်ချိမယ့်အချိန်မှာ ဥရောပသမဂ္ဂက ငွေထပ်မံထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေကို သင်တန်းပေးတဲ့အချိန်ကျရင်လည်း နောက်တစ်ကြိမ် ငွေထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါဟာ အကျိုးရလဒ်ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုပဲဖြစ်ပါတယ်။ ကျွန်တော်ထပ်ပြီး ပြောကြားချင်တာကတော့ ဥရောပသမဂ္ဂက ကဏ္ဍတိုင်းမှာ ငွေကြေးကူညီနိုင်တဲ့ သဘောမျိုးမဟုတ်ဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ အရေးကြီးတဲ့ စည်းကမ်းချက်ကတော့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍမှာ ဘတ်ဂျက်တိုးမြှင့်သုံးစွဲဖို့ဆိုတဲ့ ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပညာရေးကဏ္ဍ အသုံးစရိတ်ကို ၂၂ ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့တာ တွေ့ရပါတယ်။ အရင်ကထက် စာရင်တော့ ၂၂ ရာခိုင်နှုန်းဟာ များတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ မြန်မာအစိုးရအနေနဲ့ ပညာရေးကဏ္ဍအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲမှုရှိမှပဲ ဥရောပသမဂ္ဂရဲ့ ပံ့ပိုးကူညီမှုရမှာဖြစ်ပါတယ်။ ဒါဟာ အစိုးရကဖော်ဆောင်နေတဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုရဲ့ တိုးတက်မှုအချို့ပဲ ဖြစ်ပါတယ်။

မေး။ ။မြန်မာနိုင်ငံမှာ သံအမတ်ကြီးရှိနေစဉ်ကာလအတွင်း ပြောင်းလဲမှုအတိုင်းအတာနဲ့ ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန် ဘယ်လောက်ရှိတယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။မီတာ ၄၀၀ ပြေးလမ်းမှာ အားကုန်ပြေးနေတဲ့ လူတွေကိုပဲ ဥပမာပြုရရင် သူတို့တွေဟာ အားသွန်ခွန်စိုက်ပြေးလို့ ပြိုင်ပွဲကို အနိုင်ရရှိတဲ့အချိန်မှာ သူတို့ကို နောက်ထပ်ပြိုင်ပွဲတစ်ခုကို ထပ်ပြေးခိုင်းသလိုမျိုးဖြစ်နေပါတယ်။ ဒါဟာ ဘာနဲ့တူသလဲဆိုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ တူနေပါတယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုဟာလည်း အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပါပြီ။ အခုချိန်မှာ ပြုပြင်ပြောင်းလဲမှုရဲ့ အသီးအပွင့်တွေကို စတင်ခံစားကြရပါပြီ။ နောက်လာမယ့် မျိုးဆက်သစ်တွေကတော့ သူတို့ရဲ့စိတ်နေစိတ်ထားတွေကို ပြောင်းလဲဖို့ လိုအပ်မှာပဲ ဖြစ်ပါတယ်။ မြန်မာလူငယ်တွေဟာ ပွင့်လင်းမြင်သာမှုရှိရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အဂတိတိုက်ဖျက်ရေးတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ ရှုံးနိမ့်တဲ့အချိန်ရှိသော်လည်း နောက်ထပ်ပြိုင်ပွဲအတွက် အင်အားကို ပြန်လည်မွေးမြူဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးဟာ မြန်မာပြည်သူတွေ သတ်မှတ်ထားတဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်ပြီး နှစ်များစွာကြာမြင့်နိုင်တဲ့အတွက် ဥရောပသမဂ္ဂအနေနဲ့ ဒီရည်မှန်းချက်အောင်မြင်သည်အထိ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အချိန်ကာလအားဖြင့် ကြာမြင့်နေမှာပဲဖြစ်ပါတယ်။ ။

ထုတ်ပြန်ချက်တွေထုတ်ပြီး ဆောင်ရွက်ရတာက ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့သွားလာနိုင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်

ဦးစိုးနိုင်ဦး-လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)

ရန်ကုန်-မန္တလေးအမြန်လမ်းအား အသုံးပြုနေသည့် ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များ၊ Telematic စနစ် တပ်ဆင်ထားသောယာဉ်များနှင့် လိုက်ထရပ်ယာဉ်များ ကြံ့ခိုင်မှုရှိစေရန်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန် ယာဉ်လိုင်းများ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများ လိုက်နာရမည့် ထုတ်ပြန်ချက်များကို ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုယာဉ်များ၏ကြံ့ခိုင်မှု ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ထိုသို့ထုတ်ပြန်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အခြေအနေများကို သိရှိနိုင်ရန် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှလက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးနိုင်ဦး၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဇာနည်မောင်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ဦးစိုးနိုင်ဦး
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊
အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်
ကြီးကြပ်ရေးအဖွဲ့

မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းကို အသုံးပြုတဲ့ ယာဉ်တွေလိုက်နာရမယ့် စည်းကမ်းချက်တွေကို ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ထုတ်ပြန်လိုက်တာတွေ့ရပါတယ်။ ဘာကြောင့် ဒီလိုထုတ်ပြန်ရတာလဲဆိုတာနဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ သိပါရစေ။

ဖြေ။ ။ အမြန်လမ်းမှာ Express ကားတွေ၊ Mini Bus တွေ၊ ဘုရားဖူးယာဉ်တွေ၊ Telematic စနစ်တပ်ဆင်ထားတဲ့ယာဉ်တွေအတွက် စည်းကမ်းချက် အချက် ၂၀ ပါတဲ့ ထုတ်ပြန်ချက်တစ်စောင်နဲ့ လိုက်ထရပ်ယာဉ်တွေအတွက် စည်းကမ်းချက် ၁၈ ချက်ပါတဲ့ သတင်းစာတွေနဲ့ တိုးလ်ဂိတ်တွေမှာ ထည့်သွင်းကြော်ငြာထားပါတယ်။ လက်ရှိ နီးစပ်ရာယာဉ်လိုင်းတွေကို စည်းကမ်းချက်တွေ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ တိုးလ်ဂိတ်ကနေ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ။ နှစ်အလိုက် ယာဉ်မတော်တဆဖြစ်ပွားမှုနဲ့ ၂၀၁၉ အတွင်း ယာဉ်မတော်တဆမှု ဘယ်လောက်များရှိသလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမှာ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့တာကတော့ ၂၀၁၆ ခုနှစ်မှာ ၇၄၅ မှု၊ ၂၀၁၇ ခုနှစ်မှာ ၅၅၅ မှု၊ ၂၀၁၈ ခုနှစ်မှာ ၄၇၃မှု ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာတော့ မတ်လအထိ ၁၃၅ မှု ရှိပါပြီ။

မေး။ ။ Telematic စနစ်ရဲ့ လုပ်ဆောင်ချက်က ဘာတွေပါလဲ။ ဒီစနစ်တပ်ဆင်လိုက်တဲ့အတွက် ဘယ်လိုအကျိုးတွေ ရရှိနိုင်သလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ Telematic စနစ်ကို ဟင်းသီးဟင်းရွက်၊ အသားငါး၊ ပန်းစတဲ့ ပျက်စီးလွယ်တဲ့ ကုန်ကားတွေမှာ အဓိက တပ်ဆင်ထားပါတယ်။ အချို့ Express တွေမှာလည်း အလုပ်လုပ်ချိန်နဲ့ မောင်းနှင်ချိန်တွေကို ပြန်လည်ကြည့်ရှုနိုင်မယ်။ Mobile Application အသုံးပြုပြီး ယာဉ်ပိုင်ရှင်တွေက မိမိတို့ရဲ့ မော်တော်ယာဉ်တွေကို စီမံခန့်ခွဲနိုင်မယ်။ Traffic Command and Control Center က စည်းကမ်းလိုက်နာမှုမရှိတဲ့ ယာဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ယာဉ်မောင်းထံသို့ ဆက်သွယ်သတိပေးနိုင်မယ်။ အရေးပေါ်အခြေအနေတွေမှာ စောင့်ကြည့်ထိန်းချုပ်တဲ့ Command Center ကို Panic Button (အရေးပေါ်ခလုတ်နှိပ်ခြင်းဖြင့်) ဆက်သွယ်နိုင်မယ် စတဲ့အကျိုးတွေ ရှိမှာဖြစ်ပါတယ်။

မေး။ ။ ပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးမယ်ဆိုတော့ ဘယ်အဖွဲ့တွေ ပူးပေါင်းပါဝင်ကြမလဲ ဆိုတာ သိပါရစေ။

ဖြေ။ ။ ပူးပေါင်းအဖွဲ့မှာ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့က (အဖွဲ့ခေါင်းဆောင်) အနေနဲ့ဆောင်ရွက်ပါမယ်။ နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနဲ့ ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့၊ အမြန်လမ်းကြက်ခြေနီအဖွဲ့စတဲ့ အဖွဲ့တွေက ပါဝင်ကြမှာဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိ တိုးလ်ဂိတ်တစ်ခုအား တွေ့ရစဉ်။

ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ထားပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆဖြစ်ပွားမှုလျော့ကျပြီး ခရီးသွားပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

မေး။ ။ ထုတ်ပြန်ချက်မှာပါတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာမှု ရှိ၊ မရှိ ဘယ်တော့လောက် စစ်ဆေးသွားဖို့ရှိပါသလဲ။ ဒီထုတ်ပြန်ချက်ပါ အချက်တွေကိုရော ယာဉ်လိုင်းတွေ၊ ယာဉ်မောင်းတွေအပါအဝင်၊ ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့ ဘာတွေလုပ်ဆောင်ထားပါသလဲ ခင်ဗျာ။

ဖြေ။ ။ ဒီလို ထုတ်ပြန်ထားတဲ့အတိုင်း စည်းကမ်းချက်တွေကို လိုက်နာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့တွေအနေနဲ့ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်ကနေစပြီး စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ အနည်းဆုံး တစ်ပတ်ကိုသုံးကြိမ် စစ်ဆေးသွားဖို့ ရှိပါတယ်။ ပထမတစ်လကို ပညာပေးကာလအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အရေးယူမှုတွေ ပါလာမှာဖြစ်ပါတယ်။ ဒီစည်းကမ်းချက်တွေကို အများပြည်သူသိရှိစေဖို့၊ နိုင်ငံပိုင်သတင်းစာတွေနဲ့ တိုးလ်ဂိတ်တွေမှာ ထည့်သွင်း... တပ်ဆင်ထားတာရှိပါတယ်။ အမြန်လမ်းပေါ် သွားနေတဲ့ ယာဉ်တွေအနေနဲ့ Telematic စနစ်ကို တပ်ဆင်ထားသင့်ပါတယ်။

Telematic စနစ် တပ်ဆင်ထားတဲ့ ယာဉ်တွေဟာဆိုရင် ယာဉ်သွားလာရာလမ်းကြောင်းတွေကို မြေပုံနဲ့တကွ ပြန်လည်ကြည့်ရှုနိုင်မယ်။ ယာဉ်အားလုံးရဲ့ စက်နှိုး၊ စက်ရပ်၊ အရှိန်နဲ့ရောက်ရှိရာနေရာတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မယ်။ ယာဉ်တွေ အသုံးပြုခဲ့တာတွေ၊ ခရီးစဉ်တွေ အသေးစိတ် ပြန်လည်ကြည့်ရှုနိုင်မယ်။ သတ်မှတ်အမြန်နှုန်းအထက် ကျော်လွန်မောင်းနှင်ရင် အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မယ်။ ကြမ်းတမ်းစွာမောင်းနှင်ခြင်း၊ ရုတ်တရက် ဘရိတ်နင်းခြင်း၊ အရှိန်လွန် မောင်းနှင်ခြင်းတွေပြုလုပ်ရင် ယာဉ်ပေါ်မှာ အချက်ပေးအသံမြည်ပြီး ယာဉ်မောင်းကို သတိပေးနိုင်တယ်။ မော်တော်ယာဉ်တွေရဲ့ နေ့စဉ်၊ လစဉ်အသုံးပြုထားတဲ့ စာရင်းတွေကို ထုတ်ယူကြည့်ရှုနိုင်မယ်။ ယာဉ်မတော်တဆမှုဖြစ်စဉ် အသေးစိတ်အချက်အလက်တွေကို Black Box နဲ့ ပြန်လည်စိစစ်ပေးနိုင်မယ်။ မောင်းနှင်ခဲ့တဲ့ ကီလိုမီတာ၊ ကြာမြင့်ချိန်တွေ ပြန်လည်ကြည့်ရှုနိုင်မယ်။ တစ်နေ့တာ

မေး။ ။ ထုတ်ပြန်ချက်မှာ ပါဝင်တဲ့အချက်တွေက ယာဉ်လိုင်းတွေနဲ့ ယာဉ်မောင်းတွေ လိုက်နာနိုင်တဲ့ အချက်တွေဖြစ်ရဲ့လား ဆိုတာ ရှင်းပြပေးပါဦး။

ဖြေ။ ။ ထုတ်ပြန်ချက် နှစ်စောင်လုံးမှာ ပါတဲ့အချက်တွေက ယာဉ်တစ်စီးမှာ ရှိသင့်ရှိထိုက်တဲ့အချက်တွေဖြစ်ပါတယ်။ ယာဉ်လိုင်းတွေနဲ့ ယာဉ်မောင်းတွေ လိုက်နာနိုင်မယ့် အချက်တွေဖြစ်ပါတယ်။ အန္တရာယ်ကင်းဖို့အတွက် ဒါတွေကို မဖြစ်မနေလိုက်နာဖို့ လိုအပ်ပါတယ်။

ဦးစိုးနိုင်ဦး

မေး။ ။ အမြန်လမ်းမှာ ဘယ်လိုအကြောင်းအရာတွေကြောင့် ယာဉ်မတော်တဆမှု အဖြစ်များပါသလဲ။

ဖြေ။ ။ အမြန်လမ်းမှာ ယာဉ်တိမ်းမှောက်မှု အဖြစ်များတာက အရှိန်လွန်မောင်းတဲ့ယာဉ်တွေ၊ ယာဉ်မောင်းအိပ်ငိုက်တဲ့ ယာဉ်တွေ၊ ဘီးပေါက်ပြီးဖြစ်တဲ့ ယာဉ်တွေပဲ အများဆုံးဖြစ်တာ တွေ့ရပါတယ်။ အခု လောလောဆယ်မှာတော့ အိမ်စီးကားတွေ အဖြစ်များနေပါတယ်။ အိမ်စီးကားတွေအတွက်ကိုလည်း ထပ်မံဆောင်ရွက်သွားဖို့ ရှိပါတယ်။

မေး။ ။ တစ်နေ့တစ်နေ့ အမြန်လမ်းအသုံးပြုတဲ့ ယာဉ်အစီးရေ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ အမြန်လမ်းအသုံးပြုတဲ့ တစ်နေ့ပျမ်းမျှ ယာဉ်စီးရေဟာ ၄၅၀၀ နဲ့ ၅၀၀၀ အကြားရှိပါတယ်။ အခုလို ထုတ်ပြန်ချက်တွေထုတ်ပြီးဆောင်ရွက်ရတာက ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့သွားလာနိုင်ဖို့အတွက် အဓိက ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယာဉ်တွေအနေနဲ့လည်း အန္တရာယ်ကင်းရှင်းဖို့အတွက် ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင်စေလိုပါတယ်။

ရဲမှူးဇာနည်မောင်
အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး

မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်း အသုံးပြု ယာဉ်တွေရဲ့ကြံ့ခိုင်မှုကို ပူးပေါင်းအဖွဲ့အနေနဲ့ ဧပြီ ၈ ရက်နေ့ကစပြီး စစ်ဆေးသွားမယ်လို့ သိရပါတယ်။ ဘယ်နေရာတွေမှာ ဘယ်လို စစ်ဆေးသွားမှာပါလဲ။

ဖြေ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ နေရာသုံးနေရာ သတ်မှတ်ပြီး ယာဉ်ကြံ့ခိုင်မှုကို စစ်ဆေးသွားမှာဖြစ်ပါတယ်။ စစ်ဆေးမယ့်နေရာတွေကတော့ အမှတ်(၃)

ရဲမှူးဇာနည်မောင်

လမ်းဆုံတိုးလ်ဂိတ်၊ နေပြည်တော်တိုးလ်ဂိတ်၊ စကားအင်းတိုးလ်ဂိတ်တွေမှာ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် စစ်ဆေးသွားဖို့ရှိပါတယ်။ တစ်ပတ်ကိုသုံးကြိမ် အနည်းဆုံး စစ်ဆေးဆောင်ရွက်သွားဖို့ရှိပါတယ်။

မေး။ ။ စစ်ဆေးတဲ့အခါမှာ အချိန်ဘယ်လောက်ယူဖို့ရှိပါသလဲ။ ခရီးသွားပြည်သူတွေ ခရီးကြန့်ကြာမှုမရှိအောင် ဘယ်လိုများလုပ်ဆောင်သွားပါမလဲ။ စည်းကမ်းချက်နဲ့ မကိုက်ညီတဲ့ယာဉ်တွေကို ဘယ်လိုဆောင်ရွက်သွားဖို့ရှိသလဲဆိုတာ ရှင်းပြပေးပါဦး။

ဖြေ။ ။ စစ်ဆေးတဲ့အခါမှာ ပြည်သူတွေ ခရီးကြန့်ကြာမှု၊ နှောင့်နှေးမှုတွေ မဖြစ်ရအောင် အဖွဲ့တွေ၊ အဆိုင်းတွေခွဲပြီး အမြန်ဆုံး စစ်ဆေးသွားမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ပစ္စည်းတွေ၊ ပြည့်စုံရမယ့်အချက်တွေ မရှိဘူးဆိုရင်တော့ ယာဉ်တွေကို အမြန်လမ်းမကြီးအပေါ် ဖြတ်သန်းခွင့်ပြုမှာ မဟုတ်ပါဘူး။

မေး။ ။ အခုလိုစစ်ဆေးရတဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ အခုလိုစစ်ဆေးရတဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးမှာ ခရီးသွားယာဉ်တွေဟာ တစ်နေ့ကို ပျမ်းမျှအားဖြင့် အစီးရေ ၄၀၀၀ ကနေ ၅၀၀၀ ပတ်ဝန်းကျင် ဖြတ်သန်းသွားလာနေတာဖြစ်တဲ့အတွက် ယာဉ်မတော်တဆမှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်နေတာတွေ့ရပါတယ်။ ဒီအတွက်ကြောင့် ယာဉ်မှာပါရမယ့် ပစ္စည်းတွေ၊ ပြည့်စုံရမယ့်အချက်တွေကို သတ်မှတ်ပြီး စစ်ဆေးခြင်း ဖြစ်ပါတယ်။ အဓိကအားဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက်မှာရှိတဲ့ ခရီးသွားပြည်သူတွေ လုံခြုံချောမွေ့စွာခရီးသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ တရားဥပဒေစိုးမိုးရေး အပိုင်းတွေကို အမြန်လမ်းမကြီးရဲတပ်ဖွဲ့က

စာမျက်နှာ ၁၁ သို့

> **“ထုတ်ပြန်ထားတဲ့အတိုင်း စည်းကမ်းချက်တွေကို လိုက်နာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့တွေအနေနဲ့ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်ကနေစပြီး စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ အနည်းဆုံး တစ်ပတ်ကို သုံးကြိမ် စစ်ဆေးသွားဖို့ ရှိပါတယ်။ ပထမတစ်လကို ပညာပေးကာလအနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အရေးယူမှုတွေ ပါလာမှာဖြစ်ပါတယ်”**

နေပြည်တော်ရှိဝန်ထမ်းများ၊ ခရီးသွားပြည်သူများ သင်္ကြန်ကာလအတွင်း သွားလာရေး အဆင်ပြေစေရန် ရန်ကုန်-မန္တလေးခရီးစဉ်များအတွက် အရန်ယာဉ်များ ထားရှိပြေးဆွဲမည်

နေပြည်တော် ဧပြီ ၇

နေပြည်တော်ရှိဝန်ထမ်းများ ခရီးသွားပြည်သူများ သင်္ကြန်ကာလအတွင်း သွားလာမှုအဆင်ပြေစေရန် နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)မှ ရန်ကုန်-မန္တလေးခရီးစဉ်များတွင် အရန်ယာဉ်များထားရှိပြီး ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးပညာပေးမှု

"မထသ(အဝေးပြေး) အနေနဲ့ နေပြည်တော်ကောင်စီ၏ ညွှန်ကြားမှု၊ နေပြည်တော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုနဲ့ ၂၀၁၉ ခုနှစ်၊ သင်္ကြန်ကာလအတွင်း ခရီးသည်တင်အဝေးပြေးယာဉ်တွေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာနဲ့ လိုရာခရီးရောက်ရှိရေး၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ နေပြည်တော်ရှိ ဝန်ထမ်းများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကြိုတင်စီမံချက် ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်လိုင်းအလိုက် ထွက်ခွာမယ့်ယာဉ် ကြံ့ခိုင်မှု ရှိ/မရှိ စစ်ဆေးပြီးမှ ထွက်ခွာစေဖို့နဲ့ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေ၊ ယာဉ်တာဝန်ခံတွေကို ယာဉ်စစ်ဆေးရေးအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်ဖို့မှာကြားပြီးမှ စတင်ထွက်ခွာဖို့အပြင် ယာဉ်ပေါ်မှာ မီးသတ်ဆေးဘူး ရှိ၊ မရှိ၊ ခရီးသည်တွေ ထိုင်ခုံခါးပတ် တပ်ဆင်အသုံးပြုထားမှု ရှိ၊ မရှိတွေကိုပါ စစ်ဆေးရေးအဖွဲ့က ယာဉ်ပေါ်တက်ရောက်စစ်ဆေးပြီးမှ ယာဉ်ကို ထွက်ခွာခွင့်ပေးပါတယ်။ သင်္ကြန်ကာလ အနယ်နယ်အရပ်ရပ်သို့ပြန်ကြမယ့် ခရီးသွားပြည်သူတွေ၊ ဝန်ထမ်းတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာနဲ့ လိုရာခရီးကို အဆင်ပြေစွာ ပြန်နိုင်ဖို့အတွက် ဧပြီ ၁၂ ရက်မှာ နေပြည်တော်ရှိ စီလမ်းဆုံနှင့် တောင်ညို ဂိတ်တွေမှာ ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၊

နေပြည်တော် ဘောဂသီရိကားဝင်းအတွင်း၌ ခရီးသည်တင်ယာဉ်များကို တွေ့ရစဉ်။

နယ်မြေရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မထသ (အဝေးပြေး)တို့ပါဝင်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ထွက်ခွာမယ့် အဝေးပြေးခရီးသည်တင်ယာဉ်တွေ၊ အိမ်စီးယာဉ်တွေ အားလုံးကို စစ်ဆေးပညာပေးမှုတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု နေပြည်တော်မထသ (အဝေးပြေး)ရုံးချုပ် လက်ထောက်ဌာနမှူး (ပို့ဆောင်ရေး) ဦးအောင်ကျော်နိုင်က ရှင်းလင်းပြောကြားသည်။

ထိရောက်စွာအရေးယူမှု

"မဟာသင်္ကြန်ကာလမှာ ယာဉ်လိုင်းခရီးစဉ်တွေကို ဧပြီ ၁၂ ရက် စီမံချက်ပါ ခရီးစဉ်အချိန်တွေအတိုင်း အပြည့်ပြေးဆွဲဖို့ ယာဉ်လိုင်းအသီးသီးကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ သင်္ကြန်ကာလအတွင်း ယာဉ်စီးခတွေကို တိုးမြှင့်ရောင်းချမှုမရှိစေဖို့ ယာဉ်လိုင်းတာဝန်ခံတွေနဲ့ လက်မှတ်အရောင်းခွဲလုပ်ငန်းရှင်တွေကို ခေါ်ယူရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်သလို ယာဉ်စီးခ တိုးမြှင့်ရောင်းချမှုတွေ တွေ့ရှိရင်လည်း ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအလိုက် ခရီးသွားမယ့် ဝန်ထမ်းစာရင်းတွေကိုလည်း အရင်နှစ်တွေလိုပဲ နေပြည်တော်ကောင်စီက စုစည်းကာ မထသ (အဝေးပြေး)နေပြည်တော်သို့ ပေးပို့ညွှန်ကြားပေးထားပြီး ညွှန်ကြားချက်အတိုင်း ဧပြီ ၇ ရက်က စတင်ရောင်းချခဲ့မှုတွေ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အရန်ယာဉ်ပြေးဆွဲမှု

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူတွေ အဆင်ပြေစေရန်အတွက် ခရီးသည်တွေ အများဆုံးသွားလာတဲ့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တွေကို ပြေးဆွဲမည့်ယာဉ်လိုင်းများအပြင် အရန်ယာဉ်အဖြစ် ရန်ကုန်ဘက်သို့ နှစ်စီး၊ မန္တလေးဘက်ကို နှစ်စီး ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ဘောဂသီရိကားဝင်းအတွင်းမှ နေပြည်တော်အခြေစိုက်ယာဉ်လိုင်း ၃၀ လိုင်းနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အခြေစိုက်ယာဉ်လိုင်း ၇၄ လိုင်း စုစုပေါင်း ယာဉ်လိုင်းပေါင်း ၁၀၄ လိုင်းမှ ယာဉ်စီးရေ ၃၀၀ ဝန်းကျင်ဖြင့် မြို့ပေါင်း ၅၁ မြို့သို့ နေ့စဉ်ထွက်ခွာ ပြေးဆွဲလျက်ရှိကြောင်း နေပြည်တော် မထသ (အဝေးပြေး) ရုံးချုပ်စာရင်းဇယားများအရ သိရသည်။

ရဲရဲ(ပျဉ်းမနား)

စာမျက်နှာ ၁၀ မှ

အဓိကထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ တခြားရော ဘယ်လိုကူညီဆောင်ရွက် ပေးမှုတွေ ဆောင်ရွက်နေပါသလဲ။

ဖြေ။ ။ အမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှု ဖြစ်ပွားတဲ့အခါမှာလည်း ဆေးရုံ၊ ဆေးခန်းတွေကို အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်ပြီး ခရီးသွားပြည်သူတွေ လမ်းမှာ ကားစက်ချွတ်ယွင်းတာပဲဖြစ်ဖြစ်၊ ဘီးပေါက်တာပဲဖြစ်ဖြစ်၊ ဆီပြတ်လို့ ယာဉ်ဆက်ထွက်မရတာတွေကို အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေနဲ့ အမြန်ဆုံး ကူညီကယ်ဆယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယာဉ်မတော်တဆမှုတွေ လျော့နည်းဖို့အတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေနဲ့ ခေတ်မီအရှိန်ထိန်းစက်တွေနဲ့ တိုင်းတာပြီး ခရီးသွားပြည်သူတွေ၊ ယာဉ်မောင်းတွေသတ်မှတ်တဲ့ မိုင်နှုန်းအတိုင်း မောင်းနှင်ဖို့အတွက် စစ်ဆေးကြပ်မတ်အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ အရက်သေစာသောက်စား မောင်းနှင်မှုမရှိစေဖို့ Alcohol Tester တွေနဲ့ တိုင်းတာပြီး စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ တိုးလ်ဂိတ်ငါးဂိတ်မှာလည်း ယာဉ်မောင်းနဲ့ ခရီးသွားပြည်သူတွေကို ခါးပတ်ပတ်ဖို့ ပညာပေးတာတွေ၊ လိုက်လံစစ်ဆေးကြပ်မတ်တာတွေပြုလုပ်ပါတယ်။ နောက်ပြီး ယာဉ်ပေါ်မှာ မီးသတ်ဆေးဘူးတွေ ကောင်းမကောင်းလည်း စစ်ဆေးမှုတွေ လုပ်ပါတယ်။

အမြန်လမ်းမကြီးတစ်လျှောက်မှာ ကျေးရွာအများအပြားရှိတာ ဖြစ်တဲ့အတွက် ဆိုင်ကယ်၊ တိရစ္ဆာန်တွေနဲ့ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားအောင်လည်း ရဲစခန်းအပိုင်းအလိုက် စခန်းမှူးများကနေပြီး ပညာပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ပညာပေးခြင်းအပိုင်းနဲ့ စစ်ဆေးအရေးယူတဲ့အပိုင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ အမြန်လမ်းမှာဖြစ်ပွားတဲ့ ယာဉ်မတော်တဆမှုတွေက လူ့ပယောဂကြောင့် ဖြစ်တာများတယ်လို့ သိရပါတယ်။ ယာဉ်မကြံ့ခိုင်မှုကြောင့်ရော ဘယ်လောက်အထိ ဖြစ်ပွားနေသလဲ ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ယာဉ်မတော်တဆမှု ဖြစ်ပွားရတဲ့ အကြောင်းအရင်းလေးချက်အနေနဲ့ လူ၊ ယာဉ်၊ လမ်း၊ ရာသီဥတုဆိုပြီး သတ်မှတ်ထားပါတယ်။ ၂၀၁၈ ခုနှစ်မှာ လူကြောင့်ဖြစ်ပွားတာက ၃၆၇မှု၊ ယာဉ်ကြောင့်ဖြစ်ပွားတာ ၉၈ မှု၊ လမ်းကြောင့်ဖြစ်ပွားတာ ကိုးမှုရှိပြီး ရာသီဥတုကြောင့် ဖြစ်ပွားတာမရှိပါဘူး။ ယာဉ်မတော်တဆမှု ဖြစ်ပွားတာတွေကို ကြည့်ရင် လူကြောင့်ဖြစ်ပွားမှု များပါတယ်။

လူကြောင့်ဖြစ်ပွားမှုတွေမှာ အဓိကအားဖြင့် အရှိန်ပြင်းတဲ့အတွက် ယာဉ်မတော်တဆမှုတွေ များပြားနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် အရှိန်ထိန်းဖမ်းစက်တွေနဲ့ စစ်ဆေးဆောင်ရွက်တာရှိသလို Alcohol Tester တွေနဲ့လည်း အရက်သေစာသောက်စားမှု ရှိ၊ မရှိ စစ်ဆေးတဲ့အတွက် နှစ်စဉ် နှစ်စဉ် ယာဉ်မတော်တဆမှုတွေ လျော့နည်းလာတာလည်း ဖြစ်ပါတယ်။ အခုယာဉ်ကြံ့ခိုင်မှုအပိုင်းတွေပါ ထပ်မံစစ်ဆေးတာတွေ ဆောင်ရွက်လာပြီဆိုရင် တဖြည်းဖြည်းနဲ့ ယာဉ်အန္တရာယ်တွေ လျော့နည်းသွားမှာဖြစ်ပါတယ်။

ကျော်ရဲသွင်

ဓာတ်ပုံ-ထန်းဖုန်

ကျိုက်မရောတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှု အသိပညာပေး

ကျိုက်မရော ဧပြီ ၇

သင်္ကြန်မတိုင်ခင်ရက်များအတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ်များ မဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဧပြီလ ပထမပတ်က ကဒါကျေးရွာအုပ်စု သရက်ကုန်းကျေးရွာဓမ္မာရုံ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအန္တရာယ်၏ ပြစ်မှုပြစ်ဒဏ်များ၊ ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။ **(ဝဲအောက်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက "စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ကြပါ" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး တက်ရောက်လာသော ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် လူကုန်ကူးမှု ပညာပေးပြခန်းများကို ပြသထားရာ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

၈-၄-၂၀၁၉ ရက်နေ့မှစ၍ ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များနှင့် Telematic စနစ် တပ်ဆင်ထားသောယာဉ်များသည် အောက်ပါအချက်များ မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်ခွင့်မရှိ

၁။ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်။
၂။ ယာဉ်၏ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်။
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်။
၄။ အင်ဂျင်၏ မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ။
၅။ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း မရှိရ။
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။
၇။ မီးသတ်ဆေးဘူး (3Kg) (၂ ဘူး)တပ်ဆင်ထားရှိရမည်။
၈။ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု ရှိရမည်။ (အရေးပေါ်ထွက်ပေါက်နေရာအား ထိုင်ခုံဖြင့် ပိတ်ဆို့တားဆီးခြင်း မရှိစေရ)
၉။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper) များ ကောင်းမွန်မှုရှိရမည်။
၁၀။ ရောင်ပြန်ပြားများ သတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်။
၁၁။ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါရှိရမည်။
၁၂။ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူ (Emergency Hammer) များအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင်သော နေရာတွင် တပ်ဆင်ထားရှိရမည်။
၁၃။ ရှေ့လေကာမှန်နှင့် ဘေးပြူတင်းမှန်များ(Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိရမည်။
၁၄။ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်ရမည်။
၁၅။ ယာဉ်မောင်းနှင့် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ် ပတ်ဆင်ထားရမည်။
၁၆။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ကိုက်ညီရမည်။ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့်ပြုမည်။
၁၇။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများအရက်သေစာမသောက်စားရ။
၁၈။ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်သော ခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦး ပါရှိရမည်။
၁၉။ အမြန်လမ်းအားအသုံးပြုသည့် မည်သည့်ယာဉ်မဆို ခေါင်မိုးပေါ်တွင် လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ။
၂၀။ Telematic စနစ်တပ်ဆင်ထားသော ကုန်စည်တင်ယာဉ်များသည် အမိုးအကာ၊ တာလပတ်များဖြင့် စနစ်တကျ အုပ်ဆိုင်းချည်နှောင်ထားရမည်။

ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့

နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် မြန်မာအားကစားသမားများ စခန်းသွင်းလေ့ကျင့်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၁၆)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ(16th South East Asian Bodybuilding and Physique Sports Championship) ပြိုင်ပွဲအတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်အားကစားဝင်းရှိ စခန်းသွင်းလေ့ကျင့်နေသည့် အမျိုးသားကာယဗလမောင်များနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုမယ်များအား ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အမှုဆောင်များ၊ နည်းပြများ၊ ဒိုင်များ၊ ကာယဗလပညာရှင်များက အောင်မြင်မှုရရှိရန် အားကစားနည်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲဝင်ရန် စခန်းသွင်းထားသည့် ကာယဗလအားကစားသမားများကို တွေ့ရစဉ်။

"ကျွန်တော်တို့ ကစားသမားတွေကို စခန်းသွင်းပေးထားမယ့် လိုအပ်ချက်တွေရှိနေတယ်။ ကိုယ်ခန္ဓာကြွက်သား၊ ဝိတ်တန်း အတိုးအလျှော့တွေ ပြုလုပ်ရမယ်။ မေ ၂၀ ရက်မှာ လိုအပ်တာတွေ ထပ်မံပြန်ကြည့်သွားမယ်။ ပြိုင်ပွဲက တစ်လသာလိုတဲ့အတွက် ပြင်ဆင်မှုတွေ ရနိုင်ပါတယ်။ ရွေးချယ်ထားတဲ့ ကစားသမားတွေက ပြိုင်ပွဲအတွေ့အကြုံရှိကြတဲ့အတွက် ရွှေတံဆိပ်တွေ ရရှိနိုင်ပါမယ်" ဟု တွဲဖက်အတွင်းရေးမှူး ကာယဗလပညာရှင် ဦးကျော်စိန်သန်းက ပြောသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်ပြိုင်ပွဲတွင် အမျိုးသား ၁၅ တန်း၊ အမျိုးသမီး ခြောက်တန်းနှင့် အမျိုးသား+အမျိုးသမီး အတွဲလိုက် တစ်တန်းပါဝင်ပြီး စုစုပေါင်း ၂၂ တန်း ပြည့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံ ၁၁ နိုင်ငံတွင် တီမောနှင့် ဘရူနိုင်းနိုင်ငံမှအပ ကျန်နိုင်ငံများစာရင်းပေးထားကာ အားကစားသမား ၁၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

✤ ***ကျောဖုံးမှ***

ဖိကစားနိုင်သော်လည်း မကွေးအသင်း၏ ခံစစ်ကစားပုံကြောင့် ကစားရခက်ခဲခဲ့သလို တိုက်စစ်တွဲလုံးများမှာလည်း လွဲချော်နေ၍ ပထမပိုင်းတွင် ဂိုးရရန် ရှုံးကန်ခဲ့ရသည်။ မကွေးအသင်းသည် ခပ်မာမာတုံ့ပြန်ကစားခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း စိတ်ကြိုက်ထိုးဖောက်ခွင့် မရခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တိုက်စစ်မြှင့်လာပြီး ၆၄ မိနစ်တွင် အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ကွင်းလယ်တိုက်စစ်ကစားသမား ဂူစတာဗိုက ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မကွေးအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရာဇဝတီအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာဇဝတီအသင်းသည် နည်းပြ ဦးမျိုးလှိုင်ဝင်းလက်ထက်တွင် ရလဒ်ကောင်းများ ရရှိနေပြီး အိမ်ကွင်း ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာမူ ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ကြိုးပမ်းသော်လည်း ရှုံးပွဲကြုံတွေ့ကာ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။ ရာဇဝတီအသင်းအတွက် ဂိုးများကို ၇ မိနစ်တွင် မာတူနာ၊ ၁၆၊ ၉၀+၂ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူခဲ့ပြီး ဟံသာဝတီအတွက် ချေပဂိုးတစ်ဂိုးကို ၂၆ မိနစ်တွင် အောင်မျိုးသူရက သွင်းယူခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Southern အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရခဲ့ပြီး ဂိုးပြတ်နိုင်ပွဲပါ ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဆယ်လာ၊ ၁၆ မိနစ်တွင် မောင်မောင်လွင်၊ ၃၆၊ ၆၆ မိနစ်တွင် စိုးမင်းနိုင်က သွင်းယူခဲ့သည်။ ဝေဘာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်နှင့် Chinland အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ်(၇)အပြီးတွင် ရှမ်းယူနိုက်တက်နှင့် ရာဇဝတီအသင်းတို့က ၁၅ မှတ်စီ၊ ရတနာပုံအသင်းက ၁၄ မှတ်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းက ၁၃ မှတ်စီ၊ စစ်ကိုင်းအသင်းက ၁၂ မှတ်၊ ရခိုင်အသင်းက ၁၀ မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ မကွေးအသင်းက လေးမှတ်၊ ဒဂုံအသင်းက သုံးမှတ်၊ Chinland အသင်းက နှစ်မှတ်ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာဇဝတီနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက် အသာကြောင့် ထိပ်ဆုံးနေရာတွင် ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဘာစီလိုနာ ဒုတိယနေရာမှ အက်သလက်တီကိုအား ၁၁ အထိ ဖြတ်ထား

မေ ၇ ရက် နံနက်ပိုင်းက စပိန်လာလီဂါပွဲစဉ် ၃၁ အဖြစ် ဘာစီလိုနာနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ဆွာရက်၊ မက်ဆီတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ တန်းစီဇယားထိပ်ဆုံးတွင်ဦးဆောင်လျက်ရှိနေသော ဘာစီလိုနာအသင်းသည် ယခုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် အဆင့် ၂ နေရာမှ လိုက်လံဖိအားပေးလျက်ရှိသော အက်သလက်တီကို မက်ဒရစ်အသင်းအား ၁၁ အထိ ဖြတ်ထားလိုက်နိုင်ကြောင်းလည်း သိရသည်။

ပိုချက်တီနို ထရစ်ပီရာ၏ နေရာအား ဝမ်ဘစ္စကာဖြင့် အစားထိုးရန် ချိန်ရွယ်

တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် အသင်းမှ အင်္ဂလန်ညာခံစစ်ကစားသမား ထရစ်ပီရာ (၂၈နှစ်) ၏ နေရာအား ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဝမ်ဘစ္စကာ (၂၁ နှစ်)ဖြင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ချယ်လ်ဆီးနည်းပြ ဆာရီ ဂျီရုဒ်အား အသင်းတွင်ဆက်လက်နေစေလို

ချယ်လ်ဆီးနည်းပြ ဆာရီသည် အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား ဂျီရုဒ် (၃၂နှစ်) အား အသင်းတွင် ဆက်လက်နေစေလိုကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။ အဆိုပါကစားသမား၏ ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းသည် ဇွန်လတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းသည် အဆိုပါ စာချုပ်သက်တမ်းအား နောက်ထပ် ၁၂လ သက်တမ်းတိုးခွင့်ရှိကြောင်းလည်း ဖော်ပြထားသည်။

လက်စတာစီးတီးအသင်း မီထရိုဗစ်အား ခေါ်ယူလို

လက်စတာစီးတီးအသင်းသည် ပရီမီယာလိဂ်မှ တန်းဆင်းသွားရသော ဖူလ်ဟမ်အသင်းမှ ဆားဘီးယားတိုက်စစ်ကစားသမား မီထရိုဗစ် (၂၄နှစ်) အား ခေါ်ယူရေးတွင် အဲဗာတန်၊ ဆောက်သမ်တန်၊ တော့တင်ဟမ်၊ ဝက်စ်ဟမ်းအသင်းတို့နှင့်အပြိုင်ပါဝင်လာခဲ့ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

အင်န်ဒွန်ဘီလီအား ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိ

မန်ယူအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော လိုင်ယွန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီအား ခေါ်ယူရေးတွင် ပီအက်စ်ဂျီအသင်းနှင့် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း ပြင်သစ်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်း ဒေါ့မွန်အသင်းအား ငါးဂိုးပြတ်အနိုင်ရရှိ

မေ ၇ ရက် နံနက်ပိုင်းက ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၂၈ အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါ ၂၈ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၆၄ မှတ်ရရှိကာ ဒုတိယနေရာမှ လိုက်လံဖိအားပေးလျက်ရှိသည့် ဒေါ့မွန်အသင်းထက် တစ်မှတ်အသာဖြင့် တန်းစီဇယားတွင် အဆင့် ၁ နေရာသို့ တက်လှမ်းလာနိုင်ခဲ့ကြောင်း သိရသည်။

အောင်ဇော်

အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်း မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ပြောကြား

ရန်ကုန် မေ ၇

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုးက ၂၀၂၀ အိုလံပစ် အမျိုးသမီးဘောလုံး တတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၃ ရက်မှ ၉ ရက်အထိ ကျင်းပနေသည့် အိုလံပစ်ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေပြီး နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရထားသည်။ မြန်မာအသင်းသည် နီပေါအသင်းကို သုံးဂိုး- တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရထားခြင်းဖြစ်သည်။

နည်းပြချုပ် ဦးဝင်းသူမိုးက "ဒုတိယအဆင့် ခြေစစ်ပွဲအဆင့် ကျော်လွှန်နိုင်ဖို့ သေချာပြင်ဆင်ပြီး ယှဉ်ပြိုင်နေတာ ဖြစ်ပါတယ်။ နီပေါနဲ့ပွဲမှာ တိုက်စစ်ကစားပုံ လိုအပ်ချက်တချို့ ရှိခဲ့တာကြောင့် အင်ဒိုနီးရှားနဲ့ပွဲမှာ အပြောင်းအလဲတွေ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ပွဲကိုကြည့်ပြီး အိန္ဒိယနဲ့ နောက်ဆုံးပွဲအတွက် ဆက်လက်ပြင်ဆင်မှာပါ။ ကစားသမားတွေ အနေနဲ့ စိတ်ဓာတ်အမြင့်ဆုံး ရောက်နေပြီဖြစ်သလို အိန္ဒိယအသင်းကိုလည်း တွေ့ဆုံတိုင်း အနိုင်ရထားတာကြောင့် စိတ်ဓာတ်ပိုင်း အသာစီးရထားပါတယ်။ အိန္ဒိယကို ထပ်မံအနိုင်ယူပြီး သုံးပွဲစလုံး အနိုင်ရလဒ်နဲ့ တတိယအဆင့်ခြေစစ်ပွဲ တက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောခဲ့သည်။

အုပ်စု(က) တွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်စီရထားပြီး နီပေါနှင့် အင်ဒိုနီးရှားအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စုနောက်ဆုံးပွဲများကို မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ညီမြတ်သော်တာ

တောင်ငူ၌ အာမခံအကြောင်း သိကောင်းစရာဟောပြော

တောင်ငူ မေ ၇

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်း တောင်ငူခရိုင်ရုံးတို့ပူးပေါင်း၍ အာမခံအကြောင်း သိကောင်းစရာဟောပြောပွဲကို တောင်ငူပညာရေးကောလိပ် မြတ်ပညာခန်းမ၌ မတ်လနောက်ဆုံးပတ်က ကျင်းပရာ ဌာနမှူးများ၊ အရာထမ်းဝန်ထမ်းများနှင့် ဆရာ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်တာဝန်ခံ ဒေါ်ဖြူဖြူမိုးက အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့် အာမခံအမျိုးအစားများကို ရှင်းလင်းပြောကြားပြီး နိုင်ငံ့ဝန်ထမ်းအသက်အာမခံ(ကာလတို)၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ကျန်းမာရေးအာမခံအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုသူ(တောင်ငူ)

တန့်ယန်းမြို့နယ်တွင် လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးနှင့် နွားတင်းကုတ်တစ်လုံးပျက်စီး

တန့်ယန်း မေ ၇

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ရုတ်တရက် လေပြင်းများတိုက်ခတ်မှုဖြစ်ခဲ့ရာ မိုင်းကိုင်းကျေးရွာအုပ်စု ကွန်နင်ကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် နွားတင်းကုပ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော မိုင်းကိုင်းကျေးရွာအုပ်စု ကွန်နင်ကျေးရွာသို့ သတင်းရလျှင်ရချင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်ဝန်ထမ်းများ၊ မြို့နယ် အရန်မီးသတ်တပ်ရင်းမှ တပ်ခွဲမှူးနှင့်တပ်ဖွဲ့ဝင်များက အမြန်ဆုံးသွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

မင်းလွင်ဦး

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ကယ်ဆယ်ရေးအဖွဲ့များက ကူညီရှင်းလင်းပေးစဉ်။

မောင်တောမြို့နယ်အတွင်း၌ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးနှင့် ARSA အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

မောင်တောမြို့နယ်အတွင်း မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသူ တစ်ဦးနှင့် ARSA အဖွဲ့ဝင် တစ်ဦးတို့အား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် မြောက်ပိုင်း အောင်သပြေကျေးရွာ၏ အနောက်ဘက်တွင် မတ် ၂၉ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှာဟဲလ် နိုဟာအာလီ ကျေးရွာ ရန်ကာမာတီမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး စစ်ကြောချက်အရ ၎င်းသည် လိမ္မော်ချယ်ရီကျေးရွာသား ငါးဦးနှင့်အတူ လူစု၍ မတ် ၂၈ ရက် နံနက်ပိုင်းတွင် နွားများခိုးယူရန် ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုးကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး လမ်းမှားလူစုကွဲ၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မောင်တောမြို့နယ် မြောက်ပိုင်း နယ်မြေ(၂)အတွင်း မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နယ်စပ်မှတ်တိုင်(၄၀) နယ်ခြားစောင့် ရဲကင်းစခန်းအနီး လျှိုအတွင်းမှ မသင်္ကာဖွယ်လူ တစ်ဦး တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ကြောချက်အရ ၎င်းမှာ အိုစမန်ဂေါ်နီ(ခ)အိုစမာ၊ တောင်ဘဇာကျေးရွာအုပ်စု ယင်းမကျောင်းတောင်ကျေးရွာ ဘူးသီးတောင်မြို့နယ်နေသူဖြစ်ကြောင်း၊ ၎င်းသည် ၂၀၁၇ ခုနှစ်၊ သြဂုတ် ၂၅ ရက်တွင် တောင်ဘဇာ နယ်မြေရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သောကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)အမှုမှ တရားခံပြေး တစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် တောင်ဘဇာနယ်မြေရဲစခန်းအား အခြားသူများနှင့်အတူ ဝိုင်းဝန်းတိုက်ခိုက်ပြီးနောက် တစ်ဖက်နိုင်ငံ ကူတူပါလောင်ဒုက္ခသည်စခန်းသို့ သွားရောက်နေထိုင်တိမ်းရှောင်ခဲ့ကြောင်း။

ယင်းနောက် အကြမ်းဖက်သင်တန်းတက်ရန် စည်းရုံးခံရမှုကြောင့် ARSA အဖွဲ့သို့ဝင်ရောက်၍ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကြမ်းဖက်သင်တန်း နှစ်လခန့်တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းကို ကူတူပါလောင် ဒုက္ခသည်စခန်း၊ ဘာလူခါလီ ဒုက္ခသည်စခန်း၊ မူတူးဆရမ် ဒုက္ခသည်စခန်းတို့၏ အနီးဝန်းကျင်တောအတွင်းနှင့် ယာယီတဲအိမ်အလွတ်များအတွင်း၌ ည ၁၀ နာရီမှ နံနက် ၁ နာရီအထိ ARSA အဖွဲ့မှ စည်းရုံးထားသော သင်တန်းသား ၅၀ ဦးစီဖြင့် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းကာလအတွင်း တစ်လလျှင် တာကာငွေ ၅၀၀၀ ထောက်ပံ့ရရှိကြောင်း၊ ယခုအချိန်တွင် သင်တန်းတက်ရောက်ပြီးသူများသည် နယ်စပ်ဒေသရဲကင်းစခန်းများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုအား မပြတ်ထောက်လှမ်းပြီး ချောင်းမြောင်းတိုက်ခိုက်ရန် အစီအစဉ်ရှိကြောင်း။

မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာ တံတားအနီး၌ ဇန်နဝါရီ ၁၆ ရက်က နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ လိုက်ပါသောယာဉ်အား ARSA အဖွဲ့မှ ပစ်ခတ်တိုက်ခိုက်မှုတွင် မောင်တောမြို့နယ် သက္ကယ်ပြင်ရွာသား ဇူပိုင် (စိစစ်ဆဲ) ဦးဆောင်သည့် ၁၂ ဦးအဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ပြီး ပြန်လာသူများကို ARSA အဖွဲ့ခေါင်းဆောင်များက တစ်ဦးလျှင် တာကာငွေ ၅၀၀၀စီ ဆုကြေးပေးကြောင်း၊ ၎င်းအနေဖြင့် မတ် ၂၉ ရက်နေ့ ညတွင် တစ်ဖွဲ့လျှင် ၅၀ ဦးခန့်ပါဝင်သည့်အဖွဲ့ သုံးဖွဲ့ခွဲပြီး နယ်စပ်မှတ်တိုင် (၄၁) အနီးမှ နယ်စပ်ခြံစည်းရိုးအားဖျက်ဆီး၍ မြန်မာနိုင်ငံဘက်အခြမ်းသို့ ဝင်ရောက်ခဲ့ကာ ငါးရုံ့ချောင်းရဲကင်းစခန်းအပါအဝင် ရဲကင်းစခန်း သုံးခုအား တိုက်ခိုက်ရန်တောတွင်း၌ ခေတ္တအခြေပြုခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်လမ်းကြောင်းနှင့် နယ်မြေအခြေအနေအား စုံစမ်းရန်ထွက်ခွာလာစဉ် လုံခြုံရေးအဖွဲ့များနှင့် တွေ့ရှိဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ARSA အဖွဲ့၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသအား အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်ပြီး ပြည်နယ်တစ်ခုအဖြစ် ထူထောင်ရန်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်ခွင့်မရခြင်းကြောင့် မြန်မာနိုင်ငံဘက်ခြမ်းရှိ ပြန်လည်လက်ခံရေးစခန်းများသို့ပြန်မသွားရန် ဒုက္ခသည်စခန်းများ၌ စည်းရုံးပြောဆိုလျက်ရှိကြောင်းနှင့် ၎င်းတို့ခေတ္တအခြေပြုသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံးအသေးစိတ်ဖြန့်ခွဲရှင်းလင်းရာ ထိတွေ့ပစ်ခတ်မှု၊ ထူးခြားမှုတစ်စုံတစ်ရာမရှိကြောင်းနှင့် ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်၍ ကွင်းဆက် ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “အမျိုးသားလွှတ်တော်”
၉း၁၀ - BBC Click
၉း၂၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၄၅ - ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Warm Heart" (Russia)
၁၀း၃၀ - မွေးမြူရေးရာအဖြာဖြာ “စီးပွားဖြစ်ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး”

ညပိုင်း

၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၁၇း၁၅ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် “နွေရာသီ၌ဖြစ်တတ်သော ရောဂါများအား တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ခြင်း” (ပထမပိုင်း)
၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ “ဖိတ်ခေါ်သူ”
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

တောင်ကြီးနှင့် တာချီလိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၇

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက် နယ်မြေ (၃) မြို့ရှောင်လမ်းနေ ဒေါ်နန်းခမ်းပေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် စက်မှုဇုန်အနီးရှိ လေယာဉ်ကွင်းလမ်းဆုံတွင် စောမွန်(ခ) အားမွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ တာချီလိတ်မြို့နယ် ဝေ့လေလန် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အားညီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၂၀၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဒေါ်နန်းခမ်းပေးအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထီးချိုင့်၌ လမ်းလျှောက်နေသူများအား ဆိုင်ကယ်က ဝင်ရောက်တိုက်မိ၍ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

ထီးချိုင့် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာအနီး ကက္ကုလမ်းဆုံနှင့် ရောဝတီတံတားကြားတွင် ယမန်နေ့ နံနက် ၁ နာရီ ၂၀ မိနစ် က ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းအရ မြေတောင်ရဲကင်း ရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မြတောင်ကျေးရွာနေ အောင်မျိုးဝင်း(၂၅နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ဟန်ထွန်းလင်း(၂၄နှစ်) နှင့် ကျော်သက်ဦး(၂၅နှစ်)တို့ လိုက်ပါလာသော ဆိုင်ကယ်သည် လမ်းလျှောက်နေသည့် ရာဇာပေါက်စီ(၃၀နှစ်)နှင့် အဖွဲ့အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ရာဇာပေါက်စီမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး အောင်မျိုးဝင်းပါ သုံးဦးတို့တွင် ဒဏ်ရာများရရှိသောကြောင့် အောင်မျိုးဝင်းကို ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ရဲပြန်ကြား

ဖောင်းပြင် - ပင်လည်ဘူးလမ်း၌ ယာဉ်တိမ်းမှောက် ၁၂ ဦးဒဏ်ရာရ

ဖောင်းပြင် ဧပြီ ၇

ဖောင်းပြင်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်အစပ် ဖောင်းပြင်-ပင်လည်ဘူး ဗျူဟာလမ်းတောင်ကြားတွင် ဧပြီ ၆ ရက်က ယာဉ်တစ်စီးတိမ်းမှောက်ရာ ၁၂ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၆ ရက်က နမ့်တောမှ မုံရွာသို့ ခရီးသည် ၁၁ ဦးတင်ဆောင်ပြီး ယာဉ်မောင်း နွေဦးလွင် မောင်းနှင်သော Grand Starex ယာဉ်သည် တောင်အတက်တွင် နောက်ပြန်ကျလာပြီး နောက်ဘီးပေါက်ကာ အနက်ပေ ၂၀ ခန့်ရှိချောက်ထဲသို့ ပြုတ်ကျတိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါလာသူ ခရီးသည် ၁၁ ဦးနှင့်ယာဉ်မောင်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ အခင်းဖြစ်နေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီ/ခန့်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

မှော်ဘီမြို့နယ်၌ အသက်(၇)နှစ်အရွယ် မိန်းကလေးအား သတ်သွားသူကို နာရီပိုင်းအတွင်းဖမ်းမိ

ရန်ကုန် ဧပြီ ၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ ရွာသစ်ပိုင်း အမှတ် (၅၇) နေသူ ဒေါ် ----- သည် ၎င်းနေအိမ်နှင့် ကိုက် ၅၀ အကွာရှိ လူမှုကူညီရေးအသင်းရုံးရှေ့တွင် ကန်စွန်းရွက်များစည်းရန်သွားစဉ် နေမကောင်းဖြစ်နေသော မြေးတော်စပ်သူ မငြိမ်းအိစံ (၇နှစ်) အား နေအိမ်၌ထားခဲ့ရာ တစ်နာရီခန့်အကြာတွင် ၎င်း၏ တူမဖြစ်သူ မခင်မျိုးသန္တာ (၄၀နှစ်)အား မြေးဖြစ်သူကို ဆေးတိုက်ခိုင်းခဲ့သည်။

မခင်မျိုးသန္တာက ဆေးတိုက်ရန်သွားစဉ် မငြိမ်းအိစံမှာ အိပ်ခန်းအတွင်းလည်ပင်း၌ ပြတ်ရှဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိရသဖြင့် ဓားဖြင့်ထိုးသတ်သွားသူအား အရေးယူပေးပါရန် မှော်ဘီမြို့မ ရဲစခန်းသို့ ဒေါ်----က တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။

ပြစ်မှုကျူးလွန်သူအား အမြန်စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာတရားလို ဒေါ် ---- ၏ ထွက်ဆိုချက် အရ ၎င်း၏နေအိမ်သို့ တစ်ရွာတည်းနေ အောင်သိုက် တစ်ဦးတည်းသာ အမြဲဝင်/ ထွက်လေ့ရှိကြောင်းသိရှိရသဖြင့် မသင်္ကာသူ အောင်သိုက်အား ခေါ်ယူစစ်ဆေးခဲ့ရာ မငြိမ်းအိစံအား သားမယားအဖြစ် ပြုကျင့်ပြီး ဓားဖြင့်ထိုးခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မှော်ဘီမြို့နယ် ရွာသစ်ပိုင်းနေသူ ပြစ်မှုကျူးလွန်သူ အောင်သိုက် (၂၂နှစ်) အား ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ပခုက္ကူမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံနှင့် ဓာတ်တိုင်များပျက်စီး

ပခုက္ကူ ဧပြီ ၇

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဧပြီ ၆ရက် ည ၇ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံနှင့် ဓာတ်တိုင်များ ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင်းရှိ ကမ္မမြို့၊ ဖောင်းကွဲ၊ ရေလာ၊ ရေမျက်အုပ်စုတွင်းရှိ ကျေးရွာများတွင် ရုတ်တရက်လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးများကြွေကျမှု၊ သစ်ပင်များလဲပြိုမှုများဖြစ်ပေါ်ခဲ့ပြီး အိမ်ခြေ ၇၂ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ထန်းတပင်ကျေးရွာမှ ဝါးကျွန်းတွင်းကျေးရွာသို့ သွယ်တန်းထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်တိုင် ၇ တိုင် ကျိုးပဲ့ပျက်စီးခဲ့သည်။ အဆိုပါ လေဘေးသင့်ကျေးရွာများသို့ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက ကွင်းဆင်းကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကိုတမာ

အဝါရောင်ဝတ်ဆန္ဒပြလှုပ်ရှားမှုများ ထပ်မံပေါ်ထွက်လာ

ပါရီ မေ ၇

ပြင်သစ်အစိုးရ၏ မူဝါဒများကို ကန့်ကွက်ဆန္ဒပြရန်အတွက် ထောင်နှင့်ချီသော အဝါရောင်ဝတ်ဆန္ဒပြလူအုပ်ကြီးသည် ၂၁ ပတ်မြောက်ဆန္ဒဖော်ထုတ်မှုအနေဖြင့် မေ ၆ ရက်တွင် ချီတက်စုဝေးမှု ပြုလုပ်ခဲ့ကြသည်။ အစိုးရက ပြည်သူလူထု၏ မကျေနပ်ချက်များကို ဖြေဖျောက်ရန် ရည်ရွယ်လျက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုရလဒ်များကို ထုတ်ဖော်ကြေညာရန် စီစဉ်နေချိန်တွင် ချီတက်စုဝေးမှုများ ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။

နိုင်ငံမြောက်ပိုင်းရှိ ယူအန်နှင့် အရှေ့တောင်ပိုင်းရှိ လိုင်ယွန်တို့၌သာမက မြို့တော်ပါရီတွင် ဆန္ဒပြပြည်သူများသည် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကို ဝေဖန်ရှုတ်ချသည့် စာတန်းပါဆိုင်းဘုတ်များကို ကိုင်ဆောင်လျက် လမ်းများပေါ် ချီတက်လာခဲ့ကြသည်။

နိုင်ငံအနောက်ပိုင်းတွင် ပြင်သစ်နှင့် ဂျာမန်တက်ကြွလှုပ်ရှားသူများသည် နယ်စပ်၌ အဖွဲ့ချင်းပူးပေါင်းသွားခဲ့ကြသည်။ ရိုအွန်၌ မျက်နှာဖုံးတပ်ဆင်ထားသည့် ဆန္ဒပြပြည်သူအချို့သည် ရဲများနှင့် ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြသော်လည်း ပါရီ၌ မတ် ၁၆ ရက်က ဖြစ်ပွားခဲ့သည့် ဇိမ်ခံပစ္စည်းအရောင်းဆိုင်များအား မွှေနှောက်ဖျက်ဆီးမှုကလွဲ၍ အခြားပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့မှုများ မရှိကြောင်း သိရသည်။

အေအက်ဖ်ပီ

သမ္မတမက်ခရွန်ကို ဆန္ဒပြနေကြသည့် အဝါရောင်ဝတ်ဆန္ဒပြလှုပ်ရှားသူများ။

ယီမင်၌ အစိုးရတပ်ဖွဲ့ဝင်များက ဟူသီလက်နက်ကိုင်အဖွဲ့ဝင် ၈၀ ကို နှိမ်နင်း

ကူဝိတ် မေ ၇

ယီမင်နိုင်ငံတောင်ပိုင်း ဒေးလ်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၄နာရီအတွင်းက တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့ပြီး အစိုးရတပ်ဖွဲ့က ဟူသီလက်နက်ကိုင်အဖွဲ့ဝင် ၈၀ ထက်မနည်းကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ဒေးလ်ပြည်နယ်မြောက်ပိုင်းရှိ အစိုးရ စစ်စခန်းကို ဟူသီလက်နက်ကိုင်အဖွဲ့က မေ ၅ ရက်မှ စတင်ကာ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာမှာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုက်ပွဲဖြစ်ပွားရာ ပြည်နယ်ရှိ ဒေသခံများ၏ ပြောပြချက်အရ အစိုးရတပ်ဖွဲ့ဝင်များဘက်မှ ကျဆုံးမှုနှင့် ဒဏ်ရာရမှုများရှိပြီး ဟူသီလက်နက်ကိုင်အဖွဲ့မှ သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။ ဒေးလ်ပြည်နယ်သည် ယီမင်တောင်ပိုင်းတွင် တည်ရှိပြီး စစ်ရေးအရ မဟာဗျူဟာကျ သည့် အချက်အချာနေရာတစ်ခုဖြစ်သည်။

ပြည်နယ်မြောက်ပိုင်း တောင်တန်းဒေသအချို့ကို ဟူသီလက်နက်ကိုင်အဖွဲ့က ထိန်းချုပ်ထားသည်။ ဒေးလ်ပြည်နယ်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် အစိုးရတပ်ဖွဲ့နှင့် ဟူသီသူပုန်အဖွဲ့တို့အကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့သည်။

ယီမင်ရှိ ဟူသီလက်နက်ကိုင်သူပုန်အဖွဲ့သည် ယီမင်နိုင်ငံမြို့တော်ကို ၂၀၁၄ ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်နိုင်ငံတောင်ပိုင်းဒေသကိုပါ သိမ်းပိုက်ခဲ့ရာ ယီမင်သမ္မတ အဗ္ဗဒူရာဘူလ်မန်ဆောဟာဒီမှာ ဆော်ဒီအာရေဗျနိုင်ငံဆီသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ဟူသီသူပုန်အဖွဲ့အား ထိုးစစ်ဆင်တိုက်ခိုက်မှုစတင်ခဲ့သည်။

အစိုးရနှင့်ဟူသီသူပုန်တို့အကြား ၂၀၁၈ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးနှင့် အကျဉ်းသားများလဲလှယ်ရေးတို့တွင် အပြန်အလှန်သဘောတူညီမှုများ ရရှိခဲ့သော်လည်း သဘောတူညီမှုများကို ချိုးဖောက်သည်ဟု အငြင်းပွားမှုများရှိနေသည်။

ဆင်ဟွာ

မော်လ်ဒိုက်သမ္မတဟောင်း၏ပါတီက ပါလီမန်ရွေးကောက်ပွဲတွင် သောင်ပြို ကမ်းပြိုအနိုင်ရ

မာလီ မေ ၇

နယ်နှင်ဒဏ်ပေးခံရသည့် မော်လ်ဒိုက်သမ္မတဟောင်း၏ ပါတီသည် သမ္မတဟောင်း နိုင်ငံအတွင်းပြန်ရောက်ပြီး ငါးလအကြာတွင် ပါလီမန်ရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။ အသက် ၅၁ နှစ်အရွယ် မိုဟာမက်နာရှိဒ်သည် နိုင်ငံ၏အမျိုးသားပါလီမန်၏ထိပ်ဆုံးနေရာသို့ စိတ်ကူးယဉ်ဆန်ဆန် ပြန်လည်ရောက်ရှိခဲ့သည်။ ၎င်း၏ မော်လ်ဒိုက်ဒီမိုကရက်တစ်ပါတီသည် အမတ်နေရာ ၈၇ နေရာတွင် သုံးပုံနှစ်ပုံ အနိုင်ရခဲ့သည်။

မေ ၆ ရက်တွင် ပြုလုပ်သည့်သဘောထားစစ်တမ်းကောက်ယူမှုသည် သမ္မတဟောင်းနာရှိဒ်နှင့် နာရှိဒ်၏ ပြိုင်ဘက် အဗ္ဗဒူလာယာမင်းတို့ အားစမ်းသည့် ပထမဆုံးပွဲလည်း ဖြစ်သည်။ အဗ္ဗဒူလာယာမင်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် သမ္မတနေရာမှ ဆင်းပေးပြီးနောက် အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခံခဲ့ရသည်။

စက်တင်ဘာလအတွင်း ကျင်းပသည့် ရွေးကောက်ပွဲတွင် မော်လ်ဒိုက်ဒီမိုကရက်တစ်ပါတီမှ သမ္မတဟောင်း နာရှိဒ်၏လက်ထောက်ဖြစ်သူ အီဘရာဟင်မိုဟာမက်ဆိုလစ်သည် မမျှော်လင့်ဘဲ အနိုင်ရရှိခဲ့ပြီး သမ္မတဖြစ်လာသည့်အတွက် နာရှိဒ်သည် တိုင်းပြည်အတွင်း ပြန်လာခဲ့သည်။ စနေနေ့တွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအကြိုရလဒ်များအရ မော်လ်ဒိုက်ဒီမိုကရက်တစ်ပါတီမှ အမတ်နေရာ ၈၇ နေရာတွင် နေရာ ၅၀ အနိုင်ရရှိခဲ့ကြောင်း သိရပြီး ပုဂ္ဂလိကမီဒီယာများက မော်လ်ဒိုက်ဒီမိုကရက်တစ်ပါတီမှ ၆၈ နေရာအနိုင်ရရှိခဲ့သည်ဟု ဖော်ပြကြသည်။

အဝါရောင်သည် နာရှိဒ်ပါတီ၏ အရောင်ဖြစ်ပြီး မော်လ်ဒိုက်နိုင်ငံသည် အဝါရောင်အရုဏ်ဦးကို ကြိုဆိုရတော့မည်ဖြစ်ကြောင်း ၎င်း၏ ထောက်ခံသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ရွေးကောက်ပွဲရလဒ်တွင် နောက်ဆုံးရလဒ်မှာ အမတ်နေရာ ၇၀ နှင့် ၈၀ ကြားဖြစ်နိုင်ကြောင်း ရွေးကောက်ပွဲအရာရှိများက ပြောသည်။ နာရှိဒ်သည် ဥပဒေပြုလွှတ်တော်တွင် ဦးဆောင်ရတော့မည်ဖြစ်ပြီး တိုင်းပြည်ကိုပါလီမန်ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲရန် ကတိပြုခဲ့သည်။

အေအက်ဖ်ပီ

အစ္စတန်ဘူလ်လေဆိပ်သစ် အပြည့်အဝ စတင်လည်ပတ်

အစ္စတန်ဘူလ် မေ ၇

တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်ရှိ နိုင်ငံတကာလေဆိပ်သစ်ကို အပြည့်အဝ စတင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်သည်။

အစ္စတန်ဘူလ် လေဆိပ်သစ်၌ တစ်နှစ်လျှင် ခရီးသည် ပေါင်း သန်း ၉၀ ခန့်ကို စတင်ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု ခန့်မှန်းရသည်။ လေဆိပ်ကို ကမ္ဘာ့အကြီးဆုံးလေဆိပ်တစ်ခုအဖြစ် ဆောင်ရွက်သွားရန် အာဏာပိုင်များက စီစဉ်နေသည်။

အတာတပ်လေဆိပ်နေရာတွင် အစားထိုးဖွင့်လှစ်လိုက်သော လေဆိပ်သစ်ကို ပြီးခဲ့သည့် အောက်တိုဘာလက တစ်စိတ်တစ်ပိုင်း ဖွင့်လှစ်ခဲ့သည်။ အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် လေဆိပ်သည် အကျယ်အဝန်းအားဖြင့် ၇၆ ဒသမ ၅ စတုရန်းမီတာရှိပြီး မြို့လယ်ကောင်မှ ၃၅ ကီလိုမီတာ ကွာဝေးသည်။

မေ ၆ ရက် ညနေပိုင်းက တူရကီလေကြောင်းလိုင်းမှ လေယာဉ်များအားလုံး လေဆိပ်သစ်ဆီသို့ ရောက်ရှိလာခဲ့သည်။ ပြေးလမ်းနှစ်ခုပေါ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် ခရီးသည် သန်းပေါင်း ၂၀၀ ကို ဝန်ဆောင်မှုပေးရန်အတွက် လေယာဉ်ပြေးလမ်းလေးခု ထပ်မံဖြည့်စွက်တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါလေဆိပ်ဖွင့်လှစ်ခြင်းသည် တိုင်းပြည်စီးပွားရေး အရှိန်အဟုန်မြင့်လာစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ မေ ၇ ရက်ကလည်း ခရီးသည်များသည် လေဆိပ်သစ်ကို စတင်အသုံးပြုရန် စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေခဲ့ခြင်းကို တွေ့ခဲ့ရသည်။

အင်န်အိတ်ချ်ကေ

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန္ဒဖော်ထုတ်သည့် လူငယ်များကို သမ္မတဟောင်းအိုဘားမား ကြိုဆိုဂုဏ်ပြု

ဝါရှင်တန် မေ ၇

ဘာလင်၌ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားသည် ရာသီဥတုပြောင်းလဲမှုကို အပတ်စဉ်ဆန္ဒဖော်ထုတ်နေကြသည့် လူငယ်များ၏လှုပ်ရှားမှုကို ကြိုဆိုဂုဏ်ပြုခဲ့ပြီး မြန်မြန်စတင်နိုင်လေလေ၊ ပိုကောင်းလေလေဖြစ်သည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်သောကြာနေ့က ပြုလုပ်ခဲ့သည့် ဆန္ဒဖော်ထုတ်မှုတွင် ကျောင်းသားလူငယ်များနှင့် ဆယ်ကျော်သက်များပါဝင်ခဲ့ပြီး ဆွီဒင်မှ ဆယ်ကျော်သက်လှုပ်ရှားသူ ဂရီတာသမ်ဘတ်၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန္ဒဖော်ထုတ်မှုတွင် ပါဝင်ခဲ့ကြသူများသည် အလွန်ငယ်ရွယ်ကြသေးသည့်အတွက် မဲပေးနိုင်သည့်အရွယ်များ မဟုတ်ကြကြောင်း သို့သော်လည်း ကမ္ဘာကြီးတွင် မည်သို့ဖြစ်နေသည်ကို ၎င်းတို့နားလည်သိရှိကြကြောင်း သမ္မတဟောင်းအိုဘားမားက ဘာလင်၌ လူငယ်များနှင့်တွေ့ဆုံစဉ်အတွင်း ပြောကြားခဲ့သည်။

သင်တို့သည် မိမိနားထောင်လိုသော ဂီတအမျိုးအစားသို့မဟုတ် မိမိဝတ်ဆင်ရမည့် အဝတ်အစားတို့ကို သင်တို့၏ ဘိုးဘေးများကို ရွေးချယ်ခိုင်းလိမ့်မည်မဟုတ်၊ သင်မည်သည့် ကမ္ဘာတွင် သင်နေထိုင်မည်ဆိုသည်ကို ရွေးချယ်ခိုင်းရလိမ့်မည်ဟုအိုဘားမားက ပြောကြားခဲ့သည်။ ကျွန်ုပ်တို့ နေထိုင်သည့် ကမ္ဘာမြေကြီးသည် အန္တရာယ်အတွင်း ကျရောက်နေပြီဖြစ်သည်။ ထိုင်နေရုံဖြင့် အောင်မြင်မှုရလာမည်မဟုတ်သလို ကိုယ်တိုင်မလုပ်ဘဲ တခြားသူက လုပ်ဆောင်သွားရန် စောင့်ဆိုင်းနေရုံမျှဖြင့်လည်း အကျိုးမရှိနိုင်ဟု သမ္မတဟောင်းက လူငယ်များအား ဆော်ဩခဲ့ကြောင်းသိရသည်။

အေအက်ဖ်ပီ

သမ္မတဟောင်း ဘားရက်အိုဘားမား ရာသီဥတုဆိုင်ရာ တက်ကြွလှုပ်ရှားသူ လူငယ်များနှင့်တွေ့ဆုံခဲ့စဉ်။

ခေတ်သစ်အကြမ်းဖက်ဝါဒအောက် သက်ဆင်းသွားရသည့် အမျိုးသမီးများ

ခြူးစန္ဒီနွေး

ဂျက်နက်တာရာဟာနီဆိုတဲ့ အမျိုးသမီးဟာ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်စစ်သွေးကြွတွေနဲ့ ပူးပေါင်းဖို့ နယ်သာလန်နိုင်ငံကနေ ထွက်ခွာခဲ့တယ်။ ဆီးရီးယားရောက်တော့ အိုင်အက်စ်တိုက်ခိုက်ရေးသမားတစ်ဦးနဲ့ လက်ထပ်ခဲ့တယ်။

အဲဒီလူ အသတ်ခံရပြီးတဲ့နောက် ဂျက်နက်တာဟာ နောက်တစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ နောက်တစ်ယောက်ဟာလည်း တိုက်ပွဲမှာ သေဆုံးပြန်တယ်။ ဂျက်နက်တာကတော့ ကလေးတစ်ယောက်နဲ့ ကျန်ရစ်နေခဲ့ပါတယ်။ မတ်လအတွင်းမှာပဲ အိုင်အက်စ်တွေဟာ လုံးဝချေမှုန်းတာကို ခံလိုက်ရပါပြီ။

ပုံမှန်ဘဝပြန်ရချင်

ဂျက်နက်တာတစ်ယောက်လည်း အမေရိကန်က ကျောထောက်နောက်ခံပြုထားတဲ့ ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးထံမှာ လက်နက်ချခဲ့ပါတယ်။ အဲဒီနောက်မှာလည်း သူလည်း အယ်ဟိုးရွှက်ဖျင်စခန်းကို ရောက်သွားပါတယ်။ ဂျက်နက်တာကတော့ အသက် ၃၄ နှစ်ရှိပြီး သားဖြစ်သူ အာမက်ကတော့ သုံးနှစ်ပါ။ ပုံမှန်ဘဝကို ပြန်သွားချင်တယ်လို့ ဂျက်နက်တာက ပြောပါတယ်။

ကမ္ဘာပေါ်မှာ အရက်စက်ဆုံး အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ အိုင်အက်စ်တွေရဲ့ နောက်ဆုံးထိန်းချုပ်ထားရာ နယ်မြေကိုရှင်းလင်းနိုင်ခဲ့ပြီလို့ ကြေညာလိုက်တာဟာ တကယ့်မှတ်တိုင်တစ်ခုပါပဲ။ ဒါပေမယ့် မေးစရာရှိတာက ကမ္ဘာတစ်ဝန်းကနေ ဂျက်နက်တာတို့လို အမျိုးသမီးတွေဟာ အိုင်အက်စ်တွေနဲ့လာပြီး ပူးပေါင်းခဲ့ကြပါတယ်။

အခု အိုင်အက်စ်တို့ ကျရှုံးချိန်ဟာ ဒီအမျိုးသမီးတွေကိုရော ဘယ်လိုလုပ်မှာလဲဆိုတဲ့မေးခွန်းပါပဲ။ အခုဆိုရင် နေရပ်ကိုလည်း မပြန်နိုင်သလို ဘယ်နေရာကမှလည်း သူတို့ကို လက်မခံပါဘူး။ အဲဒီအမျိုးသမီးတွေအတွက် ဘယ်လိုလုပ်ပဲ့မလဲ။

လူတွေပြည့်နေ

အယ်ဟိုးဆိုတဲ့စခန်းမှာ ဒီဇင်ဘာလတုန်းက လူပေါင်း ၉၀၀၀ ခန့်ရှိခဲ့ပြီး အိုင်အက်စ်တို့ရဲ့နောက်ဆုံးနယ်မြေကို ပြန်သိမ်းယူပြီးတဲ့နောက်မှာတော့ စခန်းမှာရှိတဲ့ လူစာရင်းဟာ ၇၂၀၀၀ ခန့်အထိ တိုးလာခဲ့ပါတယ်။ ဒုက္ခသည်စခန်းတစ်ခုလုံး လူတွေနဲ့ ပြည့်နေပါတယ်။

ဒုက္ခသည်စခန်းမှာရောက်နေတဲ့ ဂျာမနီအမျိုးသမီးတစ်ဦးကတော့ ဆရာဝန်တစ်ဦးဖြစ်တဲ့ ခင်ပွန်းသည်နဲ့အတူ ဆီးရီးယားကို လာခဲ့တယ်လို့ ပြောပါတယ်။ အခုအခါမှာတော့ သူ့ရဲ့ ခင်ပွန်းသေသလား၊ ရှင်သလားလည်း မသိသေးဘဲ ဒီစခန်းကို ကလေးတစ်ယောက်နဲ့ ရောက်လာခဲ့ပါတယ်။ သူကတော့ ဂျာမနီကို မပြန်ချင်ဘူးလို့ ပြောပါတယ်။

အိုင်အက်စ်တွေဟာ အရင်ကလို ဆီးရီးယားနဲ့ အီရတ်က နယ်မြေတွေကို သိမ်းယူထားနိုင်တာ မရှိတော့ပေမယ့် အယ်ဟိုးစခန်းမှာရောက်နေတဲ့ အိုင်အက်စ်တွေနဲ့ပူးပေါင်းခဲ့သူ အမျိုးသမီး ၉၀၀၀ ခန့်ကတော့ သူတို့ရဲ့စည်းမျဉ်းတွေကို လိုက်နာဆဲပါပဲ။

ပြန်လက်မခံချင်ကြ

အယ်ဟိုးစခန်းဆိုတာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှာ ကာ့ဒ်တွေဦးဆောင်တဲ့ အုပ်ချုပ်ရေးအဖွဲ့က ထိန်းချုပ်ထားတဲ့ အကြီးဆုံးထိန်းသိမ်းရေးစခန်း သုံးခုထဲက တစ်ခုပါ။ ဆီးရီးယားနိုင်ငံမှာရှိတဲ့ စခန်းတွေမှာ နိုင်ငံခြားက အမျိုးသမီးပေါင်း ၁၂၀၀၀ ခန့်ကို ထိန်းသိမ်းထားပါတယ်။

ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးကတော့ အိုင်အက်စ်တိုက်ခိုက်ရေးသမားပေါင်း ၈၀၀၀ ခန့်ကို ဖမ်းဆီးထားပြီးအဲဒီထဲမှာ နိုင်ငံခြားသားကတော့ ၁၀၀၀ ခန့်ရှိပါတယ်။ ပြင်သစ်၊ ရုရှားနဲ့ ချေချင်ညာတို့ကတော့ ပမာဏအလွန်နည်းပါးတဲ့ သူတို့ရဲ့နိုင်ငံသားတွေကို ပြန်လက်ခံပါတယ်။

သူတို့လက်ခံတာကတော့ မိဘမဲ့တွေ၊ ကလေးတွေနဲ့ အမျိုးသမီးတွေကိုပါပဲ။ ဒါပေမယ့် အိုင်အက်စ်တွေနဲ့လာပူးပေါင်းတဲ့ နိုင်ငံခြားသားတွေကို မူရင်းနိုင်ငံက ပြန်လက်မခံချင်ကြပါဘူး။ သူတို့ဟာ မငြိမ်းချမ်းတဲ့ ဒီဒေသမှာပဲ နိုင်ငံမဲ့တွေဖြစ်လာခဲ့ပါတယ်။

ပြန်လွှတ်မပေးရဲ

မတ်လနောက်ဆုံးပတ်အတွင်းမှာပဲ ဒေသခံအစိုးရဟာ နိုင်ငံခြားတိုက်ခိုက်ရေးသမားတွေကို အဆုံးအဖြတ်ပေးမယ့် အပြည်ပြည်ဆိုင်ရာ ခုံရုံးဖွဲ့စည်းဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် ဒီအကြံဉာဏ်ကို အပြည်ပြည်ဆိုင်ရာက ထောက်ခံမှုနည်းသလို ဆီးရီးယားအစိုးရကလည်း လက်ခံဖွယ်မရှိပါဘူး။

ကာ့ဒ်အစိုးရထိန်းချုပ်ထားသည့် အယ်ဟိုးစခန်းကို တွေ့ရစဉ်။

စခန်းမှာရှိတဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေရဲ့နောက်ကြောင်းရာဇဝင်ကိုကြည့်ဖို့ဆိုတာလည်း ခက်ခဲပါတယ်။ သူတို့ဟာ နာမည်အတုတွေပဲသုံးတဲ့အတွက် ကိုယ်ရေးအချက်အလက်အမှန်ကို မသိနိုင်ပါဘူး။ အမျိုးသမီးတွေကို အမျိုးသားတွေလောက် အန္တရာယ်မရှိဘူးလို့ သတ်မှတ်ထားကြပေမယ့် တချို့အမျိုးသမီးတွေကတော့ သူတို့ကိုယ်တိုင်က တိုက်ခိုက်ရေးသမားတွေပါ။

တချို့အမျိုးသမီးတွေကျပြန်တော့လည်း အိုင်အက်စ်တွေရဲ့အယူဝါဒတွေ ရိုက်သွင်းခံထားရသူတွေ ဖြစ်နေပြန်ပါတယ်။ ဒါကြောင့် သူတို့ကို ထိန်းသိမ်းထားတဲ့ အာဏာပိုင်တွေဟာ သူတို့ကို ပြန်လွှတ်မပေးရဲပါဘူး။

ပုံမှန်လူ့အသိုင်းအဝိုင်းထဲ ပြန်ရောက်ချင်

နောင်တရကြတဲ့ အမျိုးသမီးတွေရှိသလို နောင်တမရသေးတဲ့အမျိုးသမီးတွေလည်း ရှိပါတယ်။ ထရီနီဒတ်ကလာတဲ့ အမျိုးသမီးကတော့ ဂါလီယွန်လို့ သူ့ကိုယ်သူပြောပါတယ်။ သူ့ရဲ့ခင်ပွန်းဟာ အိုင်အက်စ်တွေနဲ့ ပူးပေါင်းဖို့ ၂၀၁၄ ခုနှစ်မှာ ဆီးရီးယားကို ထွက်လာပါတယ်။

အဲဒီနောက်မကြာခင်မှာပဲ ခင်ပွန်းသည်နဲ့ ကွာရှင်းခဲ့ပါတယ်။ ဂါလီယွန်ကတော့ ပုံမှန်ဘဝနဲ့ ပုံမှန်လူမှုအသိုင်းအဝိုင်းထဲကို ပြန်ရောက်ချင်တယ်လို့ ပြောပါတယ်။ အိပ်ရာမှာ ကောင်းကောင်းအိပ်ချင်ပြီး အစားလည်း ပုံမှန်စားချင်တယ်။ တီဗွီလည်း ကြည့်ချင်တယ်၊ ရယ်လည်းရယ်ချင်တယ်လို့ ပြောပါတယ်။

နောင်တမရသေး

အသက် ၂၂ နှစ်အရွယ် ချေချင်ညာအမျိုးသမီးတစ်ဦးကတော့ သူ့ကိုယ်သူ အမ်အီရှာလို့ ပြောပါတယ်။ သူကတော့ နည်းနည်းလေးမှ နောင်တရတဲ့ဟန် မရှိပါဘူး။ အိုင်အက်စ်တွေနဲ့ လာပူးပေါင်းရတာကောင်းတယ်လို့ ပြောပါတယ်။

သူတို့ရဲ့ ညီအစ်ကိုတော်တွေဟာ နေရာအနှံ့မှာရှိလို့ တစ်ချိန်ချိန်အုပ်စုပြန်ဖွဲ့နိုင်တယ်လို့ ယုံကြည်နေပါတယ်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတုန်းကလည်း အိုင်အက်စ်တို့နဲ့သွားပေါင်းတဲ့ ကနေဒါအမျိုးသမီးနှစ်ဦးဟာလည်း နောင်တရဟန် မပြခဲ့ပါဘူး။

ဒီအမျိုးသမီးတွေ ကနေဒါနိုင်ငံကို ပြန်လာခဲ့ရင် လုံလောက်တဲ့ သက်သေအထောက်အထားတွေနဲ့ အမှုရင်ဆိုင်ရဖွယ်ရှိပါတယ်။ သက်သေအထောက်အထားရှာဖို့လည်း ခက်ပါတယ်။ တရားစွဲဆိုမခံရရင်တောင် သူတို့သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ်သွားလာနိုင်လိမ့်မယ်လို့တော့ မထင်ဘူးလို့ စီအက်စ်အိုင်အက်စ်အဖွဲ့က သုတေသီတစ်ဦးဖြစ်သူ ဂျက်ဆီကာဒေးဗစ်က ပြောပါတယ်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာပဲ ဆရီမာဘေဂမ်ဆိုတဲ့ မိန်းကလေးဟာ အိုင်အက်စ်တွေနဲ့ သွားပေါင်းဖို့ ဗြိတိန်ကနေ ဆီးရီးယားကို ထွက်ခွာလာခဲ့ပါတယ်။ ဆရီမာဟာလည်း ဗြိတိန်နိုင်ငံကို ပြန်ရောက်ရင် တရားစွဲဆိုမှုတွေ တသီတတန်းကြီးနဲ့ ရင်ဆိုင်ရမယ်ဆိုရင်တောင် သူ့ကလေးအတွက် ဗြိတိန်ကို ပြန်ချင်တယ်လို့ ပြောခဲ့ပါတယ်။

လေ့ကျင့်ခြင်းခံထားရတဲ့ ကလေးတွေ

အယ်ဟိုးစခန်းမှာရှိတဲ့ လူသုံးပုံနှစ်ပုံခန့်ဟာ ကလေးတွေပါ။ တချို့ကတော့ မိဘမဲ့တွေပါ။ အားလုံးကတော့ အကြမ်းဖက်မှုတွေကို ကိုယ်တိုင်မြင်တွေ့ခဲ့ကြသူတွေဖြစ်ပြီး တချို့ကတော့ လေ့ကျင့်ပေးတာ ခံထားရတဲ့သူတွေပါ။ တချို့မိဘတွေကိုယ်တိုင်ကိုက အိုင်အက်စ်တွေရဲ့အယူဝါဒတွေ လွှမ်းမိုးနေတာဖြစ်လို့ စိန်ခေါ်မှုကကြီးမားပါတယ်။

စခန်းရဲ့အုပ်ချုပ်ရေးမှူး ဘာရှာက စိတ်ပိုင်းဆိုင်ရာအရတော့ အရင်အတိုင်းပါပဲ။ ဘာမှပြောင်းလဲမသွားပါဘူးလို့ ပြောပါတယ်။ ကလေးတွေက အပြစ်ကင်းပါတယ်။ ဒါပေမယ့် ဒီစခန်းမှာပဲ ကြီးပြင်းရရင်တော့ သူတို့မိဘတွေ သင်ပေးတာပဲ ခေါင်းထဲမှာ စွဲနေတော့မှာလို့ ပြောပါတယ်။

နိုင်ငံမဲ့တွေ များလာ

အီရတ်၊ အီဂျစ် ကလေးငယ်တွေဟာ အုပ်စုဖွဲ့ပြီး ကစားရာမှာလည်း တိုက်ပွဲမှာ ပစ်ခတ်တမ်း ကစားနေကြပါတယ်။ အသက် ၁၀ နှစ်အရွယ် ကလေးကတော့ ခြေထောက်တစ်ဖက် ပြတ်နေပါတယ်။ သူ့အိမ်ဘယ်မှာလဲလို့မေးတော့ မသိဘူးလို့ ပြောပါတယ်။

ဆီးရီးယားနိုင်ငံသား မဟုတ်ဘဲ နိုင်ငံခြားကနေ အိုင်အက်စ်တွေနဲ့ လာရောက်ပူးပေါင်းတဲ့သူတွေဟာ ဒီစခန်းမှာ သောင်တင်နေပြီး သူတို့ကိုလက်ခံမယ့် နိုင်ငံလည်း မရှိပါဘူး။ နိုင်ငံမဲ့တွေ များလာတဲ့အခြေအနေကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာကိုတော့ အခုထက်ထိ မသိရသေးပါဘူး။ ။ **ကိုးကား - နယူးယောက်တိုင်းမ်**

နိုင်ငံတကာသတင်းတိုထွာ

အစ္စရေးကို ထောက်ခံသွားရန် အမေရိကန်သမ္မတ ထရမ့်ပြော

ဝါရှင်တန် ဧပြီ ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂိုလန်ကုန်းမြင့်ကို အစ္စရေးနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုရန် ဆုံးဖြတ်ခဲ့မှုကို ထပ်မံထောက်ခံပြောဆိုခဲ့သည်။ လပ်စ်ဗီးဂတ်ရှိ ဂျူးရီပက်ဗလစ်ကန် ညွန့်ပေါင်းအဖွဲ့တွင် မိန့်ခွန်းပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ သမိုင်းကပေးသော သင်ခန်းစာများကို ရယူရန် အကြံပေးများကိုလည်း မှာကြားထားကြောင်း၊ ၎င်းတွင် အခြားသောဖြေရှင်းစရာပြဿနာများလည်းရှိသေးကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့မှုကိုလည်း အလေးပေးပြောကြားခဲ့သည်။

ယခုလို ပြုလုပ်မှုသည် လူများဆယ်စုနှစ်ကြာ စောင့်ဆိုင်းခဲ့ရသည့်အရာလည်းဖြစ်ကြောင်း ထရမ့်ကပြောသည်။ ဒုတိယသမ္မတ မိုက်ပန့်စ်ကလည်း ၎င်း၏ နှုတ်ဆက်မိန့်ခွန်းတွင် အစ္စရေးအပေါ် အလေးပေးမှုကို ပြောကြားခဲ့သည်။ သမ္မတထရမ့်၏ အစိုးရအဖွဲ့သည် ဒီမိုကရက်တစ်ပါတီကို ထောက်ခံခဲ့သည့် ဂျူးမဲဆန္ဒရှင်များ၏ မဲကို ဆွဲဆောင်ရန် ကြိုးပမ်းနေပုံရပြီး လာမည့်နှစ်တွင် အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

ဂျော်ဒန်နိုင်ငံတွင် ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပ

အမ္မန် ဧပြီ ၇

ဂျော်ဒန်နိုင်ငံ၌ ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် အာရပ်ဝန်ကြီးများသည် အစ္စရေးနှင့်ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်သည်။ စနေနေ့က စတင်ကျင်းပခဲ့သည့် နှစ်ရက်ကြာ စီးပွားရေးဖိုရမ်တွင် ကဏ္ဍများစွာခွဲ၍ ဆွေးနွေးသွားခဲ့သည်။

အစ္စရေးနိုင်ငံနှင့် ပတ်သက်ပြီး အာရပ်ဝန်ကြီးများ ဆွေးနွေးရာတွင် အိုမန်နိုင်ငံခြားရေးဝန်ကြီး ယူဆွတ်ဖ်ဘင်အော်ဝီက ခြိမ်းခြောက်ခံရသည့်ခံစားမှုများက ရှောင်ရှားနိုင်ရန် အစ္စရေးနိုင်ငံကို ကူညီပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အိုမန်နိုင်ငံသည်အစ္စရေးနိုင်ငံနှင့် သံတမန် ဆက်ဆံရေးမျိုး မရှိခဲ့ပေ။ သို့သော် လွန်ခဲ့သည့်နှစ် အောက်တိုဘာလက အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အိုမန်နိုင်ငံသို့ ရုတ်တရက်လာရောက်ခဲ့သည်။

ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ အာရပ်နိုင်ငံများသည် အစ္စရေးနှင့်ဆယ်စုနှစ်များစွာကြာ မသင့်မမြတ်ဖြစ်ခဲ့ကြသည်။ အာရပ်နိုင်ငံများအနက် အီဂျစ်နှင့် ဂျော်ဒန်သာ အစ္စရေးနှင့်သံတမန်ဆက်ဆံရေးမျိုး ရှိသည်။

သို့သော် မကြာသေးမီနှစ်များအတွင်း အီရန်နိုင်ငံ၏ လွှမ်းမိုးမှုကို ရင်ဆိုင်ရန်အတွက် ကျန်အာရပ်နိုင်ငံများနှင့် အစ္စရေးတို့ ဆက်ဆံရေးမှာ ပိုမိုနီးကပ်လာခဲ့သည်။

အင်န်အိတ်ချ်ကေ

နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ မဟာမင်းထင် သစ်သားကျောင်းတော်ကြီး။

မန္တလေးမြို့ဒေးဝန်းရပ်တွင် နှစ်ပေါင်း ၁၂၀ ကျော် သက်တမ်းရှိပြီး ဘုန်းတော်ကြီးကျောင်းဖွဲ့စည်းမှု အပြည့်စုံဆုံး ရွှေအင်ပင် သစ်သားကျောင်းတော်ကြီး။

ခေတ်အဆက်ဆက် တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် မန္တလေးမြို့မှ ရှေးဟောင်း သစ်သားဘုန်းတော်ကြီးကျောင်းများ

မဟာအောင်မြေမြို့နယ်၌ သက္ကရာဇ် ၁၁၈၂ ခုနှစ်က တည်ဆောက်လှူဒါန်းခဲ့သည့် အမရပူရခေတ်လက်ရာ ဗန်းမော်သစ်သားကျောင်းတော်ကြီး။

မင်းထက်အောင် (မန်းကိုယ်ပွား)၊ ဓာတ်ပုံ - အောင်ဖြိုးကျော်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာ မန္တလေးမြို့တော်အတွင်း၌ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုပြယုဂ်အဖြစ် ကုန်းဘောင်ခေတ်နှောင်း၊ အင်းဝ၊ အမရပူရနှင့် ရတနာပုံခေတ် ဗိသုကာအနုပညာလက်ရာများဖြင့် တည်ဆောက်လှူဒါန်းခဲ့ကြသည့် ရှေးဟောင်း မြန်မာ့သစ်သားဘုန်းတော်ကြီးကျောင်းများကို ခေတ်အဆက်ဆက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မှုများဖြင့် ယနေ့တိုင် ခံ့ညားထည်ဝါစွာ တွေ့မြင်လေ့လာနိုင်ကြောင်း သိရသည်။

ရှေးခေတ်မြန်မာလူမျိုးတို့သည် သာသနာ့ဝန်ထမ်းရဟန်းတော်များ အေးချမ်းသာယာစွာ သီတင်းသုံးနေထိုင်၍ သာသနာ့တာဝန်များကို ထမ်းဆောင်နိုင်စေရန်နှင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ မပျောက်ကွယ်စေရေးတို့အတွက် ထိန်းသိမ်းပြသရာနေရာတစ်ခုအဖြစ် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြကြောင်းကို စာပေအထောက်အထားများ သာမက ကြွင်းကျန်ရစ်သော ရုပ်ဝတ္ထုအဆောက်အအုံများအရ သိရှိနိုင်ပေသည်။

ရှေးခေတ်မြန်မာ့ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ရာတွင် ကျောင်းဦး၊ ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်များ ပါဝင်ဖွဲ့စည်းဆောက်လုပ်ထားကြပြီး အဆိုပါဖွဲ့စည်းပုံအပြည့်အစုံဖြင့် ရှားပါးအဖိုးတန်စွာ ကျန်ရှိနေသည့် သစ်သားဘုန်းတော်ကြီးကျောင်းများကို ရှေးဟောင်းသုတေသနနှင့် ခေတ်အဆက်ဆက် သီတင်းသုံးနေထိုင်ခဲ့ကြသည့် သံဃာတော်များက ပြုပြင်မွမ်းမံမှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်အတွင်း၌ ခေတ်အဆက်ဆက် တည်ဆောက်လှူဒါန်းခဲ့ကြသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာ သစ်သားကျောင်းတော်ကြီးများကို တွေ့မြင်နိုင်သော်လည်း မြန်မာ့ယဉ်ကျေးမှုပြယုဂ်အဖြစ် အဆောင်ဖွဲ့စည်းမှုများ ပါဝင်သော စံပြမြန်မာ့သစ်သားဘုန်းတော်ကြီးကျောင်းများကို မဟာအောင်မြေမြို့နယ်အတွင်း ဂုဏ်ယူဖွယ်ကြွားစွာ တွေ့မြင်နိုင်ကြမည် ဖြစ်ပေသည်။

အောင်မြေသာစံမြို့နယ် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တည်ဆောက်ထားသည့် ကြေးမြင်မိဖုရားသစ်သားကျောင်းတော်ကြီး။

ရမည်းသင်းသစ်သားကျောင်းတော်ကြီး။

မဟာအောင်မြေမြို့နယ် ၃၈ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်အတွင်း နှစ်ပေါင်း ၁၃၀ ကျော် သက်တမ်းရှိ ရှေးဟောင်း သာကဝန်သစ်သားကျောင်းတော်ကြီး။

ဆွာချောင်းတမံရေဘေးကြောင့် ပျက်စီးသွားသည့်ကျောင်းဆောင်သစ်များ တိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

ရေတာရှည် ဧပြီ ၇
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများသည် ယနေ့ နံနက်က ပြီးခဲ့သည့်နှစ် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေဘေးသင့်ခဲ့ရသော ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာနှင့် တံတားကြီးကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြင့် အသစ်ပြန်လည် တည်ဆောက်ပေးခဲ့သည့် စာသင်ကျောင်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက်က ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လူ့အသက်သေဆုံးမှုများရှိခဲ့သလို အိုးအိမ်အဆောက်အအုံများစွာထိခိုက်ဆုံးရှုံးခဲ့ရသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ပိုင်းဆိုင်ရာထိခိုက်ခဲ့ကြရသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် ရေဘေးအန္တရာယ် ဖြစ်ပွားပြီးပြီးချင်း နိုင်ငံတော်အဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ယခုကဲ့သို့ အနာဂတ်အတွက် ကောင်းမွန်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အစရှိသည်တို့ကို ပုံဖော်ထုဆစ်သည့်နေရာများဖြစ်သည့် စာသင်ကျောင်းများပြန်လည်တည်ဆောက်ပေးနိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွာမင်းလမ်းကျေးရွာ မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တံတားကြီးကျေးရွာ မူလတန်းလွန်ကျောင်း၏ အုတ်စီ၊ သုံးခန်းတွဲ စာသင်ကျောင်းဆောင်ကို ဆက်လက် ဖွင့်လှစ်ပေးခဲ့သည်။ **သန်းလွင်**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မကွီ့အိမ်နူးမြို့သစ် ဖွင့်ပွဲ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပ

မင်းတပ် ဧပြီ ၇
ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်ရှိ မကွီ့အိမ်နူးမြို့သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (နယ်မြေတာဝန်ခံဝန်ကြီး) ဦးဝီကော၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သန်းနှင့် ဦးတိတ်ထန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မင်းတပ်မြို့နယ် မကွီ့အိမ်နူးမြို့ ဖွင့်ပွဲကမွည်းမော်ကွန်း ကျောက်တိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲကို မကွီ့အိမ်နူးမြို့ အထက ကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (နယ်မြေတာဝန်ခံဝန်ကြီး) နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက အမှာစကား ပြောကြားပြီးနောက် မြို့မိမြို့ဖ ဦးမနားလိန်က ဒေသ၏ လိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်အစိုးအရအဖွဲ့ဝင် ဝန်ကြီးများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မကွီ့အိမ်နူးမြို့ မြို့မိမြို့ဖ ဦးထန်းဟုန်းရောင်က မြို့ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များထံ ပေးအပ်ခဲ့ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က ယဉ်ကျေးမှုအဖွဲ့ကို ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းသည်။

မကွီ့အိမ်နူးမြို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၃.၉.၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၁၆၇/၂၀၁၇) ဖြင့် ရပ်ကွက် (၄) ရပ်ကွက်ပါသော မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ခရိုင်(ပြန်/ဆက်)

ပြည်နယ်အဆင့် တာဝန်ရှိသူများ မကွီ့အိမ်နူးမြို့သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တိုင်းဒေသကြီးဝန်ကြီးနှင့် ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံ

ကံမ ဧပြီ ၇
မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်သည် ကံမမြို့နယ်အတွင်း ကျေးရွာများမှ မီးလင်းရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဟန်၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက လျှပ်စစ်မီးလင်းရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကျေးရွာ ၄၁ ရွာမှ မီးလင်းရေးကော်မတီအဖွဲ့ဝင်များ၏ သိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၁၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၄၀/၉၈၅ ကျပ်	၁၀၀၀/၁၀၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၅၀/၉၉၅ ကျပ်	၁၀၁၀/၁၀၂၀ ကျပ်
အောက်တိန်း ၉၂	၇၉၀/၈၄၅ ကျပ်	၈၈၀/၈၉၅ ကျပ်
အောက်တိန်း ၉၅	၈၇၀/၉၂၀ ကျပ်	၉၅၅/၉၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၀၆ . ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၁ . ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၂ . ၃
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၆၉ . ၈
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၄၈ . ၃
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၂ . ၇
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ . ၁၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ . ၇၅၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၂ . ၃၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ . ၄၄
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ . ၂၂၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကင်ဆာဝေဒနာရှင်များ၏ တတိယအကြိမ်မြောက် သင်္ကြန်အကြို ပျော်ရွှင်ဖွယ် တွေ့ဆုံပွဲကျင်းပ

ကင်ဆာဝေဒနာရှင်များ၏ နှစ်သစ်အကြိုသင်္ကြန်တွေ့ဆုံပွဲ ကျင်းပစဉ်။

ရန်ကုန် ဧပြီ ၇

ကင်ဆာလူနာအချင်းချင်း ကူညီရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော စွယ်တော်ရိပ် ကင်ဆာပရဟိတအဖွဲ့၏ တတိယအကြိမ်မြောက် နှစ်သစ်အကြို သင်္ကြန် ပျော်ပွဲရွှင်ပွဲနှင့် တွေ့ဆုံပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ်၌ ကျင်းပသည်။

"ဒီပွဲလေး လုပ်ဖြစ်တာကတော့ ကင်ဆာဝေဒနာရှင်တွေနဲ့ အဖွဲ့ဝင်မိသားစုဝင်တွေကို ပျော်စေချင်တဲ့ ရည်ရွယ်ချက်ပါပဲ။ အန်တီတို့ ကိုယ်တိုင်ကလည်း ကင်ဆာဝေဒနာရှင်တွေပါ။ ဒီလိုပဲရောဂါကို ကုသရင်း ဖြတ်သန်းရင်းနဲ့ပဲ လုပ်နေတာပေါ့။ အခုဆို စွယ်တော်ရိပ်ကင်ဆာပရဟိတအဖွဲ့ရဲ့သုံးကြိမ်မြောက် သင်္ကြန်ကာလအကြိုပွဲလည်း ဖြစ်ပါတယ်။ အဓိကကတော့ ကိုယ်လိုဘဝတူ ကင်ဆာဝေဒနာရှင်တွေကို စိတ်အား၊ လူအား၊ ငွေအားတွေ အကူအညီပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းဆောင်ရွက်နေတာပါ" ဟု စွယ်တော်ရိပ်ကင်ဆာ ပရဟိတအဖွဲ့ တည်ထောင်သူ ဒေါ်နီလာဦးက ပြောသည်။

အဆိုပါ တွေ့ဆုံပွဲတွင် အဖွဲ့ဝင် ကင်ဆာဝေဒနာရှင်များနှင့် မိသားစုဝင်များ တွေ့ဆုံကာ အတွေ့အကြုံများ မျှဝေခြင်း၊ အားပေးစကားများ ပြောဆိုခြင်း၊ ကင်ဆာအထူးကုဆရာဝန်ကြီးများ၏ ဗဟုသုတရဖွယ်အကြံပြုချက်၊ အသိပညာပေး ဆွေးနွေးချက်များကို နားထောင်ခြင်း၊ ကင်ဆာရောဂါဝေဒနာရှင်များ စုရုံးကာ သင်္ကြန်သီချင်းများ ပျော်ရွှင်ဖွယ် သီဆိုခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

"ကင်ဆာရောဂါ ဖြစ်လာပြီဆိုရင် ဆေးမြီးတိုရောင်ရောင်၊ တိုင်းရင်းဆေးရောင်ရောင်အပြင် ရမ်းကုတွေနဲ့ ကုသနေတာမျိုးတွေကို ကျွန်တော်တို့အဖွဲ့အနေနဲ့ ထိန်းချုပ်တယ်။ မှားယွင်းတဲ့ ကုသမှုတွေဖြစ်တယ်ဆိုတာတွေကို လူနာတွေ ကုသမှုလမ်းမလွဲသွားအောင် အသိပညာပေးတယ်။ သွားလာလို့မရတဲ့ ကင်ဆာလူနာတွေကိုလည်း လိုက်လံကုသပေးတာမျိုးတွေလည်း လုပ်ပေးနေပါတယ်။ ကင်ဆာဝေဒနာကြောင့် စိတ်ဓာတ်ကျဆင်းတဲ့ ဝေဒနာရှင်တွေကိုလည်း စိတ်ဓာတ်ခွန်အားတွေ ပေးတယ်။ အဓိကပြောချင်တာက လူနာတွေအနေနဲ့က ဆရာဝန်ညွှန်ကြားချက်ကို တိတိကျကျ လေးစားလိုက်နာစေလိုပါတယ်" ဟု ကင်ဆာအထူးကုပါရဂူ ဒေါက်တာဟိန်းမြင့်အောင် က ပြောသည်။

စွယ်တော်ရိပ် ကင်ဆာပရဟိတအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် ဖ.ဆ.ပ.လ ရပ်ကွက် တိုက်အမှတ်(၁၅) အခန်း(၆)ရှိ စွယ်တော်ရိပ်အခမဲ့အကြံပေး ဆေးခန်းကို ဖွင့်လှစ်ထားပြီး တနင်္ဂနွေ၊ တနင်္လာ နှစ်ရက်တွင် ကင်ဆာလူနာများ အပါဝင် ရောဂါရှာဖွေစစ်ဆေးလိုသော လူနာများအား ကင်ဆာအထူး ကုဆရာဝန်ကြီးများက အခမဲ့ ကြည့်ရှုစစ်ဆေးအကြံပေးကြောင်း၊ ဆေးကုသစရိတ်အခက်အခဲရှိပြီး ကင်ဆာဝေဒနာ အမှန်တကယ်ခံစားနေသူများအား တတ်နိုင်သည့်ဘက်မှ ကူညီပေးလျက်ရှိကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး

လွိုင်လင်မြို့၌ ပျော်ရွှင်ဆင်နွှဲ တိုင်းရင်းသားလမ်းလျှောက်သင်္ကြန်ပွဲ စည်ကားစွာ ကျင်းပမည်

လွိုင်လင် ဧပြီ ၇

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်တွင် ပထမအကြိမ် တိုင်းရင်းသား သင်္ကြန်၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

လွိုင်လင်မြို့ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေစဉ်။

တိုင်းရင်းသားသင်္ကြန်မှာ လွိုင်လင်ခရိုင်အတွင်းရှိ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ လီဆူ၊ ယင်းနက်၊ ယင်းကြား၊ ကိုးကန့်၊ မုန်းဝန်း စသည့် တိုင်းရင်းသား ရေကစားမဏ္ဍပ်များတွင် တိုင်းရင်းသား အသုံးအဆောင်ပစ္စည်းများ ချိတ်ဆွဲထားပြီး ပျော်ရွှင်စွာ ရေကစားကြကာ စတုဒိသာများဖြင့် နေ့စဉ်ညှော့ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို ယခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပမည် ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို လွိုင်လင်မြို့မင်းလမ်းပေါ်မှာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အလားတူ တိုင်းရင်းသား အသုံးအဆောင်ပစ္စည်းများကိုလည်း မြို့တွင်းမင်းလမ်း လမ်းမကြီးတစ်လျှောက် ချိတ်ဆွဲထားမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ် ၂၀ ခန့် ရှိမည်ဖြစ်ကြောင်း၊ ဗဟိုမဏ္ဍပ်ကို မြို့မဈေးကြီးရှေ့ နာရီစင်အနီး တည်ဆောက်လျက်ရှိပြီး ယိမ်းအကပြိုင်ပွဲ၊ ခေတ်ဟောင်း၊ ကာလပေါ်တေးဂီတပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများထံက သိရသည်။

လွိုင်လင်မိုး

ပြင်ဦးလွင်၌ သင်္ကြန်သံချပ်ပြိုင်ပွဲထည့်သွင်းကျင်းပသွားမည်

ပြင်ဦးလွင် ဧပြီ ၇

မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ပြင်ဦးလွင်မြို့၌ သံချပ်ပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၏ ပြောပြချက်အရ သိရသည်။

"သံချပ်ပြိုင်ပွဲဝင်ကြမယ့်အဖွဲ့တွေက ဧပြီ ၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြင်ဦးလွင်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ ပြိုင်ပွဲဝင် သံချပ်စာမူတွေနဲ့အတူ စာရင်းပေးသွင်းကြမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်သံချပ်အဖွဲ့တွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကိုလည်း ထုတ်ပြန်ကြေညာထားပြီးပါပြီ။ ဒီနှစ်က ပထမဆုံးအကြိမ်ဖြစ်နေလို့ ဝါသနာရှင်အဆင့်၊ ပညာရှင်အဆင့်တို့ ခွဲခြားမထားဘဲ ပြိုင်ပွဲဝင်အားလုံးကို လက်ခံယှဉ်ပြိုင်ပေးသွားမှာပါ။ ဒိုင်အဖွဲ့ဝင်တွေကိုတော့ စာရေးဆရာ၊ သတင်းစာဆရာ၊ သဘင်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဖွဲ့စည်းထားပါတယ်" ဟု ၎င်းက ပြောသည်။

ပြင်ဦးလွင် သင်္ကြန်သံချပ်ပြိုင်ပွဲကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှစတင်၍ ကျောက်တိုင်ကွင်းဗဟိုမဏ္ဍပ်တွင် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး သံချပ်ပြိုင်ပွဲနှင့်အတူ ရပ်ကွက်၊ ကျေးရွာများမှ ယိမ်းအကအလှများကိုလည်း ပူးတွဲတင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

သင်္ကြန်ကာလ မူးခင်းကျဆင်းရေး ပညာပေး

ဒလ

သင်္ကြန်ကာလအတွင်းမူးခင်းလျော့နည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်း လျော့နည်းကျဆင်းရေးအတွက် ဧပြီလပထမပတ်က အုံ့ကြီးအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား မြို့မရဲစခန်းမှူး ဒုရဲမှူး အုန်းလွင်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းသော်တာ

ခရမ်း

ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ဧပြီ ၇ ရက်က ကျေးရွာပြည်သူများအား ပိန်းကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သိန်းဇော်ထွန်းက သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုကြီးတင်

ကော့မှူး

ကော့မှူးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ယမန်နေ့က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)မှ ဒေါ်မိမိခိုင်နှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ မြို့မရဲစခန်းမှူး ဒုရဲမှူးသက်လွင်က သင်္ကြန်ကာလအတွင်း မူခင်းလျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းဝင်း

သီပေါ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မဟာသင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေးအတွက် ဧပြီ ၇ ရက်က မိုင်းပွန်လမ်းနှင့်လမ်းမတော်လမ်းဆုံရာတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းတင်နှင့်တပ်ဖွဲ့ဝင်များ၊ သီပေါယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ရေစကြို

မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလ နီးကပ်လာသည်နှင့်အမျှ မူခင်းကြိုတင်ကာကွယ်ရေး မူခင်းကျဆင်းရေးလုပ်ငန်းများကို ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှ မူခင်းအသိပညာပေးယာဉ်ဖြင့် ဧပြီ ၆ ရက်က ရေစကြိုမြို့အဝင် ရွှေဂူကြီးလမ်းဆုံတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဖေ၏ ကြီးကြပ်စီစဉ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ကြပ်ကြီး မြင့်ဌေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မူခင်းအသိပညာပေးယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာသူ ပြည်သူများအား ပြကွက်အလိုက် ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။ အဆိုပါ မူခင်းအသိပညာပေးယာဉ်ပေါ်တွင် ယာဉ်စည်းကမ်းမလိုက်နာ၍ ယာဉ်တိုက်မှုဖြစ်စဉ်ဓာတ်ပုံများ၊ မူးယစ်ဆေးဝါး သုံးစွဲကြသူများ၏ ဒုက္ခခံစားနေရပုံ မှတ်တမ်းပုံများ၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားအောင် ရှောင်ရန်ဆောင်ရန် အချက်အလက်နှင့်မှတ်တမ်းပုံများ၊ မူခင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ် ဖော်ပြချက်များကို ပြသထားသည်။

ဖေထွဏ်းဇော် (ရေစကြို)

တံတားဦးမြို့၌ လမ်းလျှောက်သင်္ကြန် ပထမဆုံး ထည့်သွင်းကျင်းပမည်

တံတားဦး ဧပြီ ၇

၁၃၈၁ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကြီးတွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၌ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဓလေ့နှင့်လျော်ညီပြီး ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ပထမဆုံး ပါဝင်ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို မဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲအနီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ မြောက်ဘက်မှ စတင်ပြီး စေတနာရှင်လူမှုကူညီရေးအသင်းရုံးအထိ ပြုလုပ်မည်ဖြစ်ပြီး တောသင်္ကြန်ကို မြဝတီဘဏ်ရုံးရှေ့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စတုဒိသာညှော့ခံကျွေးမွေးရေးများနှင့် မဟာသင်္ကြန်ယိမ်းအက ပြိုင်ပွဲမဏ္ဍပ်တစ်ခုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲဖြစ်မြောက်ရေးကော်မတီများထံမှ သိရသည်။

ရဲတင့်

ညောင်ဦးမြို့နယ်၌ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများကို လူမှုရေးပင်စင်များ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်

ညောင်ဦး ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွားများအား နိုင်ငံတော်မှ ထောက်ပံ့သည့် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို ယမန်နေ့က မြို့နယ်မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများအဖွဲ့က ညောင်ဦးမြို့နယ် ဒါန်းကျေးရွာအုပ်စုသို့ သွားရောက်ပြီး အဘိုးအဘွားများထံ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များ အပါအဝင် ကျေးရွာအုပ်စု ၉၁ အုပ်စု၊ ကျေးရွာပေါင်း ၂၂၀ ရှိပြီး အသက် ၈၅ နှစ်အထက် အဘိုး ၃၈၆ ဦး၊ အဘွား ၇၃၉ ဦး စုစုပေါင်း အဘိုးအဘွား ၁၁၂၅ ဦးရှိကြောင်း သိရသည်။ ထို့နောက် ညောင်ဦးမြို့နယ် ဒါန်းကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၁၂ ဦးအား နိုင်ငံတော်မှ ထောက်ပံ့သည့် လူမှုရေးပင်စင် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်)အတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုသော ကယားပြည်နယ်ရှိ ငွေတောင်ချောင်းနှင့် ဆည်မြောင်းလုပ်ငန်းများ

ဝေလွင်မြိုင် (တောင်တွင်းကြီး)

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် သယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကယားပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုအနက် အသေးငယ်ဆုံးနှင့် လူဦးရေအနည်းဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး တည်ငြိမ်အေးချမ်း၍ သဘာဝအလှအပများဖြင့် သာယာလှပနေသော ချစ်ခင်နှစ်လိုဖွယ် ပြည်နယ်တစ်ခုဖြစ်ပါသည်။ သဘာဝအလှတရားများတွင် တစ်ခုအပါအဝင်ဖြစ်သော ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့၏ စိုက်ပျိုးရေးကဏ္ဍနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုသော ရေအရင်းအမြစ်တစ်ခုဖြစ်သည့် ငွေတောင်ချောင်း၏ အစတည်ရာ ကွိုင်ငံရေထွက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ကွိုင်ငံရေထွက်

ကယားပြည်နယ်တောင်ပိုင်း ကယောဒေသ မော်သီဒိုရွာရှိ ထီးဆိုဒူးအမြဲစိမ်းတောမှ အရင်းခံသည့် ထီးပရူနူသဘာဝ လိုဏ်ဂူ မြေအောက်မြစ် (မိုင်အရှည်- ၁၇ မိုင်) သည် တောင်ကုန်း၊ တောင်တန်း၊ တောနက်၊ ကျောက်တောင်များကို အဆင့်ဆင့်ဖောက်ထွက်ကာ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်နယ်အစပ် ကွိုင်ငံကျေးရွာအနီးတွင် ကြည်လင်အေးမြသော ရေများအဖြစ် လွန်ခဲ့သော နှစ်ပေါင်းများစွာ ဘိုးဘေးဘီဘင်များလက်ထက်ကတည်းက ထွက်ပေါ်နေသော ရေအရင်းအမြစ် ရေထွက်တစ်ခုဖြစ်ပါသည်။ အဆိုပါ ကွိုင်ငံရေထွက်မှ အစပြု၍ ငွေတောင်ချောင်းဖြစ်ပေါ်လာပြီး အဆုံးတွင် ဘီလူးချောင်းအတွင်းသို့ စီးဝင်သွားပါသည်။

ကွိုင်ငံရေထွက်မှ စတင်စီးဆင်းလာသော ၂၈ ဒသမ ၈၀ မိုင်ရှည်လျားသည့် ငွေတောင်ချောင်းပေါ်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုသော ရေလွှဲဆည် ၁၁ ခုနှင့် ရေထိန်းတမံ တစ်ခုရှိပြီး ရှေးယခင်က ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ခဲ့ကြ၍ ယခုအခါ အချို့ရေလွှဲဆည်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကွန်ကရစ်ဖြင့် အခိုင်အမာတည်ဆောက်ပြုပြင် ထိန်းသိမ်းပေးလျက်ရှိပါသည်။

ငွေတောင်ချောင်း၏အစ ကွိုင်ငံရေထွက်မှစ၍ တိုင်းတာသော ပေတိုင် ၃၇၀၀ ရှိ ပရားအား ရေလွှဲဆည်ကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အလျား ၁၄၅ ပေ၊ အကျယ် ၂၀ ဒသမ ၅ ပေ၊ အမြင့် ၉ ဒသမ ၂၅ ပေရှိ ကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်ပြုပြင်ပေးခဲ့ပါသည်။ ဒီးမော့ဆိုမြို့နယ်ရှိ လယ်မြေဧရိယာ ၆၇ ဒသမ ၃၇ ဧကကို မိုးစပါးစိုက်ပျိုးရေ လုံလောက်စွာ ပေးဝေလျက်ရှိပါသည်။

ပေတိုင် ၈၂၀၀ တွင် ခလိုလာအမှတ် (၁) ရေလွှဲဆည်ဖြင့် ရေထိန်းရေညှိ၍ ငွေတောင်ချောင်းခွဲရှိ ခလိုလာအမှတ် (၂) ရေလွှဲဆည်သို့ ရေအားဖြည့်တင်းကာ စိုက်ပျိုးမြေဧက ၄၅၄ ဒသမ ၀၆ ဧကကို အကျိုးပြုလျက်ရှိပါသည်။ ၎င်းရေလွှဲဆည်များကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ဖရူဆိုမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ၈၄၅ ဧကကို မိုးစပါးသာမက ဆောင်းသီးနှံ စိုက်ပျိုးမှုအတွက်ပါ အားထားရသော ငွေတောင်ချောင်း၏ ပေတိုင် ၁၈၀၀၀ ရှိ ခေါ်သဲရေလွှဲဆည်အား တော်လှန်ရေးကောင်စီအစိုးရလက်ထက် (၁၉၆၂-၁၉၆၃) တွင် တည်ဆောက်ခဲ့ပြီး ရေပေးမြောင်းကိုလည်း အရှည်ပေ ၃၀၀၀ အထိ ကွန်ကရစ်ရေမြောင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ထိန်းသိမ်းလျက်ရှိပါသည်။ ထို့အပြင် ငွေတောင်ချောင်း ပေတိုင် ၂၀၀၀၀ တွင် ကိုယ့်အားကိုယ်ကိုးဖြင့် ဆိုဒဲ့ခူရေလွှဲဆည် တည်ဆောက်ကာ ခလိုလာ အမှတ် (၂) ရေလွှဲဆည်ရေသောက်စနစ်အား အားဖြည့်ကာ ဧက ၂၈၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါသည်။

ငွေတောင်ချောင်း၏ ပေတိုင် ၂၇၃၂၀ တွင် ဖဲဘူးမြာရေလွှဲဆည်တည်ရှိပြီး ခေါ်သဲဆည် ရေသောက်စနစ်ကို အားဖြည့်ရုံတင်မက ထီးပေါကူးကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား သောက်သုံးရေအဖြစ် အားကိုးအားထားရသော ထီးပေါဆိုရေကန်အား ရေဖြည့်သွင်းပေးလျက်ရှိပါသည်။ ၎င်းထီးပေါဆိုရေကန်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နှစ်ပေမြှင့်တင်ခြင်း၊ ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးပေထပ်မံမြှင့်တင်၍ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးနှင့် ဖရူဆိုမြို့ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းအရ မြို့သောက်သုံးရေရရှိရေးအတွက် ပြုပြင်ဆောင်ရွက်ပေးခဲ့ပါသည်။

ငွေတောင်ရေထိန်းတမံ

ထို့အပြင် ခေါ်သဲဆည်ရေသောက်စနစ်ကို ထပ်မံရေအားဖြည့်ရန် ပေတိုင် ၃၇၂၀၀ တွင် ဒေသခံတောင်သူများမှ လီကူးရေလွှဲဆည်ကို တည်ဆောက်ထားပြီး သာမန်ပြင်ဆင်ခြင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ကယားပြည်နယ်၏ အထင်ကရတစ်ခုဖြစ်သော ငွေတောင်ရေလှောင်တမံသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေပြည်သူလူထု သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများကို အကျိုးပြုလျက်ရှိသည့်အပြင် ခရီးသွားဧည့်သည်များ အပန်းဖြေနားနေနိုင်သော နေရာတစ်ခုအဖြစ် ထင်ရှားပါသည်။ ငွေတောင်ရေလှောင်တမံကို ငွေတောင်ချောင်းလက်တက်ပေါ်၌ (၁၉၆၂-၁၉၆၃)တွင် စတင်တည်ဆောက်ခဲ့ပြီး ဒီးမော့ဆိုမြို့နယ်အတွင်းရှိ လယ်မြေဧက ၅၈၇၇ ကျော်ကို အကျိုးပြုသည့်အပြင် ငွေတောင်ရေလှောင်တမံမှရေကို ၁၀၀၀၀၊ ဖငွေတောင်ရေလှောင်တမံမှရေကို ဂါလန် ၁၀၀၀၀ ဆံ့နှင့် ဂါလန် ၂၅၀၀၀ ဆံ့ ရေကန်နှစ်ခုမှတစ်ဆင့် ဒီးမော့ဆိုမြို့ သောက်သုံးရေ ပေးဝေလျက်ရှိပါသည်။ ငွေတောင်ရေလှောင်တမံသည် ငွေတောင်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း မဟုတ်သော်လည်း ငွေတောင်ချောင်းမှရေကို ငွေတောင်ရေထိန်းတမံဖြင့် ရေထိန်းရေမြှင့်ပြုလုပ်ကာ နန်းစံဖူးသဘာဝရေထွက်မှလာသော ရေများဖြင့် ပေါင်းစည်း၍ ငွေတောင်ဆည်ကြီးအတွင်းသို့ စီးဝင်စေခြင်းဖြင့် အကျိုးပြုလျက်ရှိပါသည်။ ငွေတောင်ရေထိန်းတမံအနေဖြင့် ငွေတောင်ရေလှောင်တမံအား ရေအားဖြည့်ပေးသည့်အပြင် လယ်မြေ ၆၁၂ ဧကကိုလည်း မြို့မရပ်ကွက် ရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။ မြို့မရပ်ကွက်ရေလွှဲဆည် (Crib weir) မူလကျောက်ဖြည့် ရေလွှဲဆည်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ပြုပြင်ပေးခဲ့ပါသည်။

ငွေတောင်ချောင်း၏ ပေတိုင် ၇၃၅၈၀ တွင် ချောင်း၏ ဒုတိယဆည်ရေသောက်ဧက အများဆုံးဖြစ်သော ကျောက်ဆည်ရေလွှဲဆည်ကို ၁၉၆၄-၁၉၆၅ တွင် တည်ဆောက်ခဲ့ပြီး လက်ယာရေမြောင်းမှ ငွေတောင်ဆည်ရေသောက်စနစ်၏ ငွေတောင်လက်တံမြောင်းအား ရေကူပေးသည့်အပြင် လက်ဝဲရေပေးမြောင်း အရှည်ပေ ၄၀၂၀၀ မှ လယ်မြေဧရိယာ ၁၆၉၆ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါသည်။ ထို့ပြင် ကျောက်ဆည်ရေသောက်စနစ်အား ရေကူပေးရန် ရည်ရွယ်၍ ငွေတောင်ချောင်း ပေတိုင် ၈၉၀၀၀ ရှိ မြောင်းခွရေလွှဲဆည်ကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြုပြင်ပေးခဲ့ပါသည်။ ၎င်းရေလွှဲဆည်မှ ကျောက်ဆည်ရေသောက်စနစ်ကို ရေကူပေးသည့်အပြင် လက်ယာရေပေးမြောင်းမှလည်း ငွေတောင်ဆည်ရေသောက်ကွင်းအမှတ် (၃၁) ရှိ လယ်မြေ ၁၃၂ ဧကကိုလည်း စိုက်ပျိုးရေပြည့်ဝစွာရရှိစေပါသည်။

ငွေတောင်ချောင်း၏ အဖျားပိုင်း ပေတိုင် ၁၀၂၄၀၀ တွင်လည်း သရက်သုံးပင်ရေလွှဲဆည်ကို ၁၉၉၀-၁၉၉၁ ဘဏ္ဍာနှစ်တွင် အလျား ၇၂ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၄ ပေရှိ ရေထိန်းတံခါး ရှစ်ပေါက်ဖြင့် တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးမြေ ၁၂၃ ဧကနှင့် မုံပြာကန်ရေကူရေအားဖြည့်ကာ လယ်မြေဧက ၅၅၀ ကို ထပ်မံရေရရှိစေပါသည်။

ငွေတောင်ချောင်းတစ်လျှောက် ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့နည်းရေးနှင့် ချောင်းတိမ်ကောမှု မရှိစေရေးအတွက် ရည်ရွယ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူကာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤသို့အားဖြင့် “နိုင်ငံ၏ ရေအရင်းအမြစ်သယံဇာတများကို ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီအောင် အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ရေရှည်လုံခြုံစိတ်ချနိုင်ရန်အတွက် စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်” ဟူသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ မူဝါဒနှင့်အညီ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်များ၏ အသက်သွေးကြောသဖွယ်ဖြစ်သော ငွေတောင်ချောင်းသည် ရေလွှဲဆည် ၁၁ ခုနှင့် ရေထိန်းတမံ တစ်ခုတို့မှ စုစုပေါင်း အကျိုးပြုဧရိယာ ဧက ၄၇၆၀ နှင့် ငွေတောင်ဆည်မှ အကျိုးပြုဧရိယာ ၅၈၇၇ ဧက စုစုပေါင်း ၁၀၆၃၇ ဧကကို စိုက်ပျိုးရေပေးဝေနေသည့်အပြင် ဒေသခံပြည်သူများ၏ သောက်သုံးရေရရှိရေးအတွက် အကျိုးပြုလျက်ရှိပြီး ကယားပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

သင်္ကြန်ပွဲတော်ကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်စွာဆင်နွှဲနိုင်ဖို့ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါတယ်

ရဲမှူး ဝင်းနိုင်ဦး

အမေး၊ အရေး- အောင်ရဲသွင်၊ ဓာတ်ပုံ- ထန်ဖုန်း

မကြာမီကာလအတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကြီး ကျရောက်တော့မည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုများ လျော့ပါး၍ ဘေးအန္တရာယ်ကင်းရှင်းစွာ နှစ်သစ်ကို ကြိုဆိုနိုင်စေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်ထားရှိသည့် အစီအမံများကို ပြည်သူများ သိရှိနိုင်စေရန် အမှတ် (၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး ဝင်းနိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

မေး ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ လျော့ပါးစေဖို့ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်ထားသလဲဆိုတာ ပြောပြပေးပါ။

ဖြေ ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ မဟာသင်္ကြန်ပွဲတော် ကျင်းပစဉ်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ လျော့နည်းစေဖို့အတွက် ရေကစားကဏ္ဍပ်တွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တာဝန်ချထားခြင်း၊ နေပြည်တော်မှာရှိတဲ့ အဝိုင်း၊ မီးပွိုင့်၊ လမ်းဆုံ၊ လမ်းခွတွေမှာ ယာဉ်လမ်းရှင်းလင်းရေး တာဝန်ချထားခြင်း၊ ရှေ့ပြေးဆိုင်ကယ်တွေနဲ့ ယာဉ်လမ်းရှင်းလင်းရေးတာဝန်ချထားခြင်းနှင့် ဆယ်တင်ယာဉ် (ကရိန်းယာဉ်) တွေနဲ့ ယာဉ်ကြောပိတ်ဆို့တဲ့အခါမှာ ရှင်းလင်းဖို့ အသင့်တာဝန်ချထားခြင်းတွေကို စီမံဆောင်ရွက်သွားပါမယ်။ ဒေသဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ NGO အဖွဲ့အစည်းတွေနဲ့ ယာဉ်/လမ်းရှင်းလင်းရေး ပညာပေးဆောင်ရွက်သွားပါမယ်။ သင်္ကြန်ကာလအတွင်း အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်း မပြုဖို့နဲ့ လိုင်စင်မဲ့ယာဉ်တွေ အသုံးပြုပြီး ရေပက်ခံမထွက်ဖို့ကို ကြိုတင်ပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း မရှိစေဖို့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး Alcohol Tester နဲ့ စစ်ဆေးအရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာလည်း ယာဉ်မောင်းဟာ ယာဉ်မောင်းနှင်ဖို့ မသင့်တော်တဲ့ အခြေအနေမှာ ရှိနေမယ်ဆိုရင် အခြားယာဉ်မောင်းနှင်တတ်သူတစ်ဦးနဲ့ အစားထိုးလဲလှယ်ပြီး မောင်းနှင်စေမှာ ဖြစ်ပါတယ်။ သင်္ကြန်ကာလအတွင်းမှာ ရေပက်ခံထွက်တဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်မဖြစ်စေဖို့အတွက် ဒီလိုစီမံဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

မေး ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်းမှာ အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်မှုတွေကို ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ ပြောပြပေးပါ။

ဖြေ ॥ ॥ သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားပြီး မောင်းနှင်ခြင်း မပြုစေရန်အတွက် သင်္ကြန်ကာလမတိုင်ခင် အကြိုကာလ

မေး ॥ ॥ သင်္ကြန်ကာလမှာ အပျော်ကျူးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာဘဲ ထင်သလိုမောင်းနှင်မှုတွေကို ဘယ်လိုကိုင်တွယ် သွားမလဲဆိုတာ သိလိုပါတယ်။

ဖြေ ॥ ॥ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာဘဲ ထင်သလိုမောင်းနှင်မှု မရှိစေဖို့အတွက် စည်းကမ်းပျက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ပူးပေါင်းအဖွဲ့တွေနဲ့ ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောမှုတွေကို မြို့ပေါ်မှာသာမက ကျေးရွာတွေအထိ အရှိန်အဟုန်မြှင့် အသိပညာပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ အသိပေးလုပ်ဆောင်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် သတင်းမီဒီယာတွေကနေတစ်ဆင့် အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ယာဉ်အန္တရာယ်ဆိုးကျိုးကို ပြည်သူလူထု သိရှိလက်ခံနိုင်ရေးအတွက် ဥပဒေစည်းကမ်းတွေနဲ့ ထိန်းသိမ်းကြပ်မတ်ခြင်းနည်းလမ်းတွေအပြင် လူထုအခြေပြုပညာပေးစနစ်ကိုလည်း ထိရောက်စွာအသုံးပြုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာပါက သက်ဆိုင်ရာ လုံခြုံရေး မိတ်ဖက်ပူးပေါင်းအဖွဲ့တွေနဲ့ ပူးပေါင်း၍ ယာဉ်မောင်းကို ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မေး ॥ ॥ ယခင်နှစ် သင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ယာဉ်မတော်တဆဖြစ်ပွားခဲ့မှုအခြေအနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှု အခြေအနေတွေကို သိလိုပါတယ်။

ဖြေ ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ တစ်နိုင်ငံလုံး စာရင်းဇယားများအရ ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ယာဉ်မတော်တဆမှု ၃၅၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၆၉၀၊ သေဆုံးသူ ၁၃၃ ဦး ရှိခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့တာကို တွေ့ရှိရပါတယ်။ နောက်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာ ယာဉ်မတော်တဆမှု ရှစ်မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ရှစ်ဦးနဲ့ ဒဏ်ရာရရှိသူ တစ်ဦး ရှိခဲ့ပါတယ်။

မေး ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူတွေကို ဘယ်လိုအကြံပြုချင်ပါသလဲ။

ဖြေ ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ သင်္ကြန်ကာလအတွင်းမှာ ရေပက်ခံထွက်လာတဲ့ ပြည်သူလူထုတွေ ဘေးအန္တရာယ်ကင်းစေဖို့အတွက် ယာဉ်မောင်းသူတွေကို အကြံပြုလိုတာက အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်း မပြုဖို့ ပြောကြားလိုပါတယ်။ နောက်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ များပြားလာတာနဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း စနစ်တကျမောင်းနှင်သွားဖို့နဲ့ ယာဉ်ရဲ့ သတ်မှတ်အလေးချိန်ထက်ပိုပြီး တင်ဆောင်မောင်းနှင်ခြင်း မပြုဖို့ အကြံပြုလိုပါတယ်။ တစ်စီးနဲ့ တစ်စီး အပြိုင်အဆိုင် မဆင်မခြင် အရှိန်ပြင်းမောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်ပြီး မောင်းနှင်ခြင်း၊ ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောတပ်၍ မောင်းနှင်ခြင်းနဲ့ နံပါတ်မရရှိသေးတဲ့ ယာဉ်အသစ်တွေနဲ့ ရေပက်ခံထွက်ခြင်း မပြုလုပ်ဖို့ အကြံပြုပြောကြားလိုပါတယ်။

မေး ॥ ॥ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ပြည်သူလူထုအတွက် ဖြည့်စွက်ပြောကြားလိုတာများ ရှိရင် ပြောကြားပေးပါ။

ဖြေ ॥ ॥ မဟာသင်္ကြန်ဆိုတာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူးပွဲတော်ဖြစ်တဲ့အတွက် ဒီအချိန်မှာ အားလုံးက စိတ်လက်ပေါ့ပါးစွာနဲ့ ပျော်ရွှင်ကြည်နူးစွာ နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲကြပါတယ်။ ဒီလိုဆင်နွှဲတဲ့အခါမှာ အားလုံးက ဘေးအန္တရာယ်ကင်းကင်းနဲ့ နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲပြီး နှစ်သစ်ကို စိတ်သစ်လူသစ်နဲ့ ကြိုဆိုဖို့ လိုအပ်ပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့လည်း ပြည်သူလူထု ပျော်ရွှင်စွာဆင်နွှဲတဲ့အခါမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းဖို့အတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်တာကို ပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းပြီး ပါဝင်ဆောင်ရွက်ပေးကြစေလိုပါတယ်။ ဒီလိုကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး နှစ်သစ်ကူးပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲနိုင်မှာဖြစ်တဲ့အကြောင်း အသိပညာပေး ပြောကြားလိုပါတယ်။ ॥

ရဲမှူး ဝင်းနိုင်ဦး

"တစ်စီးနဲ့ တစ်စီး အပြိုင်အဆိုင် မဆင်မခြင် အရှိန်ပြင်းမောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်ပြီး မောင်းနှင်ခြင်း၊ ဆိုင်ကယ်များတွင် ပါဝါအိတ်ဇောတပ်၍ မောင်းနှင်ခြင်းနဲ့ နံပါတ်မရရှိသေးတဲ့ ယာဉ်အသစ်တွေနဲ့ ရေပက်ခံထွက်ခြင်း မပြုလုပ်ဖို့ အကြံပြုပြောကြားလိုပါတယ်"

သင်္ကြန်မတိုင်မီ ကော့သောင်းမြို့အနီး ပင်လယ်ကျွန်းအပန်းဖြေခရီး လာရောက်လည်ပတ်သူများ စည်ကား

ကော့သောင်း ဧပြီ ၇

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော် မတိုင်မီ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ထိုင်းနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာကြသည့် ပြည်ပခရီးသွားဧည့်သည်များ ကော့သောင်းမြို့အနီး ပင်လယ်ကျွန်းများသို့ အပန်းဖြေခရီး လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို ယနေ့ နံနက်ပိုင်းက မြို့မဆိပ်ကမ်းတံတား၌ တွေ့မြင်ရသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ ထူးကဲစွာ လာရောက်လည်ပတ်ကြပြီး သာယာလှပဖွယ် ကမ်းခြေသဲသောင်များ၊ အပန်းဖြေဟိုတယ်များရှိရာ အက်ဒမန်ပင်လယ်အတွင်း ပင်လယ်ကျွန်းများဆီသို့ သင်္ကြန်အားလပ်ရက်မတိုင်မီ ခရီးသွားဧည့်သည်များ မိသားစုအလိုက်၊ အစုအဖွဲ့များအလိုက် တဖွဲဖွဲ ကြိုတင်လာရောက်နေကြပြီဖြစ်ပြီး မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ ပို့ဆောင်ပေးမည့် စပိဘုတ်များ၊ ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်းတံတားတွင် စည်ကားလှသည်ကို တွေ့မြင်ရသည်။

လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ များပြားသည်နှင့်အမျှ မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်များမဖြစ်ပေါ်ရေး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ မော်တော်ယာဉ်များဖြင့် ယာဉ်အန္တရာယ် သတိပြုကြရေး လိုက်လံနှိုးဆော်အသိပေးလျက်ရှိပြီး ခရီးစဉ်အလိုက် အဆင်ပြေလွယ်ကူချောမွေ့စေရေး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းကုမ္ပဏီများဖြင့် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပင်လယ်ပြင်အတွင်း စပိဘုတ်များဖြင့် ခရီးသွားလာရခြင်းဖြစ်၍ ခရီးသွားဧည့်သည်များ မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များ ကျရောက်ပါက အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေး မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့မှ ပင်လယ်ပြင်လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ယခုရက်ပိုင်းအတွင်း ခရီးသွားများဖြင့် စည်ကားနေသော ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်း။

ရွှေသောင်ယံမြို့၌ မြေယာနစ်နာကြေးငွေပေးအပ်ပွဲ ကျင်းပ

ရွှေသောင်ယံ ဧပြီ ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ရွှေသောင်ယံမြို့အမှတ် (၂) ရပ်ကွက် ကမ်းခြေဆင်းလမ်းတွင် ပါဝင်သွားသော မြေယာပိုင်ရှင်များအား မြေယာနစ်နာကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရွှေသောင်ယံမြို့အုပ်ချုပ်ရေးမှူး၊ မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ကမ်းခြေဆင်းလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြေယာနစ်နာကြေးငွေ ပေးအပ်ခြင်းနှင့် မြေယာနစ်နာကြေးငွေ ထည့်ဝင်ပေးအပ်သော လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြရာ အမှတ် (၂) ရပ်ကွက် ကမ်းခြေဆင်းလမ်း (၄) လမ်းအတွက် မြေယာနစ်နာကြေးငွေများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့အုပ်ချုပ်ရေးမှူးတို့က ပိုင်ရှင်များထံသို့ ပေးအပ်ခဲ့သည်။

ကိုကိုမောင် (ပြန်/ဆက်)

မြေယာနစ်နာကြေးငွေ ပေးအပ်စဉ်။

ပလင်းကမ်းသာဆင်စခန်း လာရောက်လေ့လာသူများဖြင့် စည်ကား

ပလင်းကမ်းသာ ဆင်စခန်း၌ ထိန်းသိမ်းထားသော ဆင်များ။

ညောင်ဦး ဧပြီ ၇

ညောင်ဦးမြို့နယ် ပလင်းကမ်းသာ ဆင်စခန်းမှာ ဧရာဝတီမြစ်ကမ်းဘေး ပလင်းကျေးရွာအနီးတွင် ဖွင့်လှစ်ထားသဖြင့် ဧရာဝတီမြစ်ပြင်မှ အေးမြသောလေကိုခံစားနိုင်ပြီး ယခုရက်ပိုင်း သင်္ကြန်မတိုင်မီ ကာလ၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပလင်းကမ်းသာ ဆင်စခန်းသည် ညောင်ဦးမြို့အရှေ့ဘက် ညောင်ဦး-ပခုက္ကူသွား ကားလမ်းငါးမိုင်ကွာ ပလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်။

ပလင်းကမ်းသာ ဆင်စခန်းတွင် ဆင်ရှစ်ကောင်ရှိသည်။ ပလင်းကမ်းသာ ဆင်စခန်းမှ ဆင်စီးခမှာ ပြည်တွင်း ငွေကျပ် ၅၀၀၀၊ ပြည်ပ ငွေကျပ် ၁၀၀၀၀ ဖြစ်ကြောင်း၊ ဆင်များကို နေ့စဉ်နံနက်နှင့် ညနေများတွင် ရေချိုးပေးရကြောင်း၊ နေ့စဉ် လူ ၁၀၀ ကျော် လာရောက်လည်ပတ်ပြီး အခါကြီး၊ ရက်ကြီးနှင့် ရုံးပိတ်ရက်များတွင် အများဆုံးလာရောက်လည်ပတ်ကြကြောင်း၊ ဆင်စခန်းတွင် ဆင်စာအဖြစ် ကြံ၊ ဖရဲသီး၊ ပြောင်းဖူးတို့ကိုလည်း တစ်ဗန်း ကျပ် ၁၀၀၀ ဖြင့် ဆင်စာကျွေးနိုင်ရန် ဆင်စာရောင်းသည့် ဈေးဆိုင်များလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

ပလင်းကမ်းသာဆင်စခန်းကို ၂၈-၃-၂၀၁၈ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ဆင်စခန်း စတင်ဖွင့်လှစ်ချိန်က ဆင်ကောင်ရေ ခြောက်ကောင်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ပလင်းကမ်းသာ ဆင်စခန်းတွင် ဆင်ရှစ်ကောင်ဖြင့် ပြသဖွင့်လှစ်ထားသည်။ ဆင်ရှစ်ကောင်မှာ အထီးလေးကောင်၊ အမလေးကောင် ဖြစ်သည်။

မြန်မာ့သစ်လုပ်ငန်းက ဆင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကာ အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ပူးပေါင်းထိန်းသိမ်းလာနိုင်စေရန်၊ ဆင်အခြေပြုခရီးသွားလုပ်ငန်းကို အမှီပြု၍ အနီးပတ်ဝန်းကျင်မှ ပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေရန်၊ ဆင်များနှင့် အနီးကပ်ထိတွေ့ခွင့်ရရှိပြီး ဆင်နှင့်ပတ်သက်သော အသိပညာဗဟုသုတများ ရရှိစေပြီး ဆင်များကို ချစ်ခင်မြတ်နိုးတတ်လာစေရန်၊ ပြည်တွင်း ပြည်ပခရီးသွားများ စိတ်အပန်းဖြေ အနားယူလည်ပတ်စရာနေရာတစ်ခု ဖြစ်ပေါ်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆင်စခန်းများ ဖွင့်လှစ်ထားရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ဆင်စခန်းပေါင်း ၂၀ ဖွင့်လှစ်ထားကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

မန်းစက်တော်ရာရှိ ရွှေသမင်ဘေးမဲ့တောဉယျာဉ်ခြံတွင် ရွှေသမင်နှစ်ကောင် သေဆုံး

မင်းဘူးစကု ဧပြီ ၇

မင်းဘူးစကုမြို့နယ် မန်းစက်တော်ရာဘုရားပွဲတော်ရှိ အခမဲ့ဝင်ရောက် လေ့လာနိုင်သည့် ရွှေသမင်ဘေးမဲ့တော ဉယျာဉ်ခြံတွင် ၂၀၁၉ ခုနှစ် ပွဲတော်ရာသီတွင် ဝင်ရောက်ကြည့်ရှုသူနည်းပါးလျက်ရှိနေကြောင်းနှင့် ယခုနှစ်ပွဲတော်ချိန်၌ ရွှေသမင်နှစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

မန်းရွှေစက်တော်ရှိ ရွှေသမင်ဘေးမဲ့တောဉယျာဉ်ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ၂ ဒသမ ၄ ဧက အကျယ်အဝန်းဖြင့် စတင်တည်ခဲ့ပြီး အထီးငါးကောင်၊ အမရှစ်ကောင်၊ လွှဲပြောင်းကောင်ရေ အထီးတစ်ကောင်နှင့် အမတစ်ကောင်ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အထီးခြောက်ကောင်၊ အမ ၁၄ ကောင်ရှိပြီး ငါးကောင်တိုးသည်ဟု သိရသည်။ ယခုနှစ် လက်ရှိ ၂၅ ကောင်အထိ တိုးပွားလာခဲ့ကြောင်း၊ ယခုနှစ် ရွှေစက်တော် ဘုရားပွဲတော်ကာလအတွင်း သမင်နှစ်ကောင် သေဆုံးခဲ့ကြောင်း ရွှေသမင် ဘေးမဲ့တော ဉယျာဉ်ခြံလုပ်သားထံမှ သိရသည်။

"သမင်အမတစ်ကောင်က ရာသီဥတုကြောင့် ဆီးချုပ်ဝမ်းချုပ်ဖြစ် သေဆုံးခဲ့ပြီး တစ်ကောင်က မိတ်လိုက်ရာသီဆိုတော့ တစ်ကောင်နဲ့တစ်ကောင် ဗိုလ်လုတိုက်ခိုက်ရင်း ဦးချိုနဲ့ထိုးမိပြီး သေဆုံးရတာပါ။ ဂေါပကအဖွဲ့နဲ့ သစ်တောအရာရှိတွေ/တိ/မွေးကုဆရာဝန်တွေက ဝမ်းဗိုက်ခွဲဆေးစစ်ချက်ရယူပြီး ခေတ်ဆီလောင်းမြေမြှုပ်လိုက်ပါတယ်"ဟု ရွှေစက်တော် ရွှေသမင်ဘေးမဲ့တောဉယျာဉ်ခြံလုပ်သား ကိုငြိမ်းချမ်းဦးက ပြောသည်။

မြန်မာအမည်မှာ ရွှေသမင်ဟု ခေါ်ဝေါ်၍ အင်္ဂလိပ်အမည်မှာ Brow Antlered Deer ဟု ခေါ်ဆိုကြသည်။ ဖေဖော်ဝါရီလမှ ဧပြီလအထိ မိတ်လိုက်ကြပြီး သမင်မများသည် ရှစ်လ ကိုယ်ဝန်လွယ်ထားကာ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သားပေါက်ကြပြီးလျှင် တစ်ခါသားပေါက်လျှင် တစ်ကောင်နှုန်းသာ သားပေါက်၍ သက်တမ်းမှာ အနှစ် ၂၀ မှ ၂၅ နှစ်မျှသာဖြစ်သည်။ ယင်းရွှေသမင်များသည် မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောတို့တွင် တွေ့ရသည်။

သမင်ဖိုများသည် တစ်ကောင်တည်းနေထိုင်စားသောက်သော်လည်း မိတ်လိုက်ချိန်တွင် အဖိုအမတွဲလျက် ရေမသောက်ဘဲနှင့် ရက်အကြာကြီးနေနိုင်၍ တစ်နှစ်လျှင် တစ်ကြိမ်မျှ ဦးချိုချလေ့ရှိ၏။ စားသောက်သော အစားအစာများမှာ ဆီးဖြူ၊ ဖန်ခါး၊ ဆီးသီး၊ ကန်စွန်းရွက်များဖြစ်ပြီး ယခုအခါ ခြံလှောင်စနစ်ဖြင့် နိုင်ငံတော်မှ စမ်းသပ်မွေးမြူရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

ဇွဲထက်ရှင်

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲနှင့် ဆေးရုံကြီးအတွင်း စုပေါင်းအမှိုက်ကောက်ပွဲ ပြုလုပ်

ပခုက္ကူ ဧပြီ ၇

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲနှင့် ဆေးရုံကြီးအတွင်း စုပေါင်းအမှိုက်ကောက်ပွဲကို ပခုက္ကူစက်ဘီးအသင်းက ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် ပခုက္ကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုတို့က ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲကို ဖွင့်လှစ်ပေးသည်။ စက်ဘီးစီးပွဲကို မြို့မလမ်းမှ စတင်ထွက်ခွာပြီး ပခုက္ကူ-ရေစကြိုလမ်းတို့မှ မြို့ရှောင်လမ်း နောက်ဆုံးဆုံရပ်အဖြစ် ပခုက္ကူဆေးရုံကြီးရှေ့တွင် ရပ်နားကြသည်။

ဆက်လက်၍ စက်ဘီးစီးပွဲကို ပါဝင်ဆင်နွှဲသူများက ပခုက္ကူဆေးရုံကြီးတွင် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ကြရာ ပခုက္ကူခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်မြတ်မိုးနှင့် ပခုက္ကူဆေးရုံကြီးမှဝန်ထမ်းများ ပူးပေါင်းပါဝင်ဆင်နွှဲကြသည်။ ယနေ့လူထု စက်ဘီးစီးပွဲတွင် ပါဝင်ဆင်နွှဲသူ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

တံတားဦးတွင်ကျင်းပသော စက်ဘီးစီးပြိုင်ပွဲတွင် ပခုက္ကူစက်ဘီးအသင်းမှ ဝင်ရောက်ယှဉ်ပြိုင်၍ စတုတ္ထရရှိခဲ့သူတစ်ဦးကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ကိုတမာ

လူထုစုပေါင်း စက်ဘီးစီးပွဲ

ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် စက်ဘီးဝါသနာရှင်များအသင်း (ပုသိမ်)တို့ ပူးပေါင်းပြီး အဆင့်မြင့် ဂျင်ဆင်းအားဆေး (ဂျင်ဆိုမင်)၏ ပံ့ပိုးကူညီမှုဖြင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဧပြီ ၇ ရက်က ပုသိမ်မြို့၌ ကျင်းပစဉ်။

(အဆိုပါ စက်ဘီးစီးပွဲတွင် စက်ဘီးစီးဝါသနာရှင် ၆၀၀ ကျော် ပါဝင်စီးနင်းကြောင်း သိရသည်။)

မင်းထွန်းဇော်

မိုင်းဖြတ်၌ စာပေစကားဝိုင်း ကျင်းပ

မိုင်းဖြတ် ဧပြီ ၇

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့က စာဖတ်ဝိုင်းကို ဧပြီ ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးရှောလမွန်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ၊ Book Club အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်က စာပေဖတ်ရှုရခြင်းဖြင့် စိတ်ဓာတ်ခွန်အား၊ အသိဉာဏ်များ၊ အတွေးအခေါ်၊ အယူအဆကောင်းများ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စာရေးဆရာအောင်သင်း၏ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောခါ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် Book Club အဖွဲ့ဝင် လူငယ်မောင်မယ်များက "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောခါ" စာအုပ်တွင် ဆောင်းပါးအပုဒ် ၂၀ ပါရှိရာ အဆိုပါ ဆောင်းပါးများကို ခြုံငုံလေ့လာဖတ်ရှု၍ စာဖတ်သူတို့၏ ခံစားရသည့် သုတ၊ ရသများ၊ သင်ခန်းစာရရှိမှုအပေါ် စာပေချစ်မြတ်နိုးသူများက အချင်းချင်းအပြန်အလှန် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာရေးဆရာအောင်သင်း၏ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောခါ"ဟူသည့် စာအုပ်သည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ သည်းခံမှု၊ တွေးခေါ်ဆင်ခြင်မှုစသည့် မွန်မြတ်သောစိတ်ဓာတ်ရှိစေရန်၊ ဘဝအတွက် သင့်လျော်စွာ ဆင်ခြင်ပြောဆို လုပ်ဆောင်တတ်စေရန်၊ ဘဝပန်းတိုင်ဦးတည်ချက် မတိမ်းမစောင်း တစိုက်မတ်မတ် ကြံ့ကြံ့ခံသည့်စိတ်၊ ရောင့်ရဲနိုင်သည့်စိတ်များဖြင့် ကြိုးစားလုပ်ဆောင်တတ်စေရန် တိုက်တွန်းအားပေးထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

ရှောလမွန်(မိုင်းဖြတ်)

မြစိမ်းရောင် ကျေးရွာ ၃၆ ရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်

မလှိုင် ဧပြီ ၇

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ထပ်မံဆောင်ရွက်ခွင့်ရရှိသည့် ဆည်တိုကျေးရွာအုပ်စု၊ ခြောက်ခွဲကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၆ ရက်က အဆိုပါ ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ခြောက်ခွဲကျေးရွာသည် အိမ်ခြေ ၁၁၀၊ လူဦးရေ ၆၅၆ ဦး နေထိုင်လျက်ရှိပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ခွင့်ရရှိသဖြင့် အရင်းမပျောက် မတည် လည်ပတ်ရန်ပုံငွေသိန်း ၃၀၀ကို ရရှိမည်။ အဆိုပါ ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရရှိလာသော ရန်ပုံငွေ (အမြတ်)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

မိတ်ဆက်ရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းတို့က အမှာစကားများ ပြောကြားခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ မလှိုင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၁ ရွာဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမပိုင်းတွင် လေးရွာရရှိခဲ့ပြီး ခြောက်ခွဲကျေးရွာကို ထပ်မံဆောင်ရွက်ခွင့် ရရှိသဖြင့် မြစိမ်းရောင်ကျေးရွာပေါင်း ၃၆ ရွာကို အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ရရှိလာသော ရန်ပုံငွေအမြတ်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ရေနံချောင်းမြို့နယ် ကျေးရွာသုံးရွာ ဆိုလာစနစ်ဖြင့် ဓာတ်အားအချိန်ပြည့် သုံးစွဲနိုင်တော့မည်

ရေနံချောင်း မေ ၇

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စည်ပင်ရွာသစ်၊ ရွာသစ်တပ်ပိုးကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပင်ရွာမကျေးရွာတို့၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် အချိန်ပြည့် လျှပ်စစ်မီးကို တစ်ယူနစ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့် စတင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၈၉ အိမ်အနက် အိမ်ခြေ ၁၄၀၊ ဘာသာရေး အဆောက်အအုံနှစ်ခု၊ အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုစုပေါင်း ငွေကျပ် ၇၂၆ ဒသမ ၅၀၇ သန်း အကုန်အကျခံကာ တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစနစ်လုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်သည်။

ကျေးရွာအတွင်းလမ်းမီးတိုင် ၁၃၈ တိုင်ခန့်ကို သွယ်တန်းပေးထားပြီး ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးအသုံးပြုမှုတွင် အနည်းဆုံး ဝပ် ၂၀၀ မှ အများဆုံး ဝပ် ၄၅၀၀ အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းတာဝန်ယူဆောင်ရွက်သည့် Mega Global Green Automation ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုလုပ်ငန်းကို ကမ္ဘာ့ဘဏ်နှင့် ဂျာမနီ ပူးပေါင်းဆောင်ရွက်မှုတို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ၇၅ ဒသမ ၆ ကီလိုဝပ် ထုတ်ယူသုံးစွဲနိုင်မည့် ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစား ဆောင်ရွက်ထားခြင်းဖြစ်သည်။

သန်းလွင်(မကွေး)

ကျေးရွာမီးလင်းရေးအတွက် တည်ဆောက်ထားသော ဆိုလာစနစ်

မန္တလေးမြို့၌ လူငယ်များတီထွင်ဖန်တီးထားသော နည်းပညာပစ္စည်းများနှင့် လက်မှုပညာပစ္စည်းများ ပါဝင်ပြသထားသည့်ပွဲတော် ကျင်းပ

မန္တလေး မေ ၇

လူငယ်များ တီထွင်ဖန်တီးထားသော နည်းပညာပစ္စည်းများနှင့် လက်မှုပညာပစ္စည်းများ ပါဝင်ပြသထားသည့် Maker Fest Myanmar 2019 ပွဲတော်ကို ယမန်နေ့က မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆင်စင်တာတွင် ကျင်းပသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များသည် ကိုယ်ပိုင်တီထွင်ဖန်တီးမှုများ အကောင်အထည်ပေါ်လာစေပြီး တီထွင်ဖန်တီးထားသည့် လူငယ်များအချင်းချင်း တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း အတွေးအခေါ်အကြံဉာဏ်များ အပြန်အလှန် ဖလှယ်နိုင်ရန်နှင့် တီထွင်ဖန်တီးလိုသော လူငယ်များကို မြေတောင်မြှောက်ပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပြီးခဲ့တဲ့ဖေဖော်ဝါရီလထဲမှာ အမေရိကန်စင်တာ(ရန်ကုန်)မှာ တစ်ပွဲလုပ်ခဲ့ပါတယ်။ အခု မြန်မာပြည်အထက်ပိုင်းက လူငယ်တွေအတွက် မန္တလေးမှာလာပြီးတော့ လုပ်ပေးတာပါ။ ထူးခြားတာကတော့ ရန်ကုန်နဲ့ မန္တလေး နည်းနည်းတော့ ကွာပါတယ်။ ရန်ကုန်က နည်းပညာပိုဆန်တယ်။ မန္တလေးကတော့ တီထွင်ဖန်တီးနိုင်မှုမှာ ပိုများတယ်။ မိတ္ထီလာက အစ်ကိုတစ်ယောက် တီထွင်ထားတဲ့ ဆိုင်ကယ်အင်ဂျင်ကို သုံးပြီးတော့ ပြုလုပ်ထားတဲ့ ကားတစ်စီး ပါဝင်ပြသထားပါတယ်။ ကလေးတွေ လုပ်ထားတာက ဆိုင်ကယ် ရိုးရိုး lock ကို Romote lock ပြောင်းလဲတီထွင်ဖန်တီးပြသထားတာ တွေ့ရပါတယ်။ တချို့ကျောင်းသားတွေကလည်း သူတို့ပြုလုပ်ထားတဲ့ Project တွေကို လာပြီးတော့ ပြသကြပါတယ်။ ဒီကိုလာရောက်ကြတဲ့ ကလေးတွေဟာ သင်ယူလို့လည်းရမယ်။ လေ့လာလို့လည်းရမယ်။ မျှဝေလို့လည်းရမယ်။ ဒါကြောင့် ဒီလိုပွဲမျိုး ပြုလုပ်ပေးတာဖြစ်ပါတယ်"ဟု အမေရိကန်စင်တာ(ရန်ကုန်)မှ Library Director ကိုကျော်ခိုင်က ပြောသည်။

မန္တလေးမြို့၌ နည်းပညာပစ္စည်းများနှင့် လက်မှုပစ္စည်းများ ပြသပွဲ ကျင်းပစဉ်။

အဆိုပါပွဲတွင် လူငယ်အဖွဲ့ ၃၀ ကျော်က ကိုယ်တိုင်တီထွင် ဖန်တီးထားသည့် နည်းပညာနှင့် လက်မှုပညာပစ္စည်းများ၊ ဇီဝဗေဒနှင့် ပတ်သက်သည့်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဖန်တီးပြုလုပ်ထားသော ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို ပြသခဲ့ပြီး လာရောက်လေ့လာကြည့်ရှုသူများအတွက်လည်း TALK, Workshop နှင့် Robot Game ပြိုင်ပွဲများ စသည့်ကဏ္ဍများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

အောင်ဖြိုးကျော်

ကျေးရွာနေပြည်သူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ထန်းတပင် မေ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိရေးအတွက် ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းကို ယနေ့နံနက်က ရခိုင်ရိုးကြီးကျေးရွာအုပ်စု ရခိုင်ရိုးကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြသည်။

တက်ရောက်ကြသည့် ကျေးရွာနေ ပြည်သူများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပါက လိုအပ်သည့် အချက်အလက်များ၊ အိမ်ထောင်စု စာရင်းပြုလုပ်ပုံနည်းလမ်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်များ၊ ကျေးရွာအတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး ဦးစီးမှူး ဦးခင်မောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေးတို့က အသိပညာပေး ရှင်းလင်းခဲ့ကြသည်။

အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၁၈ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၅၉ ဦး အသက် ၁၀ နှစ်ပြည့်မှ အသက် ၁၈ နှစ်ပြည့်ကတ်လဲလှယ်သူရှစ်ဦးနှင့် ဟောင်းနွမ်း၊ ပျက်စီးပျောက်ဆုံးကတ်ပြားပြုလုပ်သူ ၁၃ ဦး စုစုပေါင်း ကျေးရွာနေပြည်သူ ၉၈ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ကျေးရွာအုပ်စုအတွင်း အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးနိုင်ရန်အတွက်လည်း စာရင်းအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများနှင့် မွေးဖွား၊ သေဆုံးစာရင်း ကောက်ယူခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ဇင်မင်းထိုက်(ထန်းတပင်)

လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများအတွက် ထောက်ပံ့ငွေပေးအပ်

ရေတာရှည် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် ယမန်နေ့က ရေတာရှည်မြို့နယ်အတွင်း ကြာအင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်းကုန်း၊ ကိုးတန်းကျေးရွာတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားခဲ့ရသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ်လေးလုံးတို့အတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဖိုးနှင့် အမိုးလန်နေအိမ် လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၂၈၀၀၀၀ တို့ကို ဘေးသင့်ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ နေ့လယ်ပိုင်းတွင် မိကျောင်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာအား သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီနှင့် ဖြစ်ပွားလာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းလွင်

မြေဆီလွှာ တိုးတက်ကောင်းမွန်ရေး ပညာပေး

ဂန့်ဂေါ မေ ၇

လယ်ယာမြေများတွင် မြေဆီလွှာတိုးတက်ကောင်းမွန်ရေး အတွက် သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းများ လက်တွေ့ပြုလုပ်ပြသ ပညာပေးပွဲများကို ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ယနေ့နံနက်က ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာတွင်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် တောင်ခင်ရန်းကျေးရွာနှင့် သာလင်းကျေးရွာတို့တွင်လည်းကောင်း ပြုလုပ်ကြသည်။

အဆိုပါ သရုပ်ပြပညာပေးပွဲများတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေဆွေး ပြုလုပ်နည်းများ၊ ထရိုင်ကိုဒါးမားမှို အသုံးပြုနည်းများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြပြီး အကျိုးပြုအဏုဇီဝ IMO ဖြင့်လည်းကောင်း၊ ထရိုင်ကိုဒါးမားမှိုဖြင့်လည်းကောင်း သဘာဝမြေဆွေးများ လက်တွေ့ပြုလုပ်ပြသကာ တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

စိန်ကျော်(မန္တလေး)

အင်းတော်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ

အင်းတော် ဧပြီ ၇

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရနှင့် သံဃာတော်များ၊ နယ်သူနယ်သားအလှူရှင်များ စုပေါင်းဆောက်လုပ်သည့် ခုတင်လေ့ကားပါ အာရ်စီသုံးထပ်ဆောင် အင်းတော်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး ဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်က အဆိုပါဆေးရုံသစ် ဆောက်လုပ်နေသည့် မြေ လေးဧကအကျယ်ရှိ အင်းတော်မြို့ အောင်ဇေယျရပ်ကွက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အင်းတော်မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ နန်းကင်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၊ အတွင်းရေးမှူး အောင်ဇေယျကျောင်းဆရာတော်ဦးဥတ္တမနှင့်ဆရာတော်များ ဆောက်လုပ်ရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးမြ၊ အတွင်းရေးမှူး ဦးသန်းအောင်၊ မြေကွက်အလှူရှင် ဦးဝင်းမောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အင်းတော်မြို့အထွေထွေရောဂါကု ဆေးရုံသစ် ဆိုင်းဘုတ်တင်မင်္ဂလာ ကျင်းပနေစဉ်။

ကိုမင်း(အင်းတော်)

သောတပြည့်စုံစီမံချက် ကလေးအယောက် ၁၀၀ မြောက်အား အောင်မြင်စွာ ခွဲစိတ်ခြင်းအထိမ်းအမှတ် ကျင်းပ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၏ သောတပြည့်စုံစီမံချက်အရ ကလေးအယောက် ၁၀၀ အား အောင်မြင်စွာ ခွဲစိတ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် အလှူရှင်များအား ဂုဏ်ပြုသည့်အခမ်းအနားကို ယမန်နေ့က ပြည်လမ်းရှိ လိုတီဟိုတယ်၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒက အနုမောဒနာတရား ဟောကြားပြီး သောတပြည့်စုံစီမံချက် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးစိုးတင်က သောတပြည့်စုံစီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆွံ့အ နားမကြားကလေးငယ်တစ်ဦး၏ ဘဝသရုပ်ဖော်အကြောင်းကို ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင် ရိုက်ကူးတင်ပြထားသော မြူးကြွလာသည့်ဆည်းလည်းသံများ မှတ်တမ်းရုပ်ရှင်ကို ပြသခဲ့သည်။

မြန်မာပြည်တွင် ကလေးအရှင်တစ်ထောင်မွေးတိုင်း ခြောက်ဦးခန့်သည် မွေးရာပါ(သို့) မွေးကင်းစအချိန်ဖြစ်ပေါ်တတ်သော နားအတွင်းသို့ အောက်ဆီဂျင် မရောက်ခြင်း၊ အသားဝါရောဂါ၊ တီဘီရောဂါနှင့် အခြားရောဂါပိုးများကြောင့် နားလေးလာလျက်ရှိသည်ဟု သိရသည်။

ဝိတိုရိယဆေးရုံ ကျန်းမာရေးထောက်ပံ့ကူညီ စောင့်ရှောက်မှုဖောင်ဒေးရှင်း၏ စီမံချက်တစ်ခုဖြစ်သော သောတပြည့်စုံစီမံချက်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ ဆရာတော်အရှင်ဆေကိန္ဒအမှူးပြုပြီး ပါမောက္ခဒေါက်တာဦးစိုးတင်ကိုယ်တိုင် မတည်၍ စေတနာရှင်များ၏ အလှူငွေများစုစည်းကာ ကံကြမ္မာဆိုးကမ္ဘာထဲမှ ကလေးငယ်များကို ကယ်တင်လာခဲ့ရာ ယခုအခါ ကလေးငယ်ပေါင်း ၁၀၀ ကို အသံမဲ့ကမ္ဘာဆိုးမှ ကယ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ အနုမောဒနာတရား ဟောကြားနေစဉ်။

ဖူးပြည့်၊ ဓာတ်ပုံ - ပေါ်ဦး

အင်္ဂလိပ်ဘာသာ သင်ကြားပေးမည့် အမေရိကန်မှ ဆရာများအား လှိုက်လှဲစွာကြိုဆို

မကွေး ဧပြီ ၇

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အင်္ဂလိပ်ဘာသာစကားနှင့် သင်ကြားမှုနည်းစနစ်များ၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာများ အပြန်အလှန်ဖလှယ်နိုင်ရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး သင်ကြားပေးမည့် Peace Corps Myanmar အမေရိကန်မှ လုပ်အားပေးဆရာများအား ကြိုဆိုနှုတ်ဆက်ပွဲကို ယမန်နေ့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။

Volunteer ဆရာမတစ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် သင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမေရိကန်နိုင်ငံမှ လုပ်အားပေးဆရာများက မိတ်ဆက်စကားပြောကြားကာ ကျောင်းသား ကျောင်းသူများကိုယ်စား မောင်ဘုန်းသန့်ကိုက ကြိုဆို မိတ်ဆက်ခြင်းနှင့် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

အဆိုပါ Peace Corps Myanmar အမေရိကန်မှ လုပ်အားပေးဆရာများက ဆရာ ဆရာမများ၏ အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင်စွမ်းနှင့် သင်ကြားရေး နည်းလမ်းများ ပိုမိုအားကောင်းလာစေရန်၊ ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှုနှင့် ပြောဆိုနိုင်မှုစွမ်းရည်ပိုမိုကောင်းမွန်လာစေရန်နှင့် ရပ်ရွာလူထုအတွင်း အင်္ဂလိပ်ဘာသာရပ်၏ အရေးပါမှုကို သိရှိစေပြီး ပံ့ပိုးကူညီမှု အားကောင်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ရာ မကွေးတိုင်းဒေသကြီးအတွင်းမှ မကွေး၊ အောင်လံ၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးနှင့် ရေနံချောင်းမြို့များရှိ အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်းတွင် နေ့စဉ် အချိန်ပိုင်းအလိုက် နှစ်နှစ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဝေဖြိုးလေး(မကွေး)

သင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဘေးအန္တရာယ်များ မဖြစ်ပွားစေရေး သတိပြုလိုက်နာရမည့် အချက်များ

၁။ ရေပက်ခံကား ယာဉ်မောင်းသူများ အရက်သေစာ သောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေး သတိပြုရန်၊

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင် သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ရန်၊

၃။ တာဝန်သိ ပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများ တွေ့ရှိပါက အနီးဆုံးလုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ တိုင်ကြားရန်၊

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင် သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်၊

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ရန်၊

၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့်အတူ လည်ပတ်ရာတွင် အခြားသူများမှ ကျွေးမွေးသောအစားအစာ၊ အချိုရည်၊ အအေး၊ ကော်ဖီများ၊ သောက်ရေဘူးများကို သတိထားရှောင်ကြဉ်ရန်၊

၇။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ လူတိုင်း ကိုယ်စီ အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

သာသနာတော်နှစ် ၂၅၆၂-၂၅၆၃ ခုနှစ် သက္ကရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း (၁) ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁) ရက်၊ သာသနာတော်နှစ် ၂၅၆၃ ခုနှစ် ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့

၁။ မဟာသင်္ကြန်ကျရက်

- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၀ ပြည့်နှစ် တာကူးလဆန်း (၁၀) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၄) ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၅- နာရီ၊ ၂၁ -မိနစ်၊ ၄၂ -စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ မဟာသင်္ကြန် အကြတ်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၁) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၁) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅) ရက် တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ မဟာသင်္ကြန် အတက်ရက်

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၂) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၆) ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် ညစက် ၉ -နာရီ၊ ၂၆- မိနစ်၊ ၂၃- စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်

- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၃) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တာကူးလဆန်း (၁၃) ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၇) ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင်နှစ်ဆန်း (၁) ရက်နေ့ဖြစ်ပါသည်။

၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ

၁၃၈၁ ခုနှစ်သည် လထပ်ရက်ငင်မရှိသော ရိုးရိုးနှစ်ဖြစ်ပါ၍

သာသနာတော်နှစ် ၂၅၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့သည် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပြီး

မြန်မာ-ရခိုင် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက် သောကြာနေ့တွင် ဒုတိယပစ္ဆိမဝါကို ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
(၆၁)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄) (ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း) (၁)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံများ(မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီး၊ မကွေးပြည်သူ့ဆေးရုံကြီး၊ မုံရွာပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၊ မြိတ်ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး)တို့ တွင် ၂၀၁၉-၂၀၂၀ခုနှစ် ပညာသင်နှစ်အတွက်(၈-၇-၂၀၁၉)ရက်တွင် ဖွင့်လှစ် မည့်(၆၁) ကြိမ်မြောက် ဓာတ်ခွဲစစ်ဆေးသူ(ဒုတိယတန်း)(ဓာတ်ခွဲကျွမ်းကျင်-၄)(၁)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ အရည်အချင်းသတ်မှတ်ချက်

လျှောက်ထားသူသည်-

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။(ဓာတုဗေဒဘာသာရပ်၊ သင်္ချာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ် တစ်ခုစီတွင် အနည်းဆုံး(၅၀)မှတ်ဖြင့် အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိသည်။ လျှောက်ထားခွင့်ရှိသူများအား စုစုပေါင်းရမှတ် အများအနည်းအလိုက် တန်းစီဇယား ဖြင့်ရွေးချယ်ပါမည်။)

(၃) လျှောက်လွှာပိတ်သည့် (၁၀-၅-၂၀၁၉)ရက်တွင် အသက်(၁၈) နှစ် ပြည့်ပြီး (၂၅)နှစ်အောက် ဖြစ်ရမည်။

(၄) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(၅) အိမ်ထောင်မရှိဖူးသူ(အပျို/လူပျို)ဖြစ်ရမည်။

(၆) ကျန်းမာရေးကောင်းမွန်ပြီး၊ မျက်စိနှင့်ကိုယ်ရောစိတ်ပါ ကျန်းမာသူဖြစ်ရမည်။

(၇) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့် တက်ရောက် နိုင်သူဖြစ်ရမည်။

(၈) သင်တန်းအောင်မြင်ပြီးဆုံးပါက ဓာတ်ခွဲကျွမ်းကျင်-၄(လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)နေရာများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ခံရပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၉) သင်တန်းတက်ရောက်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး ဝန်ထမ်း အဖြစ် ခန့်အပ်ပါက အနည်းဆုံး(၃) နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၅၀၀၀၀ိ/-)(ကျပ် ငါးသောင်းတိတိ)ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချုပ် ချုပ်ဆို နိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ပြီးမှသာ ဓာတ်ခွဲကျွမ်းကျင်(၄)သင်တန်းဆင်းအောင်လက်မှတ်ကို ပေးအပ်မည်ဖြစ်သည်။

၂။ လျှောက်လွှာပေးပို့ရန်။

(၁) လျှောက်လွှာများကို(မည်သည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီး ဌာနမှူးရုံးတွင်မဆို)ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိလက်ရှိနေထိုင်သော သန်းခေါင်စာရင်းတည်ရှိသည့် ပြည်နယ်/ တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့သာ လိပ်မူ၍လျှောက်လွှာပိတ်ရက် (၁၀-၅-၂၀၁၉)ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

(နေပြည်တော်၊ ကုသရေးဦးစီးဌာန ရုံးချုပ်သို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)

(၂) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)(၁)စောင်

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်း)(၁)စောင်(Scan copyလက်မခံပါ)

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(၁)စောင်

၄။ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာရဲစခန်း ထောက်ခံစာ(မူရင်း)(၁)စောင်

၅။ အိမ်ထောင်မရှိဖူးသူ(အပျို/လူပျို)ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်(သို့) ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး) ထောက်ခံစာ(မူရင်း) (၁)စောင်

၆။ ကျန်းမာရေးကောင်းမွန်ကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း)(၁)စောင် မျက်စိနှင့် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှ အောင်စာရင်းအတည် ဖြစ်သည်။

၇။ မိမိလက်ရှိနေထိုင်သော သန်းခေါင်စာရင်း(မိတ္တူ)(၁)စောင်

၈။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင်(သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အကြီးအကဲ၏ ထောက်ခံစာ(မူရင်း)(၁)စောင်

၉။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံ(၁)ပုံကပ်ပြီး၊ ဓာတ်ပုံ (၂)ပုံကို ပူးတွဲပေးပို့ရမည်။ (၆ လအတွင်းရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်များရေးရမည်။)

(မှတ်ချက်။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးပို့သူ၏ အမည်၊ လက်မှတ်ရာထူး၊ တံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်း ပါရှိရမည်။)

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်/ အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/ အကြီးအကဲ၏ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့်သင်တန်းတည်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ဆေးရုံကြီးသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ် ကာလအတွင်း မည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)

၄။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို လုံးဝ(လုံးဝ) ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

(၁) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ

(၂) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ

(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ

(၄) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ

၅။ သင်တန်းတက်ခွင့်ရ အမည်စာရင်းနှင့် သင်တန်းနေရာ ထုတ်ပြန်သတ်မှတ်ကြေညာခြင်း ၂၀၁၉ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့တွင် အောက်ပါဌာနများ၌ ကြော်ငြာထားပါသည်။

(၁) ကုသရေးဦးစီးဌာန၊ နေပြည်တော်။

(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့။

(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးများ။

(၄) တက်ခွင့်ရသည့် သက်ဆိုင်ရာ သင်တန်းများတည်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများ။

(မှတ်ချက်။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး(၂)ပတ်ထက် နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

(၅) သင်တန်းတက်ရောက်ခွင့် အမည်စာရင်းကို သီးသန့်ခေါ်စာပေးပို့မည်မဟုတ်ပါ။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးများမှ ကြေညာမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးရုံးများ၊

(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဖုန်း-၀၁-၃၇၁၉၅၇)

ကုသရေးဦးစီးဌာန

မြန်မာရေးရာအမှတ်-၁၁ ဖြန့်ချိပါပြီ

မြန်မာရေးရာလေ့လာရေးအဖွဲ့(Center for Myanmar Affairs Studies) က စီစဉ်သော မြန်မာရေးရာအမှတ်-၁၁ (၂၀၁၉၊ ဧပြီလ)ထွက်ရှိလာသည်။

ယခုလထုတ်စာစောင်တွင် ငြိမ်းချမ်းရေးနှင့်ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး အထူးကဏ္ဍ ပါဝင်သည်။ ၂၁ ရာစု ပင်လုံပထမအကြိမ် ငြိမ်းချမ်းရေးညီလာခံတွင် တင်သွင်းခဲ့သော စာတမ်း ၇၂ စောင်အပေါ် လေ့လာဆန်းစစ်ထားသော အေးမောင်ကျော်၏ ဆောင်းပါးနှင့်အတူ နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ် များမှ သင်ခန်းစာများ၊ အငြိမ်းစားနိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၏ ၁၉၄၇ အခြေခံဥပဒေ အတွေ့အကြုံနှင့်ပတ်သက်သော နှုတ်ပြောသမိုင်း၊ ပုဒ်မ ၂၆၁ ပြင်ဆင်ရုံဖြင့် ပြည်နယ် အစိုးရလွတ်လပ်စွာဖွဲ့စည်းခွင့်ရရှိနိုင်သလားစသည့် ဆောင်းပါးများ ပါဝင်သည်။ တရုတ်စာရေးဆရာ ယန်ရှုယင်းက မြန်မာနိုင်ငံ၏နောက်ဆုံးစော်ဘွား (သမ္မတကြီးစဝ်ရွှေသိုက်)နှင့် တရုတ်နိုင်ငံ၏နောက်ဆုံးဘုရင်(ပုရီ)တို့ တရုတ်အကျဉ်းထောင်တွင် တွေ့ဆုံခဲ့မှုကို အကြောင်းပြု၍ မြန်မာနိုင်ငံရေးရှုပ်ထွေးနက်နဲမှုကို တင်ပြထားသည်။ အင်္ဂလိပ်ဘာသာဖြင့် ဒေါက်တာ မြင့်ဇံ၏ အသွင်ကူးပြောင်းရေးကာလ တရားဥပဒေစိုးမိုးရေးနှင့် ရုရှားနိုင်ငံရေးသုတေသီ Ksenia A. Efremova ၏ Russia's Turn to East: Implications for Myanmar and Southeast Asia တို့ ပါဝင်သည်။

ပါမောက္ခ ဦးမျိုးမင်း၊ ဝင်းဖေ၊ မောင်မောင်လှမြင့်၊ ဒေါက်တာ ကျော်ဝင်း၊ ဇင်လင်း၊ ယန်ရှုယင်း၊ ကျန်းယွန်ဖေး၊ ဒေါက်တာ အောင်ကြီး၊ အေးမောင်ကျော်၊ ကို၀၊ ဒေါက်တာ မြင့်ဆန်း၊ မောင်းဆက်၊ ဇော်အောင်၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ကျော်လင်းဦး၊ ကြည်မင်းသူ၊ စိုးဝင့်သန်း၊ထူးကျော်ဝင်း၊ ကျော်စိုးဦး၊ သုဏေတို့၏ ကဏ္ဍစုံဆောင်းပါးများ ပါဝင်သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှတ်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာလိုသူများသည် မြန်မာရေးရာ အမှတ်-၁၁ ကို ဓူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်း မှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့်ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသို့ နေ့ချင်းအရောက်ပေးပို့မည်ဖြစ်ပါသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့- ဖုန်း-၀၁-၃၈၇၅၆၈

ဓူဝံစာပေ- ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂

Email: duwunsarpay 31 apperst@gmail.com



ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/7133 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5105 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/4965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အစုရှယ်ယာလွှဲပြောင်းမည့်ကြေငြာချက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)အရ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၈၉၈၇၃၁၉၀ ဖြင့် နိုင်ငံသားဖက်စပ်ဖွဲ့စည်းထားသည့် SINMINN CEMENT INDUSTRY CO.,LTD. ရှိ GOLD CEMENT CO.,LTD. ၏ အစုရှယ်ယာများကို ဖက်စပ်ကုမ္ပဏီတွင်ပါဝင်သော မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ လွှဲပြောင်းရယူတော့မည်ဖြစ်၍ ကန့်ကွက်ရန်နှင့်ရှင်းလင်းရန် ကိစ္စများရှိပါက ကြေငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

SINMINN CEMENT INDUSTRY CO.,LTD.

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးလှသောင်း၏သား ဝက်လက်မြို့နယ်၊ မင်းရွာကျေးရွာနေ ဦးမျိုးဦးနှင့်ဦးမြင့်ဦး ၅/ဝလန(နိုင်) ၀၁၄၇၃၃မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမျိုးဦး(ခ)ဦးမြင့်ဦး**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်လင်း ၉/တကန(နိုင်) ၁၂၄၄၈၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၁၉၇၀၆၁၇**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9U/5355 Shineray 300 သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ Good Brother Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)

သန်လျင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၅+၁၆)၊ ၆၁လမ်း၊ပျူစောထီးလမ်း× ကျန်စစ်သားလမ်းကြားရှိ ဒေါ်တင်တင်အေး အမည်ပေါက် ဂရန်မြေကွက်အား ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွှန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉၅/၂၀၁၈ဖြင့် အနိုင်ဒီကရီရရှိခဲ့သူ ဦးဝင်းမျိုးထွန်း ၉/မနမ(နိုင်) ၀၉၈၅၀၉က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး မကွေးမြို့နေ ဒေါ်ချိုဇာဝင်း(၈/မကန(နိုင်)၂၀၀၀၆၆) (Facebook Name - အိ သွန်းချို)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ချိုဇာဝင်း သည် " **အိသွန်းချို** "အမည်ဖြင့် လက်ဝတ်လက်စား၊ စိန်ထည်များ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်ပြီး တိုးတက်လာသောခေတ်နှင့်အညီ လူမှုကွန်ယက်စာမျက်နှာ Facebook တွင်လည်း " **အိ သွန်းချို** " အမည်ဖြင့် အကောင့်အသုံးပြုပြီး အထက်ပါအရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်နေသည့်အပြင် မိမိ၏ကိုယ်ရေးကိုယ်တာဖြစ်သော ဓါတ်ပုံများ၊ စာသားများကိုလည်း ရံဖန်ရံခါတင်လေ့ရှိပါသည်။ ဒေါ်ချိုဇာဝင်း အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ ပုတ်ခတ်ခြင်း၊ စော်ကားခြင်း အလျှင်းမရှိဘဲ မိမိ၏လုပ်ငန်းကိုသာ သမာအာဇီဝကျကျ လုပ်ကိုင်နေသူတစ်ဦးဖြစ်သော်လည်း ဒေါ်ချိုဇာဝင်း လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများ အောင်မြင်လာသည့်အချိန်တွင် သူတပါးကြီးပွားတိုးတက်သည်ကို မနာလိုမရှုစိမ့်ဖြစ်သူများ၊ လုပ်ငန်းတူလုပ်ကိုင်သူများနှင့် ဒေါ်ချိုဇာဝင်း အား အကြွေးပေးရန်ရှိသူများမှ ဒေါ်ချိုဇာဝင်း ၏ စီးပွားရေးလုပ်ငန်းများကို ထိခိုက်စေရန်၊ ဂုဏ်သိက္ခာထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ယက်စာမျက်နှာ Facebook တွင် ပုတ်ခတ်စော်ကား ရေးသားခြင်းများပြုလုပ်ကြကြောင်း သက်သေခံမှတ်တမ်းများအရ သိရှိထားပါသည်။

ယာဉ်အမှတ် 6N/4933 SKAT LFJ3048G, Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ Myint Mo Hlaing Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

သားအဖြစ်မှ စွန့်လွှတ်ကြောင်း

ကျွန်မ ဒေါ်အေးအေးကြည် ၁၂/စခန(နိုင်)၀၄၀၇၉၈မှ မောင်အောင်ဖြိုးပိုင် ၁၂/ကမတ(နိုင်)၀၆၅၈၈၉အား ကျွန်မ၏ပြောဆိုဆုံးမမှုအား မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သောကြောင့် သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးကြည်
၁၂/စခန(နိုင်)၀၄၀၇၉၈
တိုက် ၄၅-C-5 မဟာမြိုင်အိမ်ရာ မြောက်ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဆရာမကြီးဒေါ်ခင်မေ

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC)ကမာရွတ်
အထက(၅) ကမာရွတ်(ငြိမ်း)
အသက်(၈၃)နှစ်

၃၁-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၅နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံ၌ ကွယ်လွန်သွားသော ဆရာမကြီး ဒေါ်ခင်မေအား မကွယ်လွန်မီ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသပေးခဲ့ကြပါသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု ဆရာ/ဆရာမများ၊ ဝန်ထမ်းများ အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြပါသော သက်ကြီး ဆရာ/ဆရာမကြီးများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(TTC) ကျောင်းသား/သူ ချစ်တပည့်များ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေ ညီအစ်ကို မောင်နှမများ မေတ္တာဖြင့် တယ်လီဖုန်းဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာ ရောက်နှစ်သိမ့်အားပေးခဲ့ကြသူများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အုံးမြင့် (ဖြူး)

အသက်(၈၂)နှစ်

ဒုတိယဗိုလ်မှူးကြီး သန်းတင့်(ငြိမ်း)(အထူးအရာရှိ၊ နယကရုံး)၏ ဇနီး ဒေါ်ခင်အုံးမြင့်သည် ၆-၄-၂၀၁၉ရက် (စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **သမ္မတနိဗ္ဗာန်ကုန်သက်န်းတိုက်မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှရီ (မြိတ်)

အသက်(၈၂)နှစ်

သူငယ်ချင်း ဦးအောင်မော်(Master Mariner FG)နှင့် ဒေါ်သီတာလွင် တို့၏ ချစ်လှစွာသောမိခင် ဒေါ်လှရီသည် ၆-၄-၂၀၁၉ရက် နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဘုရင့်နောင်)၊ မြေကွက်အမှတ် (၇၉၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၇၉၀/ခ)၊ မဟာဗန္ဓုလလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ်၊ ဦးဇော်ဝင်း ၁၂/ဒလန(နိုင်)၀၁၃၃၇၀အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား (က) ဦးဇော်ဝင်း ၁၂/ဒလန(နိုင်)၀၁၃၃၇၀အမည်ပေါက် နှစ် ၆၀မြေငှားစာချုပ် (ဂရန်)မူရင်း၊ (ခ) ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၀၄တွင် တရားလို ဒေါ်မြ နွယ်က တရားပြိုင် ဦးဇော်ဝင်းအပေါ် တရားပြိုင် ဦးဇော်ဝင်းသည် သက်သေခံ(ခ)နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်ပါကတိ ပဋိညာဉ်အတိုင်း ရောင်းကြေးကျန်ငွေ သိန်း(၂၀)ကိုလက်ခံ၍ဝယ်သူ တရားလို ဒေါ်မြနွယ်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးရန်နှင့် ရောင်းချ သောပစ္စည်းဖြစ်သည့် ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ မြေကွက်အမှတ်(၇၉၀/ခ)၊ ပေ(အလျား ၂၀×အနံ ၆၀)၊ ဧရိယာ(၀ဒသမ၀၂၇)ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၅/ခ)၊ မလိခလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ဒလမြို့နယ် ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအား လက်ရောက်ပေးအပ်စေရန် တရားလိုအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည့် ၃-၈-၂၀၁၅ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ (ဂ)ယင်းတရားရုံး၏ ၂၀၁၅ခုနှစ်တရားမဇာရီမှုအမှတ်(၁၅) အမိန့်၊ (ဃ)ရန်ကုန်တိုင်းဒေသကြီးတရား လွှတ်တော် ၂၀၁၅ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၂၇၈တွင် အယူခံတရားလို ဦးဇော်ဝင်းမှ အယူခံတရားပြိုင် ဒေါ်မြနွယ်အပေါ် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၄ခုနှစ် တရားမကြီးမှု အမှတ် ၁၀၄တွင် ၃-၈-၂၀၁၅ရက်က ချမှတ်သောစီရင်ချက်နှင့်ဒီကရီအပေါ် တရားမပထမအယူခံမှုတို့တင်သွင်းရာ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး တရားမပထမအယူခံမှုအား စရိတ်နှင့်တကွ ပလပ်ကြောင်းချမှတ်သည့် ၁၁-၅-၂၀၁၆ရက်စွဲပါစီရင်ချက်နှင့် ဒီကရီ၊ (င) ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၈၄)တွင် ဦးဇော်ဝင်းက ဒေါ်မြနွယ်အပေါ် ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံး၊ ၂၀၁၆ခုနှစ် တရားမကြီးမှု အမှတ် (၁၀၄/၂၀၁၄)တွင် ၃-၈-၂၀၁၅ရက်က ချမှတ်သောစီရင်ချက်နှင့် ဒီကရီအား ပယ်ဖျက်ပေးစေလိုမှုစွဲဆိုရာ တရားလို လျှောက်ထားသည့် အဆိုလွှာအားစရိတ်နှင့်တကွ ပလပ်ကြောင်းချမှတ်သည့် ၆-၁-၂၀၁၇ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီတို့တင်ပြ၍ တရားရှုံး ဦးဇော်ဝင်း ကိုယ်စား ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံး၊ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်နိုင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်အောက်အုတ်ညှပ်၊ အပေါ် ပျဉ်ထောင်၊ သွပ်မိုးအိမ်တွင် တရားနိုင် ဒေါ်မြနွယ်နေထိုင်ပါသည်။ ဒေါ်မြနွယ်နှင့်အတူ မနှင်းကေခိုင် နေထိုင်ကြောင်းတွေ့ရှိရပြီး ဒေါ်မြနွယ်၏အမျိုးတော်စပ်ကြောင်းပြောကြားပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ ဒုတိယဦးစီးမှူးဒေါ်ကေသွယ်နိုင်မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/2067, Toyota Townace KM 70,P/U(4x2)R.H.D (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းဟန် ၁၂/သကတ(နိုင်)၀၃၃၅၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒေါ်တင်လှ

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၈နေ (ဦးဘိုးညဏ်-ဒေါ်သန့်) တို့၏သမီး၊ ဒေါ်အုန်း၏ညီမ၊ (ဦးလှမြင့်)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဦးမြင့်၊ ဦးသော်ဇင်၊ ဒေါ်ခိုင်ဇင်၊ ဦးဝင်းပိုင်တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၆-၄-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လှတင်

(သက်ကြီးကန်တော့ခံ)
အသင်းဝင်အမှတ်-၄၃၁
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီလမ်း၊ အမှတ် ၄၀၂နေ ဒေါ်လှတင်သည် ၆-၄-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/4494 Toyota Townace cm55,P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေဇင်ဦး ၇/ဖမန(နိုင်)၀၈၇၇၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9672 Toyota Caldina ST210,S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေဇင်ဦး ၇/ဖမန(နိုင်)၀၈၇၇၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၆၂၊ မြေကွက်တည်နေရာအမှတ် (၆၂)၊ နတ်သျှင်နောင်လမ်း၊ ၁၆/ရွှေပေါက်ကံ ဦးငွေနိုင်(MYA-၀၁၁၂၆၃)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဦးငွေနိုင်သည် ၂၉-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရီရီမြင့် ၁၂/မရက(နိုင်)၀၃၇၇၇၈မှ အမွေဆက်ခံခွင့်ရှိကြောင်း မြောက်ဥက္ကလာပ မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၁/၁၆၀၂/၁၉သေစာရင်း ဂရန်မူရင်းတို့ တင်ပြ၍ ဒေါ်ရီရီမြင့်ထံမှ G.P No. ၁၄၈၂၁/၁၉(၁၅-၁-၁၉ဖြင့်ရရှိသူ ဦးမြင့်အောင် ၁၀/မဒန(နိုင်)၀၂၅၉၇၁မှ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် တစ်ထပ်သွပ်မိုး ပျဉ်ကာတစ်လုံး(၁၂)ခန်းရှိပြီး လျှောက်ထားသူကိုယ်တိုင်နေနှင့်အဆောင်ခန်းများ ငှားရမ်းထားခြင်းအတွက် ပြဿနာတစ်စုံတစ်ရာမရှိ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြလာပါသဖြင့် အဆိုပါ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်သိန်းသိန်း

အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နေ (ဦးစောအားသွင်-ဒေါ်ရင်) တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် နေ(ဦးရွှေခင်-ဒေါ်တုတ်)၏သမီးချွေးမ၊ (ဦးစောလှဖေ) (စက်မှုကြွေမြေ၊ အလုံ မီးခံကျောက်ပြားစက်ရုံ၊ အလုပ်ရုံးစုမှူး)၏ဇနီး၊ တွံတေးမြို့နေ ဦးသိန်းလှိုင်-(ဒေါ်တင်နု)၊ ဦးကျော်ဝင်း-ဒေါ်ယဉ်သိန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်လှဝင်း၊ (ဦးခင်မောင်မြင့်)-ဒေါ်စန်းစန်းတို့၏ညီမ၊ (ဦးစိုးနိုင်ဦး)-ဒေါ်ကြူကြူမြင့်၊ ဦးဇော်မင်း(လ/ထညွှန်မှူး၊ စ·စ·စ၊ ရှမ်းပြည်နယ်ရုံး)-ဒေါ်လဲ့လဲ့ဝင်း(ဦးစီးအရာရှိ၊ ကညန၊ ခရိုင်ရုံး-ပခုက္ကူ)၊ (ဦးကျော်စိုး)-ဒေါ်မိမိခိုင်(ဘဏ္ဍာရေးဌာန၊ ကလစ-၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးအောင်ဖြိုး(ဟိုတယ်မန်နေဂျာ၊ Tri Star Hotel)-ဒေါ်နွယ်နွယ်ခိုင်၊ ဦးဝင်းနိုင်စိုး-ဒေါ်ငြိမ်းငြိမ်းအေး(စားတော်ကဲ၊ NISSIN ကုမ္ပဏီလီမိတက်)၊ ဦးအောင်စိုးမင်း(IGE Energy Co.,Ltd)-ဒေါ်သီသီထွေး(ဘဏ္ဍာရေးဌာန၊ ကစလ-၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးမျိုးခိုင်-ဒေါ်အေးအေးသန်း၊ ဦးသိန်းဝင်း-ဒေါ်တီတီမာတို့၏မိခင်၊ မြေး၁၂ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်(၂)လမ်း၊ အမှတ် ၃၃၅နေ ဒေါ်သိန်းသိန်းသည် ၇-၄-၂၀၁၉ရက် (တနင်္ဂနွေ နေ့) နံနက် ၆နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက် ၅၃၁၆၊ အခန်း ၂၂၃ ကွယ်လွန်သွားပါသဖြင့်၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခုတင်-၁၀၀၀ ဆေးရုံကြီး၌ တရားနာပြီး ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ရက် (စနေနေ့)တွင်ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစံရွှေ(ခ)ဦးဖိုးတော်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၄၃ (ပထမထပ်-ဘီ)နေ (ဦးတင်အောင်-ဒေါ်ခင်ထွေး)တို့၏သား၊ ဦးခင်အောင်-(ဒေါ်ခင်ပြုံး)တို့၏သားသမက်၊ ဦးသန်းစိုး-ဒေါက်တာမြင့်မြင့်သိန်းတို့၏မောင်၊ ဒေါ်သဇ္ဇာမော်၏အစ်ကို၊ ဒေါ်သန်းသန်းဦး၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းကိုကိုဦး (Zim Shipping Co.,Ltd)-မဇာဇာမြင့်(Sinma Furnishing Co., Ltd)၊ ကိုဇေယျာဘုန်း(မြန်မာ့ရေနံဆောင်ဘဏ်) တို့၏ဖခင်၊ မောင်သော်စွမ်းသစ်၏ဘိုးဘိုးကြီးသည် ၇-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးသိန်းလွင်

အသက်(၆၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ သက်သာဈေးဆိုင်တန်း၊ ကွင်းလှနေ ဒေါ်အေးမြင့်ကြည်၏ခင်ပွန်း၊ ရဲအုပ်ကိုကိုကျော်-ဒေါ်တင်ဝါဝါထိုက်၊ ဦးကျော်သီဟ-ဒေါ်ယဉ်ယဉ်မိုး၊ ဦးအေးမင်းစိုး-ဒေါ်ဆုမြတ်မွန်၊ ဒေါ်ပန်းဝတ်ရည်၊ ဦးဟိန်းထက်အောင်-ဒေါ်ချယ်ရီကိုကိုတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၆-၄-၂၀၁၉ရက် (စနေ့နေ့) ည ၁၁း၅၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော်၊ ခုတင်-၁၀၀၀ မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀း၃၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ အမှတ် ၁၃၈၉၊ အခန်း(၀၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/မာန်ပြေ၊ မြေကွက်အမှတ် ၂၂၂၊ မြေဧရိယာ ၂၄၀၀စတုရန်း ပေ=အတိုင်းအတာ ပေ(၄၀×၆၀)၊ မြေကွက်တည်နေရာ အမှတ် ၂၂၂၊ သုမနလမ်း၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှလှ ၁၂/သကတ(နိုင်)၀၁၄၈၂၆၊ ဒေါ်ခင်စီ ၁၂/သကတ(နိုင်)၀၁၄၈၁၂အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်လှလှ(မိခင်)သည်၂၆-၄-၂၀၁၆ရက်တွင်လည်းကောင်း၊ ဦးမြမောင် ၁၂/သကတ(နိုင်) ၀၁၅၀၀၄(ဖခင်)သည် ၂၇-၈-၂၀၀၀ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဦးခင်မောင်ဦး ၁၂/သကတ(နိုင်)၀၂၁၅၀၉၊ ဒေါ်သန်းသန်းအေး ၁၂/သကတ(နိုင်)၀၁၃၅၁၄၊ ဒေါ်မြင့်မြင့်သန်း ၁၂/သကတ(နိုင်)၀၁၁၄၉၄၊ ဦးမြသန်း ၁၂/သကတ(နိုင်)၂၂၂၀၉၀၊ ဒေါ်ခင်မြအေး ၁၂/သကတ(နိုင်)၁၄၆၁၇၆တို့မှ သားသမီးများတော်စပ်ကြောင်း၊ ကွယ်လွန်သူမိဘများတွင် ၄င်းတို့မောင်နှမ ငါးဦးသာ မွေးဖွားကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၄င်းတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ မိဘများတွင် ၄င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူ အမွေစားအမွေခံကိတ္တိမသားသမီးများသော်လည်းကောင်း၊ တစ်အူထုံ့ဆင်းညီအစ်ကိုမောင်နှမများသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၁-၂-၂၀၁၉ရက်စွဲပါကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်လှလှ၊ ဒေါ်ခင်စီ အမည်ပေါက် နှစ် ၆၀ ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်စီ ၁၂/သကတ(နိုင်)၀၁၄၈၁၂နှင့် ပူးတွဲလျက် ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်ပျဉ်ထောင်/အုတ်ညှပ်အဆောက်အအုံတစ်လုံးနှင့် နှစ်ထပ်ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူများ နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ခင်အုံးမြင့် (ဖြူး)

ရန်ကုန်မြို့
အသက်(၈၂)နှစ်

ဖြူးမြို့နေ(ဦးအုံးမောင်-ဒေါ်ရီ)တို့၏သမီး၊ ကြို့ပင်ကောက်မြို့နေ (ဦးထွန်းဝေ-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂) သုဝဏ္ဏမြို့ဦးစေတီအနီးနေ ဒုတိယဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း) (အထူးအရာရှိ၊ နယကရုံး)၏ဇနီး၊ ဗိုလ်မှူးအုန်းဖေ(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်ဝင်းရွှေ၊ (ဒေါ်စန်းစန်းရီ)တို့၏အစ်မ၊ ဗိုလ်မှူးချုပ် ဦးကျော်(ငြိမ်း)၊ ဒေါ်ခင်စန်းကြည်၊ ဗိုလ်မှူးလေးဦး-ဒေါ်ခင်လေးနွယ်တို့၏မိခင်၊ မောင်အောင်ကိုကိုဦး-မမြတ်ရည်လွင်စိုး၊ မောင်ကျော်စွာဟိန်း-မနှင်းဝေတင့်တို့၏ဘွားဘွား၊ မောင်ဟိဏ်းထက်ဦး၊ မောင်အောင်ကောင်းမြတ်၊ မောင်စွမ်းထက်ရဲဝင့်၊ မအိမ့်သက်မှူးခင်တို့၏ဘွားဘွားကြီးသည် ၆-၄-၂၀၁၉ရက် (စနေနေ့) ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) နံနက်၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွ ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးမောင်မောင် (သ/မဌာန-ငြိမ်း)

မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)
မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း
အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၃)၊ အခန်း ၅၀၄၊ အောင်မြေသာစည်အိမ်ရာ(အနောက်)နေ ဒေါ်လှသာ ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ထွန်းခိုင်-ဒေါ်စံမြ)တို့၏သား၊ ဦးဦးမြကျော်(ကျောင်းအုပ်ကြီး၊ ထ-၆၊ အင်းစိန်)-ဒေါ်မခင်သိန်း၊ ဒေါ်အေးမြခိုင်(လယ်ပြ၊ လ-၁၊ လှိုင်)-ဦးလှဖြူသာ (လယ်ပြ၊ ထ-၈၊ လှိုင်သာယာ)၊ ဦးရွှေမြသိန်း(စိုက်ပျိုး ရေးဌာန၊ မြောက်ဦး)-ဒေါ်ခင်မိုးရီ၊ ဦးရွှေမြအောင်(ဂျာမန်ဧည့်လမ်းညွှန်)၊ (ဒုအရာခံဗိုလ်မြဝင်း)၊ ဒေါ်မြမြသန်း(လယ်ပြ၊ မူလွန်-၁၃၊ ကြည့်မြင်တိုင်)-ဦးစံမြင့်(ဆသရ-၃၊ ကြည့်မြင်တိုင်)၊ ဦးမောင်မြအေး(ဂျာမန်ဧည့်လမ်းညွှန်)-ဒေါ်ခင်မျိုးဆွေ(ကထိက၊ သချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်မြတ်ထွန်း(ရွှေပန်းထိမ်)-ဒေါ်သီတာဦး၊ မမြမြသိန်း(ဂျာမန်ဧည့်လမ်းညွှန်)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးရှင်၊ အဖိုးရှင်သည် ၇-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးတင်အုန်း (BE.Civil)Beth-75

C.E.CC(အငြိမ်းစား)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၇)၊ ဆန်စက်လမ်း၊ ရွာမအနောက်မြို့ပြသမအိမ်ရာဝင်းနေ (ဦးထွေး-ဒေါ်တင်မြ)တို့၏သား၊ ဒေါ်သန်းသန်းဝင်း (C.E.CC-ငြိမ်း)၏ခင်ပွန်း၊ ဦးသက်ဦး-ဒေါ်ညွန့်ညွန့်ဝေ၊ မတေဇာထိုက်၊ မောင်အောင်ကိုကို-မသင်ဇာမောင်(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၄-၂၀၁၉ရက် (စနေနေ့) ည၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ငွေ (ခ) လီစိန်ထိုင်

အသက် (၇၇)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ခြံအမှတ်(၁၄/က)နေ (ဦးကျော်သန်း-ဒေါ်စောခင်)တို့၏သားကြီး၊ သုံးခွမြို့နေ [ဦးဟိုးကြီး(ခ) ဦးမောင်ခိုင်-ဒေါ်ညွန့်တင်]တို့၏သားသမက်၊ ဦးစိန်ကြည်-ဒေါ်ခင်သန်းရီ၊ ဒေါ်ခင်သန်းလွင်-ဦးမောင်ကောင်း၊ ဒေါ်ခင်သန်းငွေ-ဦးဇင်ဝင်း၊ ဒေါ်ခင်သန်းအေး-ဦးစိုးလွင်၊ ဒေါ်ခင်သန်းဝင်း-(ဒေါက်တာဇော်အောင်လွင်)၊ ဦးစိန်ပိုး-ဒေါ်စန်းစန်းငွေ၊ ဒေါ်ခင်သန်းထွေး-ဦးသိန်းဆန်း၊ ဒေါက်တာစိန်ချိန်-ဒေါက်တာခင်ဥမ္မာ၊ ဒေါ်ခင်သန်းဆွေ-ဒေါက်တာငြိမ်းဝင်း၊ ဦးစိန်ဝင်း-ဒေါ်ခင်သီတာထွန်း တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၈ယောက်တို့၏ ဘကြီး၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၉း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်လွင်ဦး

အလုပ်အမှုဆောင်(တွဲဖက်အတွင်းရေးမှူး)
မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်
သတင်းအချက်အလက်ဆက်သွယ်ရေး
နည်းပညာဆရာဖြစ်သင်တန်းအပတ်စဉ်(၁)
အသက်(၃၉)နှစ်

ဦးအေးလွင်-ဒေါ်စိုးစိုးမြင့်တို့၏သား၊ ဒေါ်မြင့်သူဇာ၏ချစ်လှစွာသောခင်ပွန်း၊ မညိမ်းဆုမြတ်အောင်၊ မောင်ညိမ်းထက်အောင်တို့၏ဖခင် ဦးအောင်လွင်ဦးသည် ၆-၄-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၄၀နာရီတွင် ကြည့်မြင်တိုင်၊ မျက်မမြင်ကျောင်းဝင်းရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။ **သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာသင်ကြားလေ့ကျင့်ရေးစင်တာမိသားစု**

MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) တွင် နိုင်ပွဲရသည့် ရှမ်းယူနိုက်တက် ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးရောက်လာ

ရန်ကုန် ဧပြီ ၇

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရောဝတီ-ဟံသာဝတီပွဲရလဒ်ကို အခွင့်ကောင်းယူနိုင်ခဲ့ပြီး ဟံသာဝတီအသင်း၏ အရှုံးရလဒ်ကြောင့် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ မကွေးအသင်း၏ ရှုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ရသော်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာရကစားသမားများ မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေးအသင်းမှာလည်း ဝင်းမိုးကျော်၊ စိုးလွင်လွင်တို့ ဦးဆောင်ယှဉ်ပြိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက

စာမျက်နှာ ၁၂ ကော်လံ ၁ ✤

ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးကို ဂူစတာဗို ခေါင်းတိုက်သွင်းယူနေစဉ်။

ဓာတ်ပုံ-ဖိုးသော်ဇင်

နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို ဧပြီ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း မွန်ဘာသာဖြင့်ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို ဧပြီ ၁၇ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

ထုတ်ပြန်ချက်တွေထုတ်ပြီး ဆောင်ရွက်ရတာက ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့ သွားလာနိုင်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်

စာမျက်နှာ » ၁၀

• • • • • • • • •

မောင်တောမြို့နယ်အတွင်း၌ တရားမဝင် ဝင်ရောက်လာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးနှင့် ARSA အဖွဲ့ဝင် တစ်ဦးဖမ်းဆီးရမိ

စာမျက်နှာ » ၁၃

• • • • • • • • •

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆန္ဒဖော်ထုတ်သည့် လူငယ်များကို သမ္မတဟောင်းအိုဘားမား ကြိုဆိုဂုဏ်ပြု

စာမျက်နှာ » ၁၄

ဖေဖော်ဝါရီနှင့် မတ်လအတွက် အကောင်းဆုံးဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၇

ဖေဖော်ဝါရီနှင့် မတ်လအတွင်း ကစားခဲ့သည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် အကောင်းဆုံးဆုများကို ဟံသာဝတီအသင်းနည်းပြချုပ် ဦးငွေထွန်းနှင့် ရတနာပုံအသင်း ကွင်းလယ်ကစားသမား လှိုင်းဘိုဘိုတို့က ရရှိခဲ့သည်။

အကောင်းဆုံးနည်းပြဆု

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ဖေဖော်ဝါရီလက ကစားခဲ့သည့် တစ်ပွဲ၊ မတ်လက ကစားခဲ့သည့်နှစ်ပွဲမှ စွမ်းဆောင်ရည်များအပေါ် တွက်ချက်ကာ ဆုများရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယင်းသုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျပြီး ပွဲစဉ် (၆) အပြီး ဇယားထိပ်ဆုံးသို့ ရောက်ခဲ့သောကြောင့် နည်းပြချုပ် ဦးငွေထွန်းမှာ အကောင်းဆုံးနည်းပြဆုရခဲ့ခြင်း ဖြစ်သည်။

အကောင်းဆုံးကစားသမားဆု

ယင်းဆုကို ဧပြီ ၇ ရက်က ပုသိမ်မြို့၌ကျင်းပသည့် ရောဝတီနှင့် ဟံသာဝတီပွဲ မတိုင်မီ ချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ်တစ်သိန်း ချီးမြှင့်ခဲ့သည်။ အကောင်းဆုံးကစားသမားဆုကို ရတနာပုံ ကွင်းလယ်လူ လှိုင်းဘိုဘိုက ရရှိခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် တစ်သိန်းခွဲ ရရှိခဲ့ကာ ဧပြီ ၆ ရက်ကကျင်းပသည့် ဇွဲကပင်နှင့် ရတနာပုံပွဲမတိုင်မီ ချီးမြှင့်ခဲ့သည်။ လှိုင်းဘိုဘိုသည် ယင်းသုံးပွဲတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ကစားသမားများတွင် အမှတ်အများဆုံးရသောကြောင့် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီက ထုတ်ပြန်ခဲ့သည်။

ယခုရာသီတွင် လအလိုက်အကောင်းဆုံးဆု နှစ်ကြိမ်သာ ချီးမြှင့်ရသေးပြီး ဇန်နဝါရီအတွက် အကောင်းဆုံးဆုများကို ရတနာပုံအသင်းမှ ဦးအောင်ကျော်မိုးနှင့် တိုက်စစ်မှူး ဝင်းနိုင်ထွန်းတို့က ရရှိခဲ့သည်။

ရဲရင့်ရှိုင်း

အကောင်းဆုံးကစားသမားဆုရ လှိုင်းဘိုဘို။ ဓာတ်ပုံ-ဖိုးသော်ဇင်

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားလွှတ်တော်၏ တတိယ (၁)နှစ်တာ

သတင်းဆောင်းပါး - ဟန်နီဝင်း၊ ဓာတ်ပုံ - ထိန်နန်နော်

အာဏာသုံးရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများပြဋ္ဌာန်းရေး၊ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ မထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရေးဟူသည့် မူဝါဒဖြင့် လျှောက်လှမ်းခဲ့သည့် အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ယခုတတိယ (၁)နှစ်တာကာလကို ကျော်လွှန်ခဲ့ပေပြီ။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် စတင်ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်မှ မတ်လ ၁၅ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်သည့်အတွက် ယခုအမျိုးသားလွှတ်တော်၏ သက်တမ်းသည် ၃ နှစ်ပြည့်မြောက်ပြီဟု ဆိုနိုင်ပါသည်။

သုံးနှစ်တာကာလ ဖြတ်ကျော်လာချိန်တွင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အဆိုများ၊ မေးခွန်းများအဖြစ် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ထိန်းညှိဆောင်ရွက်ရင်း ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို အမျိုးသားလွှတ်တော် အနေဖြင့် ဆောင်ရွက်ခဲ့သည်။

ဖွဲ့စည်းဆောင်ရွက်

ထို့ပြင် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာများကို လေ့လာနိုင်ရန် ကော်မတီနှင့် ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

"အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီ (၄)ခု၊ ရေးရာကော်မတီ (၁၃) ခုတို့နဲ့ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေဖြစ်စေချင်တဲ့ဆန္ဒ၊ လိုလားချက်တွေနဲ့ မျှော်လင့်ချက်တွေကို တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီတွေက လိုအပ်ရင် လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်းတွေထံ ပေးပို့ကာ ပြည်သူတွေနဲ့အတူရှိပြီး ပြည်သူ့အကျိုးအတွက် ကြိုးစားဆောင်ရွက်ပေးလျက် ရှိပါတယ်။

"လွှတ်တော်တွေအနေနဲ့ ပြည်သူလူထုအကျိုးအတွက် ဥပဒေပြုကဏ္ဍကနေ ဥပဒေတွေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်း ပြဋ္ဌာန်းပေးခြင်းတွေ ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူတွေကို ဥပဒေရဲ့အကာအကွယ်နဲ့ အေးချမ်းလုံခြုံစွာ နေနိုင်ဖို့၊ ဥပဒေရဲ့အကာအကွယ်ကို တန်းတူရရှိစေနိုင်ဖို့နဲ့ ဥပဒေတွေကို ကျယ်ပြန့်စွာသိရှိလိုက်နာဆောင်ရွက်နိုင်စေဖို့ ကြိုးစားဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းနဲ့ ပြည်သူ့အကျိုးကို ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

လွှတ်တော်အစည်းအဝေးများအတွင်း နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အမျိုးသားလွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဆောင်ရွက်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ ဖော်ဆောင်ရန်၊ အမျိုးသားလွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဟူ၍ အမျိုးသားလွှတ်တော်မှ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

"ပြည်သူကိုယ်စားပြု လွှတ်တော်တွေဟာ ပြည်သူ့အုပ်ချုပ်ရေးဖြစ်တဲ့ ဒီမိုကရေစီကို ဖော်ဆောင်လျှောက်လှမ်းရာ ပြည်သူပြည်သားတွေရဲ့ ဆန္ဒတွေ၊ လိုအပ်ချက်တွေကို အစဉ်နားစွင့်ပြီး သိနိုင်အောင် အမြဲကြိုးစားဆောင်ရွက်ကာ (၃)နှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တွေက ဒေသအကျိုး၊ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက် အဆို ၁၉ ခု တင်သွင်းခဲ့ရာ အဆို ၁၁ ခု အတည်ပြုနိုင်ခဲ့ပြီး အဆို ၄ ခု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

"ကြယ်ပွင့်ပြမေးခွန်း ၁၀၉၄ ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း ၁၂၃၈ ခုကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေက လွှတ်တော်မှာ နှုတ်နဲ့ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ပေးခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ဥပဒေပြုရေးမဏ္ဍိုင်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျရာအခန်းကဏ္ဍကနေ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပြည်သူလူထုက ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအင်အားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်" ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၀၉၄ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၂၃၈ ခု စုစုပေါင်း ၂၃၃၂ ခု မေးမြန်းခဲ့သည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးက အဆို ၁၉ ခု တင်သွင်းခဲ့ရာ အဆို ၁၁ ခု အတည်ပြုနိုင်ခဲ့ပြီး အဆို ၄ ခုကို

အချပ်ပို(ခ)သို့

သုံးနှစ်တာ ဖြတ်ကျော်ခဲ့သည့် ကာလအတွင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နိုင်ငံတော် အကြီးအကဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ၁၃၅ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်တွင်းမှ တိုင်းရင်းသားအဖွဲ့အစည်းများ လူမှုအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ၂-၁၀-၂၀၁၆ ရက်က ကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံပိတ်ပွဲ အခမ်းအနားတက်ရောက်စဉ်။

အချပ်ပို(က)မှ

မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆို ၁ ခုမှာ ဆောင်ရွက်ဆဲဖြစ်ပြီး အဆို ၃ ခုမှာ အတည်မပြုသေးကြောင်း အမျိုးသားလွှတ်တော်မှ သိရှိရသည်။

ကြယ်ပွင့်ပြမေးခွန်းများအနက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် မေးမြန်းသည့် နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်းထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာဆက်လက်ရောင်းချနေခြင်း၊ FDA က ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာသက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ဖြေကြားချက်တို့သည် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းရေး

၁၆-၂-၂၀၁၈ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ **Mr. Pier Antonio Panzeri** နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



၂၈-၁၁-၂၀၁၇ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ **H.E. Mr. Chung Syekyun** တို့ တွေ့ဆုံစဉ်။

မေးခွန်းဖြစ်သဖြင့် နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင် သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် မေးမြန်းသည့် မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ ဖြေကြားချက်ကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင် သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခဲ့သည်။

သုံးနှစ်တာ ဖြတ်ကျော်ခဲ့သည့် ကာလအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ နိုင်ငံတော်အကြီးအကဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ၁၃၅ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်တွင်းမှ တိုင်းရင်းသားအဖွဲ့အစည်းများ လူမှုအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် အချိန်ကာလများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့သွားရောက်၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှု ၂၈ ကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုလုပ်ငန်းများနှင့် မဏ္ဍိုင်ကြီး ၃ ရပ် အကြား အပြန်အလှန်ထိန်းကျောင်းသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းကော်မတီ ၄ ခုနှင့် ရေးရာကော်မတီ ၁၃ ခုတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ပြည်သူတို့၏ လိုလားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဥပဒေကြမ်းကော်မတီ

ကော်မတီသည် ၃ နှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၄၇ ခုတွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်း ၉ ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း ၃ ခု ၊ ဆိုင်းငံ့ထားသည့် ဥပဒေကြမ်း ၂ ခုနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ ၃၃ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေး ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်သို့

အချပ်ပို(ဂ)သို့

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

အချပ်ပို(ခ)မှ

ပေးပို့လာသော ဥပဒေကြမ်း ၄၁ ခုတွင် အမျိုးသားလွှတ်တော်၌ ဆောင်ရွက်ဆဲဥပဒေကြမ်း ၂ ခု၊ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်း ၃ ခုနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ ၃၆ ခုတို့ကို ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ဆောင်ရွက်ခဲ့သော ဥပဒေကြမ်းများအနက် ထုတ်ပြန်ပြီးသည့် ဥပဒေ ၆၉ ခုနှင့် ပြည်ထောင်စုလွှတ်တော် တာဝန်ယူဆောင်ရွက်ခဲ့သောဥပဒေ ၂၀ စုစုပေါင်း ၈၉ ခုကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်အထိ ဥပဒေကြမ်းကော်မတီအစည်းအဝေး ၂၄၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

ပြည်သူ့ငွေစာရင်းကော်မတီ

ကော်မတီသည် ကော်မတီအစည်းအဝေး ၃၈ ကြိမ်၊ ပူးပေါင်းကော်မတီအစည်းအဝေး ၁၂၂ ကြိမ်၊ အခမ်းအနားများတက်ရောက်ခြင်း ၁၅၈ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့်တွေ့ဆုံခြင်း ၁၂ ကြိမ်နှင့် အပြန်အလှန်ဆွေးနွေးခြင်း ၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

လွှတ်တော်အခွင့်အရေးကော်မတီ

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၃၁ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း ၇ ကြိမ်၊ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခြင်း ၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

ကော်မတီသည် ကော်မတီအစည်းအဝေး အကြိမ် ၄၀၊ ဝန်ကြီးဌာန၊ ပြည်နယ် / တိုင်းဒေသကြီးနှင့် အစည်းအဝေး ၂၆ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် အစည်းအဝေး ၃ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့် အစည်းအဝေး ၂၃ ကြိမ်၊ ပုံမှန်အစီရင်ခံစာ ၉ စောင်၊ ကြားဖြတ်အစီရင်ခံစာ ၁ စောင်နှင့် အပြန်အလှန်ဆွေးနွေးခြင်း ၃ ကြိမ် ပြုလုပ်ခဲ့သည်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၇ ကြိမ်၊ ဝန်ကြီးဌာနနှင့်တွေ့ဆုံမှု ၁၂ ကြိမ်၊ INGOs အဖွဲ့များတွေ့ဆုံမှု ၉ ကြိမ်၊ ပြည်ပတွေ့ဆုံမှု WFD နှင့် ၁ ကြိမ်၊ NDI နှင့် ၂ ကြိမ်၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၃ ကြိမ် စုစုပေါင်း ၅၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

၂၆-၆-၂၀၁၈ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Wang Qishan တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅၄ ကြိမ်၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၆ ကြိမ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၁၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၆ ကြိမ်၊ အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲများသို့ တက်ရောက်မှု ၅၈ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများနှင့် အစည်းအဝေးများတက်ရောက်မှု ၁၈၂ ကြိမ်၊ ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးတက်ရောက်မှု ၁၄ ကြိမ်နှင့် ကွင်းဆင်းဆောင်ရွက်ချက် ၂ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ကော်မတီသည် (၃)နှစ်တာ ကာလအတွင်း

လွှတ်တော်တွေအနေနဲ့ ပြည်သူလူထုအကျိုးအတွက် ဥပဒေပြုကဏ္ဍကနေ ဥပဒေတွေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်းပြဋ္ဌာန်းပေးခြင်းတွေ ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူတွေကို ဥပဒေရဲ့အကာအကွယ်နဲ့ အေးချမ်းလုံခြုံစွာနေနိုင်ဖို့၊ ဥပဒေရဲ့အကာအကွယ်ကို တန်းတူရရှိစေနိုင်ဖို့နဲ့ ဥပဒေတွေကို ကျယ်ပြန့်စွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေဖို့ ကြိုးစားဆောင်ရွက်သွားကြရမှာပဲဖြစ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၃၃ ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်း ၇ ကြိမ် ကျင်းပခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ၄၂ ကြိမ် လက်ခံတွေ့ဆုံခဲ့သည်။

တိုင်းရင်းသားရေးရာကော်မတီ

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃၄ ကြိမ်၊ ပူးပေါင်းစိစစ်ရေးအဖွဲ့ ၅ မှ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၁၃ ကြိမ်၊ ဝန်ကြီးဌာနနှင့်အစည်းအဝေး ၃ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့်တွေ့ဆုံမှု ၃ ကြိမ် အပြန်အလှန်ဆွေးနွေးခြင်း Debate ၁ ကြိမ်၊ ကွင်းဆင်း ၃ ကြိမ်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် တွေ့ဆုံမှု ၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

တောင်သူလယ်သမားရေးရာကော်မတီ

ကော်မတီသည် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅၉ ကြိမ်၊ အပြန်အလှန် ဆွေးနွေးခြင်း (Debate) ၁၃ ကြိမ်၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၇ ကြိမ်၊ Courtesy Call ၅ ကြိမ်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၇ ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း ၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ

ကော်မတီသည် တိုင်ကြားသူများနှင့်တွေ့ဆုံမှု ၁ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု

အချပ်ပို(ဃ)သို့

အမျိုးသားလွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။

အချပ်ပို(ဂ)မှ

၂၄ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု အကြိမ် ၂၀ ၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၁၅ ကြိမ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄၄ ကြိမ်၊ အပြန် အလှန်ဆွေးနွေးခြင်း (Debate) ၄ ကြိမ်၊ စာတမ်းတို ၁ ကြိမ်၊ ဥပဒေပြုပြီးနောက် စိစစ်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း ၄ ကြိမ်၊ ကွင်းဆင်း ဆောင်ရွက်ခြင်း ၁ ကြိမ်နှင့် ဥပဒေဆွေးနွေးခြင်း ၁ ကြိမ် စုစုပေါင်း ၁၁၅ ကြိမ် ဆောင်ရွက်နိုင် ခဲ့သည်။

ပညာရေး မြှင့်တင်မှုကော်မတီ

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး အကြိမ် ၆၀၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၄ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၄ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၇ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ၂ ကြိမ်၊ ပြည်တွင်းခရီးစဉ် ၁ ကြိမ်၊ ကြားနာမှု ၁ ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း ၃ ကြိမ် ဆောင်ရွက် ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ

ကော်မတီသည် ပြည်သူများထံမှ ပေးပို့လာသော တိုင်ကြားစာ ၃၀၆ စောင်အနက် ကော်မတီသို့တိုင်ကြားစာများကိုစိစစ်၍ တိုင်ကြားစာ အစောင် ၈၀၊ ညှိနှိုင်းအစည်းအဝေး ၈၃ ကြိမ်၊ ILO အပါအဝင် ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု အကြိမ် ၃၀၊ ပြည်ထောင်စုဝန်ကြီးဌာန များနှင့် အစည်းအဝေး ၂၁ ကြိမ်၊ ပြည်တွင်းအဖွဲ့ အစည်းများနှင့်တွေ့ဆုံမှု ၂၂ ကြိမ်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အလုပ်သမား ရေးရာ အငြင်းပွားမှုကိစ္စရပ်များကို တာဝန်ယူထားသော ဝန်ကြီးများနှင့် လက်ရှိဖြစ်ပေါ်နေသော အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာများနှင့် စပ်လျဉ်း၍ သိရှိနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်း ၁ ကြိမ်၊ Ever Green Group မှ အာဆီယံဒေသတွင်း ရေလုပ်ငန်းဆိုင်ရာ တရားမျှတမှုကွန်ရက်နှင့်ပူးပေါင်း၍ မြန်မာ့ရေလုပ်သား များ ကျွန်ပြုခိုင်းစေခံရခြင်းနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း ၁ ကြိမ်၊ အစီရင်ခံစာ တင်သွင်းခြင်း ၃ ကြိမ်နှင့် ကွင်းဆင်းလေ့လာ စိစစ်ခြင်း ၄ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၈၈ ကြိမ်၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၁ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ၄ ကြိမ်၊ အစီရင်ခံစာ တင်သွင်းခြင်း ၃ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၁၀ ကြိမ်၊ ပြည်တွင်းပညာရှင်များနှင့်တွေ့ဆုံမှု ၈ ကြိမ်၊ ပြည်ပတွေ့ဆုံမှု ၉ ကြိမ် ဆောင်ရွက် နိုင်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ

ကော်မတီသည် ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၄ ကြိမ်၊ ပြည်တွင်းအဖွဲ့ အစည်းများနှင့် တွေ့ဆုံမှု ၃၉ ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၇၄ ကြိမ်၊ ဝန်ကြီးဌာန/လုပ်ငန်းရှင် များနှင့်တွေ့ဆုံမှု ၆ ကြိမ်၊ ကော်မတီသို့ ရောက်ရှိ လာသော တင်ပြစာများနှင့်စပ်လျဉ်း၍ ကွင်းဆင်း ဆောင်ရွက်မှု ၁၁ ကြိမ်၊ ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာ ၃ ကြိမ်၊ ပြည်ပခရီးစဉ် သွားရောက်ခဲ့မှု ၂ ကြိမ်၊ ဥပဒေ/နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက် ၂ ကြိမ် စုစုပေါင်း ၁၄၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ

ကော်မတီသည် တိုင်ကြားစာပေါင်း ၉၈၄၁ စောင် ရရှိခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်း အမှုတွဲ ၅၃ တွဲအား ၂၂ ကြိမ်၊ ကြားနာမှု ၄ ကြိမ်၊ အာဏာပိုင်အဖွဲ့အစည်းများသို့ ၂၀၃ စောင်၊ ဝန်ကြီးဌာနများသို့ ၃၉၉ စောင်၊ ပြည်နယ်/ တိုင်းဒေသကြီးများသို့ ၈၄၆ စောင်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည် စိစစ်ရေးဗဟိုကော်မတီသို့ ၁၀၁၂ စောင်၊ အစီရင် ခံစာတင်သွင်းခြင်း ၃ ကြိမ်၊ ညှိနှိုင်းအစည်းအဝေး ၈၁ ကြိမ်၊ ကာယကံရှင်များထံသို့ ၅၁၇ စောင်ပေးပို့ ဆောင်ရွက်နိုင်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၃၃ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၄ ကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၀ ကြိမ်၊ ဝန်ကြီးဌာနများနှင့် အစည်း အဝေး ၁၃ ကြိမ်၊ အပြန်အလှန် ဆွေးနွေးခြင်း ၈ ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း ၃ ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း ၁၀ ကြိမ် ပြုလုပ် နိုင်ခဲ့သည်။

ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၁၈ ကြိမ်၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၈ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၁ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ၁ ကြိမ်၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ နှင့် အခမ်းအနားများတက်ရောက်ခြင်း အကြိမ် ၆၀ ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်၏ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ ဖေဖော်ဝါရီလ ၁၁ ရက်အထိ လွှတ်တော် ကိုယ်စားလှယ်များ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်သည့် သုတေသနစာတမ်းတို ၂၉ စောင်ကို သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေး ဌာနကြီးမှ ထုတ်ဝေနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စား လှယ်များ သိရှိလိုသည့် သတင်းအချက်အလက်များ နှင့်ပတ်သက်၍ သုတေသနဆိုင်ရာ အချက်အလက် များ မေးမြန်းခြင်း ၁၃၁၈ ခုအတွက် ရှာဖွေစုစည်း ပေးနိုင်ခဲ့သည်။

ထို့ပြင် သုံးနှစ်တာ ကာလအတွင်း အမျိုးသား လွှတ်တော်သို့ ပြည်တွင်းဧည့်သည် ၁၈၇၆၈ ဦးနှင့် ပြည်ပဧည့်သည် ၁၈၂၆ ဦး တို့ လာရောက်လေ့လာ ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် အမျိုးသားလွှတ်တော် Website ကို စတင် ထုတ်လွှင့်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ထပ်မံထပ်ဆင့်မြှင့်တင် ထုတ်လွှင့် နိုင်ခဲ့သည်။

ထပ်မံထည့်သွင်း

အမျိုးသားလွှတ်တော် Website တွင် အများပြည်သူသိရှိနိုင်ရေးအတွက် အစည်းအဝေး ကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ ကော်မတီ/ ကော်မရှင် များကဏ္ဍ၊ ကိုယ်စားလှယ်များကဏ္ဍ၊ စာကြည့် တိုက်ကဏ္ဍ၊ လွှတ်တော်လေ့လာရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍတို့အပြင် ဒုတိယ အကြိမ် လွှတ်တော်သက်တမ်းမှစ၍ အစည်းအဝေး ကျင်းပသည့် နေ့စဉ်မှတ်တမ်းအကျဉ်းချုပ်၊ လွှတ်တော်ကိုယ်စားလှယ် ထိုင်ခုံနေရာချထားမှုနှင့် ကိုယ်စားလှယ်များ မဲဆန္ဒနယ်မြေများ၊ သတင်း မှတ်စုနှင့် မိတ်ဖက်အဖွဲ့အစည်းများကဏ္ဍ တို့ကို ထပ်မံထည့်သွင်းဖော်ပြနိုင်ခဲ့ကြောင်း သိရ သည်။

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက် သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့် အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော် သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေအများဆုံး ၂၂၄ ဦး ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လက်ရှိတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦးက ပြည်သူ့ဆန္ဒများကို ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိသည်။

ထိုကဲ့သို့ ဖွဲ့စည်းခဲ့သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သည် **ပြည်သူ့အသံ - လွှတ်တော်အသံ** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ် များက ပြည်သူ့လိုအပ်ချက်များအတွက် ဆွေးနွေး မေးမြန်းရာ၊ ဥပဒေပြဋ္ဌာန်းပေးရာ အမျိုးသား လွှတ်တော်သည် ကျရာအခန်းကဏ္ဍမှ ပြည်သူ့ ဆန္ဒများကို ဆက်လက်၍ ကြိုးစားဆောင်ရွက်ပေး နေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါ သည်။ ။

၂၆-၁၀-၂၀၁၈ ရက်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီခရိုင် ရွှေကုက္ကိုလ်မြိုင်ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးစဉ်။